# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်　၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်၊ စနေနေ့၊　အတွဲ [၅၅]၊ အမှတ် [၁၂၉]


**ကျေးဇူးရှင်**

✻ သစ်ပင်၏အရိပ်ကို ခိုဖူးလျှင် ထိုသစ်ပင်၏သစ်ကိုင်းကို မချိုးဖွဲ့ရ။

✻ သူတစ်ထူးထံမှ အိပ်ရာနေရာနှင့် ထမင်းအဖျော်ကို ရရှိနေထိုင်စားသောက်ဖူး၏။
ထိုသူ၏ ပျက်စီးရာပျက်စီးကြောင်း မကြံစည်အပ်ပေ။

✻ ကျေးဇူးရှင်အား ပြစ်မှားလျှင် ပူလောင်၍ ဆင်းရဲဒုက္ခ ရောက်တတ်၏။

(ဇာတကပါဠိ)

# မီးလောင်ကျွမ်းမှုဖြစ်စဉ်မှ သင်ခန်းစာဖော်ထုတ်ပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့မှ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့်ကယ်ဆယ်ရေးပစ္စည်းများပေးအပ်



**နေပြည်တော်　ဖေဖော်ဝါရီ　၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးဝင်းမြင့်၊ ဦးရဲထွန်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် လားရှိုးမြို့သို့ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့်အတူ လားရှိုးမြို့မှ တစ်ဆင့် ရဟတ်ယာဉ်များဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့သို့ရောက်ရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကျော်နှင့်

*စာမျက်နှာ ၈ ကော်လံ ၁* ✻



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မီးလောင်မှုဖြစ်ပွားခဲ့သည့် နမ့်ဆန်မြို့ မင်္ဂလာရပ်ကွက်နှင့် မြို့ဟောင်းရပ်ကွက်တို့၌ လူနေအိမ်နှင့် အဆောက်အအုံများ မီးလောင်ပျက်စီးဆုံးရှုံးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

▛ ရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများကို စနစ်တကျ လက်ခံထိန်းသိမ်းဖြန့်ဝေပေး

စာမေးပွဲ နီးကပ်နေသည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးစာအုပ် လိုအပ်ချက်များ ဖြည့်ဆည်း

ဆရာ ဆရာမများကလည်း အချိန်ပို သင်ကြားပို့ချ ▟




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# လူငယ်နှင့် ဗယ်လင်တိုင်းယဉ်ကျေးမှု

ဖေဖော်ဝါရီ ၁၄ ရက်နေ့သည် ချစ်သူများနေ့ (Valentine Day) ဟု ဆိုကြပါသည်။ ချစ်သူများနေ့ခေါ် ဗယ်လင်တိုင်းနေ့သည် အနောက်တိုင်းယဉ်ကျေးမှုတစ်ရပ်ဖြစ်သော်လည်း ယခုအခါ မြန်မာ့ယဉ်ကျေးမှုအတွင်း စိမ့်ဝင်ထိုးဖောက်ပျံ့နှံ့လာလျက်ရှိပါသည်။ အထူးသဖြင့် မြန်မာလူငယ်များအကြား ထိုဗယ်လင်တိုင်းနေ့ကို ပိုမိုအသိအမှတ်ပြုလက်ခံလာသည်ကိုလည်း တွေ့ရပါသည်။ ထိုနေ့အခါသမယတွင် ချစ်သူအချင်းချင်း ညစာစားပွဲများ၊ ပါတီပွဲများပြုလုပ်ခြင်း၊ ချစ်စရာကောင်းပြီး သိမ်မွေ့နူးညံ့သော အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးခြင်းဖြင့် ချစ်သူများနေ့သည် ပိုမိုအသက်ဝင်လာခဲ့သည်။

အမှန်စင်စစ် ဤချစ်သူများနေ့သည် အေဒီသုံးရာစုခေတ်က ရောမစစ်ဘုရင်ကလော်ဒီးယပ်စ်က ဘုန်းတော်ကြီးစိန့်ဗယ်လင်တိုင်းအား တပ်မတော်သို့ မဝင်လိုသော အမျိုးသားများနှင့် အမျိုးသမီးများအား တိတ်တဆိတ်လက်ထပ်ပေးမှုဖြင့် ကွပ်မျက်ခြင်းခံရသောနေ့တစ်နေ့ဖြစ်ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။ နောက်ပိုင်းစိန့်ဗယ်လင်တိုင်းအား ဂုဏ်ပြုသောနေ့မှစ၍ ချစ်သူများနေ့သည် တဖြည်းဖြည်းကျယ်ပြန့်လာခဲ့သည်။ ဤယဉ်ကျေးမှုသည် ရောမယဉ်ကျေးမှုမှ ဆင်းသက်လာသည်ကို အထင်အရှားတွေ့ရမည်ဖြစ်ပါသည်။ မြန်မာ့ယဉ်ကျေးမှုမဟုတ်သည့် ဗယ်လင်တိုင်းနေ့သည် ယခုအခါ မြန်မာလူငယ်များအကြား လူသိများလာခဲ့သည်။

သို့သော်လည်း ဗယ်လင်တိုင်းနေ့သည် မြန်မာလူငယ်များအနေဖြင့် သတိပြုဖွယ်၊ ဆင်ခြင်ဖွယ်ရာများ ရှိနေမည်က အမှန်ပင်ဖြစ်ပါသည်။ အထူးသဖြင့် မိန်းကလေးငယ်များနှင့် မိဘများအတွက် သတိပြုကြဖို့လိုပါသည်။ မြန်မာလူမျိုးများသည် ဟိရိနှင့် ဩတ္တပ္ပ အရှက်နှင့် အကြောက်တရားရှိကြသူများဖြစ်ပါသည်။ မလုပ်သင့် မလုပ်ထိုက်၊ မဖြစ်သင့်မဖြစ်ထိုက်သည်များ ပြုမူရမည်ကို ရှက်ကြောက်တတ်ကြသူများ ဖြစ်ပါသည်။ အရှက်နှင့်အကြောက်သည် မြန်မာလူမျိုးတို့၏ တန်ဖိုးပင်ဖြစ်ပါသည်။ အရှက်အကြောက်ကင်းမဲ့စွာ ပြုမူနေထိုင်မှုသည် မြန်မာလူမျိုးတို့အတွက် တန်ဖိုးကို ယုတ်လျော့စေပါသည်။

ယခုအခါ ရန်ကုန်မြို့ကြီးတွင် ဧည့်သည်များ လာရောက်မှုများပြားလာသည့်အလျောက် ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများ များပြားလျက်ရှိသည်။ လူငယ်စုံတွဲများမှာလည်း ဝင်ထွက်သွားလာမှုများ များပြားလာလျက်ရှိသည်။ များမကြာမီ ဗယ်လင်တိုင်းဆိုသော ချစ်သူများနေ့ ရောက်တော့မည်။ ဟိုတယ်၊ မိုတယ်ခန်းများတွင် ချစ်သူစုံတွဲများနှင့် ပြည့်နှက်နေမည်စိုးရသည်။ အဘယ်ကြောင့်ဟူမူ ဟိုတယ်၊ မိုတယ်အိပ်ခန်းများသည် ဆိတ်ကွယ်ရာနေရာများဖြစ်နေခြင်းကြောင့် ဖြစ်သည်။ ဆိတ်ကွယ်ရာနေရာများတွင် ဖောက်ပြန်ပျက်စီးမှု ဖြစ်ပွားနိုင်ခြေအများဆုံးနေရာဖြစ်သည်။

သို့သော် မိမိဆန္ဒကို မည်သူမျှတားဆီးနိုင်မည်မဟုတ်ပေ။ မိမိ၏ ဆင်ခြင်တုံတရားနှင့် အသိတရားရှိခြင်းကသာ တားဆီးနိုင်မည်ဖြစ်ပါသည်။ ''မိန်းမတို့အိန္ဒြေ ရွှေပေးလို့မရ'' ဟူသော စကားရှိသည်။ မိန်းကလေးများအနေဖြင့် ကာယိန္ဒြေထိန်းသိမ်းရမည့်အလုပ်သည် မိမိတို့ကိုယ်တိုင်သာ တတ်နိုင်စွမ်းရှိသည်။ မိမိတို့၏ တန်ဖိုးကို မိမိတို့ကိုယ်တိုင်ကသာ မြှင့်တင်ကာကွယ်နိုင်စွမ်းရှိကြသည်။ ယခုကဲ့သို့ အွန်လိုင်းမီဒီယာခေတ်တွင် မိန်းကလေးများနှင့် ယောကျ်ားလေးများသည် လူမှုကွန်ရက်တွင် ထိတွေ့နိုင်မှု များပြားလာသည်။ သို့ဖြစ်၍ မိန်းကလေးများအနေဖြင့် ဗယ်လင်တိုင်းကိုအကြောင်းပြု၍ မိမိတို့ဘဝတန်ဖိုးများ ယုတ်လျော့သွားခြင်းမရှိအောင် အထူးသတိပြုနေထိုင်သွားသင့်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ငါးလုပ်ငန်းဖွံ့ဖြိုးရေး၊ ရေဘေးကယ်ဆယ်ရေးပြန်လည်ထူထောင်မှုလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၅**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂ ရက်က ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ငါးလုပ်ငန်းစခန်းသို့ ရောက်ရှိပြီး မျိုးငါးများ ထိန်းသိမ်းထားရှိမှု၊ ရွှေဝါငါးကြင်းသားဖောက်နေမှု၊ စခန်း၏ ငါးသားပေါက်ထုတ်လုပ်မှုအခြေအနေများကို စစ်ဆေးပြီး ဒေသနှင့်ကိုက်ညီသော ငါးမျိုးစိတ်များ ဖြန့်ဖြူးပေးရေး၊ တိုင်းရင်းငါးများ သားဖောက်ဖြန့်ဖြူးပေးရေးတို့ကို မှာကြားသည်။

ယင်းနောက် ကျောင်းကုန်းမြို့နယ် ညောင်ခြေထောက်အင်းငါးဖမ်းဆီးနေမှုကို စစ်ဆေးကြည့်ရှုရာ၌ တိုင်းရင်းငါးမျိုးများ မျိုးချန်ဖမ်းဆီးရန် ကြေးတိုင်အင်း စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် အင်းသူကြီးနှင့် ရေလုပ်သားများအား မှာကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် ဂွမြို့နယ် ကံငူကျေးရွာတွင် Rakhine Community Association (RCA) မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒီရေတောထိန်းသိမ်းဆောင်ရွက်မှု၊ မိသားစုတစ်ပိုင်တစ်နိုင်ဝင်ငွေရ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရွာသူရွာသားများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက ကျိန္တလီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဒေသခံရေလုပ်သားများ၊ ပျိုးပင်အစီအစဉ်မှ အကောင်အထည်ဖော်လျက်ရှိသည့် ကျေးလက်အခြေပြုပေါင်းစည်း ငါးလုပ်ငန်းစီမံကိန်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ကျိန္တလီမြို့ ကျေးလက်အခြေပြုပေါင်းစည်းငါးလုပ်ငန်း စီမံကိန်းရေချိုငါးလုပ်ငန်းပညာပေးခန်းမ၌ စီမံကိန်းဆိုင်ရာ ဒေသခံ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး Information Center နှင့် ထိန်းသိမ်းထားသည့် ဒီရေတောများကို လှည့်လည်ကြည့်ရှုကြသည်။

ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းတွင် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောက်လုပ်ထားရှိသည့် ကြက်စားချောင်ကျေးရွာ တန်ဖိုးနည်းအိမ်ရာများ ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပေါက်တောရွာ ရေဘေးကယ်ဆယ်ရေး ပြန်လည်ထူထောင်မှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုကာ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံအားပေးစကားများ ပြောကြားသည်။

**(သတင်းစဉ်)**

# ရေနည်းကာလရောက်ပြီဖြစ်၍ ချင်းတွင်းတံတား(မုံရွာ) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

**မန္တလေး ဖေဖော်ဝါရီ ၅**

ရေနည်းကာလ ရောက်လာပြီဖြစ်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (အထက်မြန်မာပြည်)ရုံးခွဲမှ ဖေဖော်ဝါရီ ၁ ရက်မှစ၍ ချင်းတွင်းတံတား (မုံရွာ)အောက်မှ ဖြတ်သန်းမောင်းနှင်ကြသည့် ရေယာဉ်များ ဘေးကင်းစွာ ခုတ်မောင်းနိုင်ရန် ရေလမ်းကြောင်းပြောင်းလဲသတ်မှတ်လိုက်ကြောင်း ယင်းဌာန မန္တလေးရုံးမှ သိရသည်။



ချင်းတွင်းတံတား(မုံရွာ)ရေလမ်းတွင် ရေယာဉ်များဖြတ်သန်းသွားလာရန် အစုန်လမ်းကို ရေလယ်တိုင်အမှတ် ၃ နှင့် ၄ အကြား၊ အဆန်လမ်းကို ရေလယ်တိုင်အမှတ် ၂ နှင့် ၃ အကြား သတ်မှတ်ခဲ့ရာမှ ယခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ အစုန်လမ်းကို ရေလယ်တိုင်အမှတ် ၄ နှင့် ၅ အကြား၊ အဆန်လမ်းကို ရေလယ်တိုင်အမှတ် ၃ နှင့် ၄ အကြား ပြောင်းလဲဖွင့်လှစ်လိုက်ကြောင်း သိရသည်။

ပြောင်းလဲလိုက်သည့် ရေလမ်းကြောင်းကင်းလွတ်အကျယ်မှာ ပေ ၃၀၀ ရှိ၍ ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေပြင်အထက် ပေ ၄၀ ရှိကြောင်း၊ ရေယာဉ်များ ဖြတ်သန်းရန် ဝင်ပေါက်တွင် နေ့အချိန် အစိမ်းရောင် တြိဂံအမှတ်အသားဖြင့် ပြသထားပြီး ညအခါတွင် မီးစိမ်းထွန်းပေးထားကြောင်း၊ မဝင်ရ ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသားဖြင့်ပြသကာ ညအခါတွင် မီးအနီရောင်ဖြင့် ပြသထားကြောင်း သိရသည်။

ရေယာဉ်များသည် အစုန်ကို ဦးစားပေးကာ ဝင်ပေါက်ထွက်ပေါက်များသို့ ချဉ်းကပ်သွားလာရာတွင် လုံလောက်သည့် အကွာအဝေးမှ ချဉ်းကပ်၍ လမ်းကြောင်းမှန်အတိုင်း သွားလာခုတ်မောင်းကြရန်လိုကြောင်း၊ မြစ်ရေနည်းချိန်နှင့် မြစ်ရေမြင့်တက်ချိန်တွင် ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်ခြင်းများကို ဌာနမှ အချိန်နှင့်တစ်ပြေးညီ ကြိုတင်အသိပေးချက်များ ထုတ်ပြန်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ကျေးလက်ဒေသ ထောက်ပံ့ကူညီဆွေးနွေးသူ လက်စွဲစာအုပ်များကို တောင်ငူ၌ ပေးအပ်

**တောင်ငူ ဖေဖော်ဝါရီ ၅**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများဖြစ်သော ဆိတ်ဖူးတောင်ကျေးရွာအုပ်စု ဆိတ်ဖူးတောင်ကျေးရွာ၊ ဒိုးသောင်ကျေးရွာ၊ ရှမ်းဝါးတီးကျေးရွာတို့၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းနှင့် ပေါင်းလောင်းတိန်(အရှေ့) မြစိမ်းရောင်ကျေးရွာစီမံကိန်းကျေးရွာတို့၌ မြို့နယ်ဦးစီးမှူး ဦးကိုမောင်နှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၄ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများတိုးတက်မှုရှိ မရှိ စစ်ဆေးပြီး မြစိမ်းရောင်စီမံကိန်း ကျေးလက်ဒေသထောက်ပံ့ကူညီဆွေးနွေးသူ လက်စွဲစာအုပ်များကို မြစိမ်းရောင်ကော်မတီဝင်များထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၅-၂-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၁၈၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၆၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၂၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀/၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၅၄၀/၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၀/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၇၀/၆၂၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၉၂ |
| ဥရောပ | တစ်ယူရို | ၁၄၀၈.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၈.၃၂ |
| ထိုင်း | တစ်ဘတ် | ၃၆.၃၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၀၃ |
| တရုတ် | တစ်ယွမ် | ၁၉၆.၄၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၉.၄ |

ခင်ရတနာ-စုစည်းသည်။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နမ့်ဆန်နှင့် လပွတ္တာမြို့ မီးလောင်မှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ အရေးပေါ်အစည်းအဝေးကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၅

**ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့တို့၌ ဖြစ်ပွားခဲ့သည့် မီးလောင်မှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရေး အရေးပေါ်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကား ပြောကြားသည်။** (အပေါ်ပုံ)

အစည်းအဝေးသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးဉာဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မီးဘေးသင့်ပြည်သူများအတွက် စားနပ်ရိက္ခာများ ထောက်ပံ့ရေး၊ ယာယီတဲများ၊ အဝတ်အထည်များ၊ Family Kit များ ဖြည့်ဆည်းပေးရေး၊ ကျောင်းသားကျောင်းသူများအတွက် လိုအပ်သော ကျောင်းသုံးစာအုပ်များ ပြန်လည်ဖြည့်ဆည်းပေးရေးနှင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အခက်အခဲမရှိအောင် ကူညီထောက်ပံ့ပေးရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အမြန်ဆောင်ရွက်နိုင်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးအတွက် လိုအပ်သော ပစ္စည်းများကို တပ်မတော်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ အရေးပေါ်စီစဉ်ပို့ဆောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးမှာကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးကြသည်။

နိုင်ငံတော်သမ္မတသည် နမ့်ဆန်ဒေသ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လည်းကောင်း၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် လပွတ္တာဒေသ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လည်းကောင်း ကြီးကြပ်ဆောင်ရွက်ရန်အတွက် ဖေဖော်ဝါရီ ၅ ရက်တွင် သွားရောက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့မှ မီးဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းများပေးပို့လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ဆန်မြို့နှင့် ဧရာဝတီတိုင်း ဒေသကြီး လပွတ္တာမြို့တို့၌ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မီးဘေးသင့်ပြည်သူများအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက အလှူငွေနှင့် ပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ ပေးပို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နမ့်ဆန်မြို့မှ မီးဘေးသင့်ပြည်သူများအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အလှူငွေကျပ်သိန်း ၉၀၀ နှင့် အသင့်စား ခေါက်ဆွဲခြောက် တစ်ပုံးလျှင် အထုပ်၂၀ ပါ Samyang ခေါက်ဆွဲခြောက် ပုံး ၁၀၀ ကို လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက Disaster Kit အရေးပေါ်သုံး ကုသရေးဆေးပုံး ၂၀ ကို လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနက ဆွယ်တာအင်္ကျီ လက်ရှည် အမျိုးသမီးဝတ် အထည် ၃၀၊ ဘောင်းဘီတို (သက္ကလပ်) အမျိုးသမီးဝတ် အထည် ၅၀၊ ဂျင်းဘောင်းဘီတို ၅၅ ထည်၊ အင်္ကျီလက်ရှည် အမျိုးသမီးဝတ် အထည် ၂၁၀၊ အင်္ကျီလက်တို အမျိုးသမီးဝတ် ၁၇၉ ထည်၊ စကတ်တိုနှင့် ဘောင်းဘီ ကျပ်(one set) ၅၁ ထည်၊ စကတ် အထည် ၅၀၊ ဂျင်းပင်အမျိုးသမီးဝတ် ၁၅၉ ထည်၊ ဘောင်းဘီရှည် အထည် ၄၀၊ ဘောင်းဘီရှည် ၅၉ ထည်၊ ဂါဝန် ၃၇ ထည်၊ အနွေးထည် အမျိုးသမီးဝတ် ခုနစ်ထည်၊ အနွေးထည် အမျိုးသားဝတ် ၁၀ ထည်၊ အနွေးဘောင်းဘီရှည် အထည် ၅၀၊ ဘောင်းဘီရှည် အမျိုးသားဝတ် အထည် ၁၁၀၊ အမျိုးသားဝတ် ဂျင်းဘောင်းဘီရှည် ၂၅ ထည်၊ ဆိုလာလက်ဆွဲမီးအိမ် အလုံး ၄၀၀ ပါ ရှစ်ပုံး၊ ဒန်အိုး ခြောက်လုံးစုံပါ အစုံ ၁၀၀ ရှစ်အိတ်တို့ကို လည်းကောင်း သက်ဆိုင်ရာမှတစ်ဆင့် ပေးပို့လှူဒါန်းခဲ့ကြသည်။



**လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို တပ်မတော်သားများက ကူညီသယ်ဆောင်ပေးစဉ်။** (ဓာတ်ပုံ-ပြန်/ဆက်)

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးဝန်ကြီးဌာနက Disaster Kit အရေးပေါ်သုံး ကုသရေးဆေးပုံး ၂၀ တို့ကို လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဇနီးတို့က နမ့်ဆန် မီးဘေးသင့် ပြည်သူများအတွက် ဆန်အိတ် ၁၀၀၀ နှင့် လပွတ္တာမြို့ မီးဘေးသင့် ပြည်သူများအတွက် ဆီပိဿာ ၁၁၀၀ တို့ကို လည်းကောင်း။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနက နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် ရေသန့်ဆေးပြား ၈၀၀၀၀၊ Family Kit အထုပ် ၆၀၀၊ လက်ဆွဲဆိုလာမီးအိမ် ၁၀၀၈ ခု၊ ရေသန့်တစ်လီတာဘူး ၂၇၃၀၊ ခေါက်ဆွဲခြောက်ထုပ် ၁၂၃၆၀၊ အနွေးထည် ကိုးဖာ၊ မျှင်ငါးပိ ပိဿာ ၁၀၀၊ ငါးတံခွန်ခြောက်ပိဿာ ၁၀၀၊ တဘက် အထည် ၂၀၊ အမျိုးသမီးဝတ် ၄၁၆ ထည်၊ ကလေးဝတ် ၆၃ ထည် တို့ကို လည်းကောင်း။

လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် ရေသန့်ဆေးပြား ၈၀၀၀၀၊ Family Kit အထုပ် ၅၀၀၊ နေရောင်ခြည်သုံးမီးအိမ် အစုံ ၇၀၀၊ ဘေထုပ်ငါးထုပ်၊ ခေါက်ဆွဲခြောက် ၁၂၈၅ ထုပ်၊ ခေါက်ဆွဲခြောက်ဖာကြီး ခြောက်ဖာ၊ ခေါက်ဆွဲဖာ ကိုးဖာ၊ ကိတ်မုန့်/ပေါင်မုန့်အထုပ် ၁၃၀၀၊ ရေသန့်တစ်လီတာဘူး ၁၄၀၀၊ ရေဘူး အလုံး ၃၀၀၊ ဦးဂျမ်းပုဆိုး ၃၇ ထည်၊ လုံချည် ၄၀၊ ငါးခြောက်စုံ ၇၅ ပိဿာ၊ ကြာဆံအိတ်ကြီး ခြောက်ထုပ်၊ ကြာဆံအိတ်သေး အထုပ် ၁၀၀၊ ဆီ ၃၀ ကျပ်သားဘူး ၂၅၀ ၊ ငါးသေတ္တာဘူး ၂၀၀၊ ဆန်အိတ် ၃၀ တို့ကို လည်းကောင်း ပေးပို့လှူဒါန်းသည်။

ထို့ပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက နမ့်ဆန် မီးဘေးသင့်ပြည်သူများအတွက် စောင်အိတ်အကြီး ကိုးအိတ်၊ စောင်အိတ်အသေး ၂၉ အိတ်၊ လက်ဆွဲအိတ်အသေး ၁၅ အိတ်ကို လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနက အလှူငွေကျပ်ခြောက်သိန်းကို လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနက စောင်ထူ(စစ်စိမ်း)အထည် ၂၅၀ ပါ လေးထုပ်ကိုလည်းကောင်း၊ နိုင်ငံတော်သမ္မတရုံးနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့က ဘုရားဆင်းတုတော်များ၊ မိသားစုငါးဦးသုံး ကြွေရည်စိမ်ပစ္စည်းစုံ ၈၀၊ ခေါက်ဆွဲခြောက်ဖာ ၁၀၀၊ အမျိုးသမီးဝတ် လုံချည် ငါးအိတ်တို့ကို လည်းကောင်း နိုင်ငံတော်သမ္မတခရီးစဉ်နှင့်အတူ လေယာဉ်ဖြင့် ပေးပို့လှူဒါန်းခဲ့သည်။

ထို့ပြင် ကာကွယ်ရေးဝန်ကြီးဌာနရှိ (အမ်အီးစီ)မှ ခေါက်ဆွဲခြောက် ခြောက်ဖာ ခြောက်ဆွဲ၊ အဝတ်အစား ၁၀ ထုပ်၊ ပစ္စည်းစုံ ၉၆ ပုံး၊ ဒန်အိုး ရှစ်ထုပ်တို့ကို အမ်အိုင် ၁၇ ရဟတ်ယာဉ် နှစ်စင်းဖြင့် နမ့်ဆန်မြို့သို့ ပေးပို့ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ နမ့်ဆန်မြို့နှင့်လပွတ္တာမြို့တို့မှ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၅

နမ့်ဆန်မြို့နှင့် လပွတ္တာမြို့တို့မှ မီးဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပအလှူရှင်များ၊ အဖွဲ့အစည်းများ၊ ပြည်သူများက အလှူငွေနှင့် ပစ္စည်းများကို လာရောက်လှူဒါန်းလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်တွင် ဘဏ္ဍာရေးဝန်ကြီးဌာနက အလှူငွေကျပ် ၁၀၀၀၀၀၀ ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နေပြည်တော်သို့ လည်းကောင်း၊ ဦးရာဇာထွန်း လှိုင်သာယာမြို့နယ် ရန်ကုန်မြို့က အလှူငွေကျပ် ၂၀၀၀၀ ကို မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ရှိ ငွေစာရင်းအမှတ် (OA-011834) တို့သို့ တိုက်ရိုက်ထည့်သွင်းခြင်းဖြင့် လည်းကောင်း အသီးသီးလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



လေကြောင်းတိုက်ခိုက်မှုအတွင်း ပြေးလွှားနေကြသော ဆီးရီးယားပြည်သူများ။

# ဆီးရီးယားနိုင်ငံအတွင်း ကျူးကျော်မှုများပြုလုပ်နေဟု ရုရှားနှင့်တူရကီအပြန်အလှန်စွပ်စွဲ

**လန်ဒန် ဖေဖော်ဝါရီ ၅**

တူရကီနိုင်ငံအနေဖြင့် ဆီးရီးယားနိုင်ငံကို စစ်ရေးအရ ကျူးကျော်တိုက်ခိုက်ရန် ပြင်ဆင်နေသည်ဟု သံသယဖြစ်မိကြောင်း ရုရှားက ပြောကြားလိုက်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။ ရုရှားလေကြောင်းပစ်ကူပေးမှုနှင့်အတူ အစိုးရတပ်များက အလက်ပိုမြို့ကို ဝန်းရံပိတ်ဆို့တိုက်ခိုက်လိမ့်မည်ဟု စွပ်စွဲလျက်ရှိသည်။

ဆီးရီးယားနိုင်ငံအတွင်း မော်စကိုက ရာဇဝတ်မှုခင်းများ တိုးလာအောင်လုပ်ဆောင်နေသည်ဟု တူရကီကစွပ်စွဲလိုက်သည်။ အလက်ပိုမြို့သည် လုံခြုံရေးအရ ကာကွယ်ရန် တူရကီနိုင်ငံအနေဖြင့် အစီအမံများချမှတ်ဆောင်ရွက်ရန် အခွင့်အလမ်းရှိကြောင်း ၎င်းတို့ကပြောသည်။

အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့အနေဖြင့် ဆုံးဖြတ်ချက်ချနိုင်လျှင် ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်တို့အား မြေပြင်စစ်ဆင်ရေးတွင်ပါဝင်ရန် ဆော်ဒီအာရေဗျနိုင်ငံက အသင့်ရှိကြောင်း ပြောဆိုလိုက်သည်။

ကုလသမဂ္ဂအနေဖြင့် နှစ်နှစ်အတွင်း ပထမဆုံးငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဗုဒ္ဓဟူးနေ့က ဆိုင်းငံ့ထားလိုက်သည်။ သို့သော်လည်း ယခုလမကုန်မီပြန်စနိုင်ရန် မျှော်လင့်ထားသည်။ ဖေဖော်ဝါရီ ၂၅ ရက်ထက်နောက်မကျဘဲ ပြန်စရန် ရုရှားကပြောသည်။

**(ရိုက်တာ)**

# အိန္ဒိယနိုင်ငံတောင်ပိုင်း၌ ရထားလမ်းချော်မှုကြောင့် လူ ၄၀ ထိခိုက်ဒဏ်ရာရ

**နယူးဒေလီ ဖေဖော်ဝါရီ ၅**

အိန္ဒိယတောင်ပိုင်း တမီလ်နာဒူးပြည်နယ်တွင် သောကြာနေ့အစောပိုင်းက ခရီးသည်တင်ရထားတစ်စင်း လမ်းချော်တိမ်းမှောက်မှုကြောင့် လူ ၄၀ ထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲက ပြောသည်။

ချန်နိုင်းမြို့တော်မှ ကီလိုမီတာ ၁၇၀ ခန့်အကွာ ဗယ်လောရ်ဒေသအရောက်တွင် ကန်ရာကူမရီမှ ဘန်ဂလောသို့ ခုတ်မောင်းလာသည့် လူစီးအမြန်ရထားမှ လူစီးတွဲလေးတွဲ လမ်းချော်ခဲ့သဖြင့် ခရီးသည်များ အနာတရဖြစ်ပွားခဲ့ကြောင်း ရဲများ၏ ပြောဆိုချက်ကို အင်ဒို-အာရှသတင်းဝန်ဆောင်မှုဌာနက ကိုးကားဖော်ပြခဲ့သည်။

အဆိုပါ ရထားလမ်းချော်မှုသည် ဒေသစံတော်ချိန် နံနက် ၄ နာရီ ၁၅ မိနစ်တွင် ဖြစ်ပွားခဲ့ကြောင်း အိန္ဒိယတောင်ပိုင်း ရထားပို့ဆောင်ရေးအဖွဲ့က ပြောကြားခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးရုံသို့ပို့ဆောင်ခဲ့ပြီး အရေးပေါ်ကုသမှုများ လုပ်ဆောင်လျက်ရှိသည်။

ရထားလမ်းချော်မှုကြောင့် ဒေသအတွင်းရှိ ရထားပြေးဆွဲမည့် လမ်းကြောင်း ၁၁ ခုကို ဖျက်သိမ်းခဲ့ရသည်။

ရထားလမ်းချော်ရခြင်းအကြောင်းအရင်းကို မသိရှိရသေးပေ။ အိန္ဒိယ၌ အချိန်နှင့်အမျှ ရထားလမ်းချော်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

# တန်ဇန်းနီးယား အမျိုးသမီးတိုက်ခိုက်ခံရမှုကို ဖော်ထုတ်ရန် အဆင့်မြင့်အဖွဲ့ အိန္ဒိယဖွဲ့စည်း

**နယူးဒေလီ ဖေဖော်ဝါရီ ၅**

အိန္ဒိယနိုင်ငံတောင်ပိုင်းမြို့ ဘန်ဂါလူရူ၌ ပြီးခဲ့သောတနင်္ဂနွေနေ့က ဖြစ်ပွားခဲ့သော တန်ဇန်းနီးယားအမျိုးသမီးတစ်ဦး လူမဆန်စွာ တိုက်ခိုက်ခံရမှုကိုဖော်ထုတ်ရန် တန်ဇန်းနီးယားသံတမန်ပါဝင်သော အဆင့်မြင့်အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

ယင်းအဖွဲ့တွင် တန်ဇန်းနီးယား သံအမတ်ကြီး မစ္စတာ ဂျွန်ကီကျာဇီနှင့် အိန္ဒိယနိုင်ငံဆိုင်ရာ ပြည်ပရေးရာ ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်သည်။

ပြီးခဲ့သော တနင်္ဂနွေနေ့ညက ဘန်ဂါလူရူ၌ ဆူပူသောင်းကျန်းနေသည့် လူဦးရေ ၂၀၀ ပါဝင်သောလူအုပ်က အသက်၂၀ အရွယ်ရှိ တန်ဇန်းနီးယားကျောင်းသူတစ်ဦးကို ကားပေါ်မှဒယ်ဂွဲတိုက်ဆွဲထုတ်၍ ရိုက်နှက်ခဲ့ကြ သည်။

ကြောက်မက်ဖွယ်ကောင်းသော ထိုအမှုနှင့် ဆက်စပ်နေသူ ငါးဦးကို ဗုဒ္ဓဟူးနေ့က ဖမ်းဆီးနိုင်ခဲ့သည်။

ပြည်ပရေးရာဝန်ကြီးက ယင်းအဖြစ်အပျက်သည် အိန္ဒိယအနေဖြင့် ရှက်ဖွယ်ရာဖြစ်ကြောင်း ပြောခဲ့သည်။ အလားတူပင် တန်ဇန်းနီးယား သံအမတ်ကြီးကလည်း ယင်းအမျိုးသမီးသည် လူမည်းတစ်ဦးဖြစ်ခြင်းကြောင့် တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း၊ ၂၁ ရာစုတွင် ယခုကဲ့သို့မဖြစ်သင့်ကြောင်း ပြောခဲ့သည်။ **(ဆင်ဟွာ)**





တန်ဇန်းနီးယားအမျိုးသမီး တိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ အိန္ဒိယရှိ ကောလိပ်ကျောင်းသား/သူများ ဆန္ဒပြနေစဉ်။

# ဆီးရီးယားရှိ အိုင်အက်စ်တို့အား မြေပြင်စစ်ဆင်မှုဆင်နွှဲရန် ဆော်ဒီတိုက်တွန်းမှုအပေါ် အမေရိကန်ကြိုဆို

**ဝါရှင်တန် ဖေဖော်ဝါရီ ၅**

အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့၏ ဆီးရီးယားတွင် ပြုလုပ်မည့် မည်သည့်မြေပြင် စစ်ဆင်ရေးတွင်မဆို ပါဝင်မည်ဖြစ်ကြောင်း ဆော်ဒီ၏ကမ်းလှမ်းမှုကို အမေရိကန် ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာက ကြာသပတေးနေ့တွင် ကြိုဆိုလိုက်သည်။

ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ် စစ်သွေးကြွများအား အမေရိကန်နိုင်ငံက အရှိန်မြှင့်တိုက်ခိုက်လျက်ရှိရာ အခြားသောနိုင်ငံများကလည်း တိုးမြှင့်ပါဝင်သင့်ကြောင်း ကာတာက ပြောဆိုလိုက်သည်။ “ဒီလိုကမ်းလှမ်းမှုကတော့ ကျွန်တော်တို့အနေနဲ့ ကြိုဆိုရမှာဖြစ်ပါတယ်” ဟု နီဗားဒါးလေတပ်အခြေစိုက်စခန်းသို့ သွားရောက်စဉ် ၎င်းကသတင်းထောက်များကို ပြောကြားသည်။

လာမည့် သီတင်းပတ်အတွင်း ဆော်ဒီကာကွယ်ရေးဝန်ကြီးနှင့် ဘရပ်ဆဲလ်မြို့၌ ဆွေးနွေးသွားမည်ဖြစ်ကြောင်းလည်း ကာတာကပြောသည်။

ဆော်ဒီအစိုးရအနေဖြင့် အီရတ်နှင့် ဆီးရီးယားတို့ရှိ အိုင်အက်စ်တို့အား အရှိန်အဟုန်ဖြင့် တိုက်ခိုက်သွားမည်ဖြစ်ကြောင်းလည်း ၎င်းကပြောသည်။



ဆော်ဒီအာရေဗျ နိုင်ငံအနေဖြင့် အိုက်အက်စ်ချေမှုန်းရေးတွင် အစ္စလာမ့်စ် နိုင်ငံအချို့ကိုလည်း ပါဝင်တိုက်ခိုက်ရန် တိုက်တွန်းလျက်ရှိသည်။ **(ရိုက်တာ)**

# ကိုလံဘီယာတပ်မတော်စစ်ကြောင်းက သူပုန်ခေါင်းဆောင်တစ်ဦးကို လက်ရဖမ်းမိ

**ဘိုဂိုတာ ဖေဖော်ဝါရီ ၅**

ကိုလံဘီယာတပ်မတော်စစ်ကြောင်းသည် ကြာသပတေးနေ့က သူပုန်တပ်ဖွဲ့ဖြစ်သော အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ELN)မှ ခေါင်းဆောင်တစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ သတင်းရင်းမြစ်များကဖော်ပြသည်။

တပ်မတော်စစ်ကြောင်းများက ဗုဒ္ဓဟူးနေ့တွင် ကိုလံဘီယာမြောက်ပိုင်း အန်တီကွာဌာန၌ တပ်မတော်သားတစ်ဦး ပြန်ပေးဆွဲခံရသောကြောင့် ကယ်ဆယ်ရေးစစ်ဆင်မှုတစ်ရပ်ပြုလုပ်နေချိန်တွင် ယင်းသူပုန်ခေါင်းဆောင်ကို ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

နယ်မြေရှင်းလင်းရေးစစ်ကြောင်းများနှင့် သူပုန်တပ်ဖွဲ့များ ထိပ်တိုက်ရင်ဆိုင်တွေ့ကာ ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး သူပုန်ခေါင်းဆောင်ကို လက်ရဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

(ELN) နှင့် အစိုးရကြား တံခါးပိတ်ညှိနှိုင်းရေး နောက်ဆုံးအဆင့်ရောက်ရှိနေကြောင်းသိရပြီး မကြာမီတွင် ငြိမ်းချမ်းမှုရရှိရန် ဆွေးနွေးသွားဖွယ်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

# နောက်ထပ်တင်းမာမှုများကို အလိုမရှိဟု တရုတ်က မြောက်ကိုရီးယားအား သတိပေး

**ပေကျင်း ဖေဖော်ဝါရီ ၅**

ပြုံယမ်းက မကြာမီဂြိုဟ်တုတစ်စင်းလွှတ်တင်မည်ဟူသော အစီအစဉ်ကို ကြေညာခဲ့ပြီးနောက်တွင် တရုတ်နိုင်ငံက ၎င်းတို့အနေဖြင့် နောက်ထပ်တင်းမာမှုများကို မြင့်တက်လာစေမည့် မည်သည့်ဖြစ်ရပ်မျိုးကိုမျှ အလိုမရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးက သောကြာနေ့တွင် ပြောကြားခဲ့သည်။

မြောက်ကိုရီးယားကမူ အမေရိကန်နှင့်အခြားသော နိုင်ငံ့ခေါင်းဆောင်များက အဆိုပါ ပစ်လွှတ်မှုကို တာဝေးပစ်ဒုံးခွင်းစမ်းသပ်မှုဟု ထင်မြင်နေကြပြီး ပြုံယမ်း၏ အဆိုပါ စမ်းသပ်မှုကို လက်လျှော့ရန် တောင်းဆိုနေကြသော်လည်း ၎င်းတို့အနေဖြင့် အာကာသအစီအစဉ်များ ပြုလုပ်ရန် အချုပ်အခြာအာဏာရှိသည့် နိုင်ငံဖြစ်ကြောင်း ပြောခဲ့သည်။ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းသည် ဖေဖော်ဝါရီ ၈ ရက်မှ ၂၅ ရက်အတွင်း ဂြိုဟ်တုတစ်စင်းလွှတ်တင်ရန်ရှိကြောင်း ကုလသမဂ္ဂသို့ ပြောကြားခဲ့သည်။ ဟိုက်ဒရိုဂျင်ဗုံးဟု အမည်ပေးထားသည့် နျူကလီးယားစမ်းသပ်မှုကို မြောက်ကိုရီးယားက လေးကြိမ်မြောက်ပြုလုပ်ခဲ့ပြီးနောက် ပြီးခဲ့သည့်လတွင် အရှေ့အာရှ၌ တင်းမာမှုများ မြင့်တက်လာခဲ့သည်။ **(ရိုက်တာ)**

❒ *ကျောဖုံးမှ*

ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖြည့်စွက် ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် လပွတ္တာမြို့အတွင်း မီးလောင်မှုဖြစ်ပွားခဲ့သည့် နေရာများကို လိုက်လံကြည့်ရှုပြီး မီးကြွင်းမီးကျန်များနှင့် အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေသည့် မီးသတ်ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် လူမှုရေးအသင်းအဖွဲ့များမှ စေတနာ့ဝန်ထမ်းများအား နှုတ်ဆက်အားပေးစကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသည့် အမှတ် (၅)ရပ်ကွက် လေးထပ် ဘုန်းတော်ကြီးကျောင်း၌ မီးဘေးသင့် ပြည်သူများနှင့်တွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားပြောကြားပြီး အရေးပေါ် ကယ်ဆယ်ထောက်ပံ့ရေး၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များတွင် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးသွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် တာဝန်ရှိသူများက မီးဘေးသင့်ပြည်သူများအတွက် အရေးပေါ်ကယ်ဆယ်ရေး ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့နောက် ရပ်မိရပ်ဖ ဦးဝင်းမောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် မီးဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံအားပေးစကား ပြောကြားသည်။

ယနေ့အထိ လပွတ္တာမြို့ အမှတ် (၁)ရပ်ကွက်၊ (၄)ရပ်ကွက်၊ (၅)ရပ်ကွက် မီးဘေးသင့်ပြည်သူများအား နိုင်ငံတော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်ကုမ္ပဏီများက ထောက်ပံ့လှူဒါန်းသည့် ငွေသားကျပ် ၃၃၅၄၉၄၂၀၀ နှင့် ငွေကျပ် ၄၀၅၂၀၀၀၀ တန်ဖိုးရှိ ပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးညွန့်ထွန်း လပွတ္တာမြို့ အမှတ်(၅)ရပ်ကွက် လေးထပ်ဘုန်းတော်ကြီးကျောင်း၌ မီးဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဦးညွန့်ထွန်း လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်စဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဦးညွန့်ထွန်း လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံအားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

# နမ့်ဆန်မြို့နှင့် လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေး

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့၌ ယမန်နေ့ မွန်းလွဲပိုင်းမှစတင်၍ မီးလောင်မှုဖြစ်ပွားခဲ့ရာ နယ်မြေခံတပ်မတော်သားများသည် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ မီးသတ်ယာဉ်များဖြင့် ဝိုင်းဝန်းမီးငြှိမ်းသတ်ခြင်း၊ ကူညီရွှေ့ပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် လုံခြုံရေးဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ မီးလောင်မှုသည် ယနေ့နံနက် ၈ နာရီခွဲခန့် မီးငြိမ်းခဲ့ပြီး နယ်မြေခံတပ်မတော်သားများက လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ မီးလောင်ကျွမ်းခဲ့သည့်နေရာများကို ပြန်လည်ရှင်းလင်းခြင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် မီးဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ကုလားပဲနှင့် စားသောက်ဖွယ်ရာများ၊ အနွေးစောင်များ ထောက်ပံ့ပေးအပ်ခြင်းနှင့် တပ်မတော်ဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် နမ့်ဆန်မြို့ရှိ မီးဘေးသင့်ပြည်သူများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများမှ လှူဒါန်းသည့် လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများကို ပို့ဆောင်သည့် တပ်မတော်ရဟတ်ယာဉ်များနှင့်အတူ နမ့်ဆန်မြို့သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့်အဖွဲ့ဝင်များသည် နမ့်ဆန်မြို့ရှိ ရိပ်သာဧည့်ခန်းမဆောင်၌ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံပြီး မီးလောင်ကျွမ်းမှုအခြေအနေများကို မေးမြန်းကာ မီးဘေးသင့်ပြည်သူများ စနစ်တကျစားသောက်နေထိုင်နိုင်ရေးအတွက် လိုအပ်သည်များဖြည့်ဆည်းပေးပြီး နမ့်ဆန်မြို့အတွင်း မီးလောင်ကျွမ်းမှုအခြေအနေများကို လိုက်လံကြည့်ရှုကြသည်။

ယင်းနောက် ဒေသဦးစီးအဖွဲ့ရုံးနှင့် မြို့မဂိုဏ်းချုပ်ဆရာတော်ကျောင်းသို့ သွားရောက်၍ မီးဘေးသင့်ပြည်သူများကို တွေ့ဆုံကာ လတ်တလောစားဝတ်နေရေး အဆင်ပြေအောင် ဆောင်ရွက်ပေးမည့်အခြေအနေများနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများက လှူဒါန်းသော လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကာ ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့ရှိ မီးဘေးသင့်ပြည်သူများအသုံးပြုရန်အတွက် လားရှိုးမြို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသည့် ပစ္စည်းစုံပုံး ၁၂၁ ပုံး၊ ခေါက်ဆွဲခြောက် ၃၆ ဖာ၊ အဝတ်ထုပ် ၁၀ ထုပ်နှင့် မီးဖိုချောင်သုံး ဒန်အိုးဒန်ခွက် အရွယ်မျိုးစုံ အလုံး ၃၉၀ တို့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ တပ်မတော်ရဟတ်ယာဉ်ဖြင့်လည်းကောင်း၊ အနွေးစောင် အထုပ်ကြီး လေးထုပ်၊ ဝန်ကြီးဌာနများမှ ပေးပို့လှူဒါန်းသည့် ဆေးဝါးမျိုးစုံ ဖာ ၂၀ ၊ အဝတ်အထည်မျိုးစုံ ၄၅ အိတ်၊ မိသားစုသုံးပစ္စည်း ၃၂ ထုပ်၊ အနွေးစောင်ကိုးအိတ်နှင့် အလှူငွေ ၃၆ သိန်းတို့ကို ယနေ့ညနေပိုင်းတွင် နေပြည်တော်မှ တပ်မတော်လေယာဉ်ဖြင့်လည်းကောင်း၊ အနွေးစောင် အထုပ်ကြီး ၃၃ ထုပ်နှင့် မီးဖိုချောင်သုံးပစ္စည်းများကို ယနေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် လည်းကောင်း ပေးပို့လှူဒါန်းခဲ့သည်။



နမ့်ဆန်မြို့နယ် မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပေးမည့်ပစ္စည်းများ။ (ဓာတ်ပုံ-ပြန်/ဆက်)

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများက လှူဒါန်းသည့် ခေါက်ဆွဲခြောက်ထုပ်များ မီးဖိုချောင်သုံးပစ္စည်းများပါရှိသည့် အထုပ်ကြီး ခြောက်ထုပ်၊ ဆပ်ပြာ ၇၅ ဖာ၊ အဝတ်အထည် ၁၀ ထုပ်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှပေးပို့သည့် ဆေးဝါးပစ္စည်းမျိုးစုံ ဖာ ၂၀ တို့ကို ရန်ကုန်မြို့မှ တပ်မတော်ရဟတ်ယာဉ်နှစ်စင်းဖြင့် လပွတ္တာမြို့နှင့် ပုသိမ်မြို့များသို့ အသီးသီးပို့ဆောင်ပေးခဲ့သည်။ တပ်မတော်အနေဖြင့် မီးလောင်မှုဖြစ်ပွားခဲ့သည့် မြို့များမှ မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့် အမေရိကန်သံအမတ်ကြီးတို့အား သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား ယနေ့ မွန်းလွဲ ၁ နာရီတွင်လည်းကောင်း(**ဝဲပုံ**)၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်အား မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင်လည်းကောင်း နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးနှင့် တရုတ်သံအမတ်ကြီးတို့အား သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်အား ယနေ့မွန်းလွဲ ၁ နာရီတွင်လည်းကောင်း(**ယာပုံ**)၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား မွန်းလွဲ ၂ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# နိုင်ငံသူ နိုင်ငံသားအားလုံး ငြိမ်းငြိမ်းချမ်းချမ်းနှင့် ဆောင်ရွက်နိုင်မှသာ ဒီမိုကရေစီနိုင်ငံကို ဆက်လက်အကောင်အထည်ဖော်နိုင်မှာဖြစ်

**တွေ့ဆုံမေးမြန်း-တင်မောင်လွင်**

**ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မောင်မွေး**

နေပြည်တော် ဖေဖော်ဝါရီ ၅

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတတိယနေ့နှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးတတိယနေ့တို့ကို ယနေ့နံနက် ၁၀ နာရီတွင် သက်ဆိုင်ရာ လွှတ်တော်အဆောက်အအုံများ၌ တစ်ပြိုင်တည်းကျင်းပခဲ့ရာ ယမန်နေ့က လွှတ်တော်ကိုယ်စားလှယ်များ တင်ပြခဲ့သည့် ဥပဒေကြမ်းကော်မတီဖွဲ့စည်းခြင်းနှင့် ပြည်သူ့ငွေစာရင်းကော်မတီဖွဲ့စည်းခြင်းတို့ကို အတည်ပြုခြင်း၊ လွှတ်တော်အခွင့်အရေးကော်မတီဖွဲ့စည်းခြင်း၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်းခြင်းတို့ကို ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ခဲ့သည်။**



ဦးတင်မောင်ဦး



ဒေါက်တာလှမျိုး



ဦးဦးလှစော



ဗိုလ်မှူးချုပ် ကျော်ကျော်စိုး

လွှတ်တော်တွင် အဓိက ကော်မတီလေးရပ်သည် အရေးကြီးဆုံး ကော်မတီများဖြစ်သည်။ လွှတ်တော်လုပ်ငန်းများ အသက်ဝင်လာစေရန် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ လွှတ်တော်ကော်မတီများ ရှိရမည်ဖြစ်ပြီး ကော်မတီများ၏ လုပ်ဆောင်ချက်သည်လည်း ပိုမိုပီပြင်ရန် လိုအပ်မည်ဖြစ်သည်။

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးနှင့် အမျိုးသားလွှတ်တော် အစည်းအဝေးတို့တွင် ကော်မတီနှစ်ရပ်ဖွဲ့စည်းခြင်း၊ အတည်ပြုခြင်းများနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်တချို့၏ သဘောထား၊ အမြင်နှင့် သုံးသပ်ချက်များကို တွေ့ဆုံမေးမြန်းဖော်ပြလိုက်ပါသည်-

**ဒေါက်တာလှမျိုး**
**အောင်မြေသာစံမဲဆန္ဒနယ်**
**ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်**

ကျွန်တော့်ကို လွှတ်တော် အခွင့်အရေးကော်မတီမှာ အတွင်းရေးမှူးတာဝန် ပေးအပ်တဲ့အတွက် လွှတ်တော်နဲ့ ပတ်သက်ပြီး ဘယ်လိုတွေ၊ ဘာတွေ ဆက်လုပ်ရမယ်ဆိုတာတွေကို အကောင်းဆုံးဆောင်ရွက်သွားမှာပါ။ လုပ်လည်း လုပ်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ပထမအကြိမ် လွှတ်တော်သက်တမ်းမှာလည်း တာဝန်ယူခဲ့ရတဲ့ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနဲ့ အဖွဲ့ဝင်တွေကလည်း လွှတ်တော်ကြီးအတွက် အကောင်းဆုံးလုပ်နိုင်ခဲ့တယ်လို့ ထင်ပါတယ်။ သူတို့ ရှေ့မှာလုပ်ခဲ့တဲ့ အတွေ့အကြုံတွေကို ဆက်လက်ဆွဲကိုင်ပြီးတော့မှ ကျွန်တော်တို့ လက်ထက်မှာ လွှတ်တော်တစ်ခုလုံးရဲ့ အခွင့်အရေး၊ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အခွင့်အရေးအတွက် ဘယ်လိုလုပ်ဆောင်ရမလဲ ဆိုတာတွေကို ဆင်ခြင်သုံးသပ်ပြီးတော့ အကောင်းဆုံးလုပ်ဆောင်သွားမှာပါ။

ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှာ သူရဦးရွှေမန်းကို ဥက္ကဋ္ဌတာဝန်အဖြစ် ခန့်အပ်လိုက်တဲ့အတွက် ကြိုဆိုပါတယ်။ သူက ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်မှာ နာယကလုပ်ခဲ့တဲ့အတွက်ကြောင့်မို့လို့ အတွေ့အကြုံကောင်းတွေ အများကြီးရှိပါတယ်။ ဒီအတွေ့အကြုံကောင်းတွေကမှ တစ်ဆင့် ဒုတိယအကြိမ် လွှတ်တော်ကြီးကို အကောင်းဆုံး ထောက်ပံ့ပေးနိုင်လိမ့်မယ်လို့မျှော်လင့်ပါတယ်။ အမျိုးသားရင်ကြားစေ့ရေးနဲ့ ပတ်သက်ပြီး တပ်မတော်၊ တိုင်းရင်းသားများ၊ နိုင်ငံသူ နိုင်ငံသားများအားလုံး ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဆောင်ရွက်နိုင်မှသာလျှင် ဒီမိုကရေစီနိုင်ငံကို ဆက်လက် အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံဖြစ်ဖို့ အခက်အခဲတွေ အများကြီးရှိပါတယ်။ သူများနိုင်ငံနဲ့ မတူတဲ့အချက်က ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသားတွေ အများကြီးရှိတယ်။ လက်ရှိအခြေအနေအရ အမျိုးသားရင်ကြားစေ့ရေးဟာအထူးအရေးကြီးတဲ့ အချိန်ဖြစ်နေတယ်။ စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံ ထူထောင်ချင်တယ်၊ ဖော်ဆောင်ချင်တယ်ဆိုရင်တော့ ကျွန်တော်တို့နိုင်ငံအတွက် တိုင်းရင်းသားများ ချစ်ကြည်ရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားများ အချင်းချင်း ပြန်လည်သင့်မြတ်ရေး၊ တပ်မတော်နဲ့ကျန်အဖွဲ့အစည်းအားလုံး သင့်မြတ်ရေးဟာ အရေးကြီးပါတယ်။

**ဦးတင်မောင်ဦး**
**ရွှေပြည်သာမဲဆန္ဒနယ်**
**ကိုယ်စားလှယ်ဟောင်း**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

ကျွန်တော်က ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီရဲ့ အဖွဲ့ဝင်ဖြစ်ပါတယ်။ အခုလာမယ့်ကာလမှာကို ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှာ ကော်မတီဝင်ဖြစ်ပါတယ်။ အခုလို ကျွန်တော့်ကို တာဝန်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အတတ်နိုင်ဆုံး ဆက်ပြီးတော့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီကပေးတဲ့ တာဝန်တွေ အားလုံးကိုလည်း ကျေပွန်အောင် ဆောင်ရွက်သွားမှာပါ။ ပြီးခဲ့တဲ့ ငါးနှစ်ကာလက ကျွန်တော်တို့ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီအစိုးရဖြစ်ပါတယ်။ လွှတ်တော်မှာလည်း ကျွန်တော်တို့ပါတီက ကိုယ်စားလှယ်တွေကို မေးခွန်းတွေ၊ အဆိုတွေကို ကန့်သတ်ချက်မရှိပါဘူး။ အားလုံး လွတ်လပ်စွာနဲ့ ဆောင်ရွက်ခွင့်ပြုပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒါအမျိုးသားရေးပဲ ဖြစ်ပါတယ်။ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီက ပါတီအနေနဲ့ ဆက်လက်ပြီးတော့ ရှင်သန်ဖို့ ဆောင်ရွက်နေတဲ့ အနေအထားဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကလည်း ပါတီကပေးတဲ့ တာဝန်တွေကိုလည်း လုပ်နေဆဲဖြစ်ပါတယ်။ လွှတ်တော်ကြီးက ပေးတဲ့ တာဝန်လည်း လုပ်ရမှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ငါးနှစ်မှာ ဒီမိုကရေစီဖြစ်တဲ့အတွက်ကြောင့် နီးစပ်တယ်တို့ ဝေးတယ်ဆိုတာတို့ဟာ လူတစ်ယောက်ရဲ့ အမြင်ပဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အားလုံးဟာ ပြီးခဲ့တဲ့လွှတ်တော် ငါးနှစ်မှာ အားလုံးက နီးစပ်နေပါတယ်။ ဝေးနေတဲ့ သူတစ်ယောက်မှ မရှိကြပါဘူး။ ပြီးခဲ့တဲ့ငါးနှစ်လုံးမှာ

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ သဝဏ်လွှာတစ်ခု မှတ်တမ်းတင်ခြင်း၊ ကော်မတီနှစ်ခုနှင့် ကော်မရှင်တစ်ခု ဖွဲ့စည်းကြောင်းကြေညာခြင်း၊ လွှတ်တော်အခွင့်အရေး ကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီများ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြခြင်းတို့ကို ဆောင်ရွက်သည်။

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်၊ အမြဲတမ်း ကော်မတီဥက္ကဋ္ဌ မစ္စတာကျန်းတဲ့ကျန်းက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံသို့ ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဦးဝင်းမြင့်က ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌအဖြစ် နောင်ချိုမဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ အတွင်းရေးမှူးအဖြစ် ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်နှင့် အဖွဲ့ဝင် ၁၃ ဦးတို့၏ အမည်စာရင်းကို လည်းကောင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုလည်းကောင်း လွှတ်တော်၏ အတည်ပြုချက် ရယူပြီး ဥပဒေကြမ်းကော်မတီဖွဲ့စည်းကြောင်း ကြေညာသည်။ **(ယာပုံ)**

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌအဖြစ် ဇလွန်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ အတွင်းရေးမှူးအဖြစ် တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်းနှင့် အဖွဲ့ဝင် ၁၃ ဦးတို့၏ အမည်စာရင်းကိုလည်းကောင်း ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လည်းကောင်း လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေး ကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် ရာထူးအလျောက် ကော်မတီ၏ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေး ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည် ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်နှင့် အတွင်းရေးမှူးအဖြစ် အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးတို့အား တာဝန်ပေးအပ်သွားမည် ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ပြီး ကော်မတီဥက္ကဋ္ဌတာဝန်ကို မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်နှင့် အတွင်းရေးမှူးအဖြစ် ချီဖွေမဲဆန္ဒနယ်မှ ဦးဇုန်းတိန့်တို့အား တာဝန်ပေးအပ်သွားမည် ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် ဖွဲ့စည်းကြောင်းနှင့် ကော်မရှင်တွင်ပါဝင်သည့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်းကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ကော်မရှင်၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကော်မရှင်ကိုအဖွဲ့ဝင် ၂၄ ဦးဖြင့် ဖွဲ့စည်းထားပြီး ကော်မရှင် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ရမည်းသင်းမဲဆန္ဒနယ်မှ ဦးကိုကိုနိုင်တို့အား တာဝန်ပေးအပ်ကြောင်းနှင့် ကော်မရှင်၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ကို ရယူအတည်ပြုသည်။

**(သတင်းစဉ်)**




“ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းကြောင်းကြေညာ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီများ ဖွဲ့စည်းရေး လွှတ်တော်သို့တင်ပြ။

“ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ရမည်းသင်းမဲဆန္ဒနယ်မှ ဦးကိုကိုနိုင်တို့ပါဝင်သော အဖွဲ့ဝင် ၂၄ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်”

အမျိုးသားလွှတ်တော်အစည်းအဝေး

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ




**နေပြည်တော် ဖေဖော်ဝါရီ ၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ **(အပေါ်ပုံ)** ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်း ကော်မတီများ ဖွဲ့စည်းကြောင်း ကြေညာခြင်း၊ လွှတ်တော်အခွင့်အရေး ကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီများ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဇော်မင်း၊ အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ဉာဏစိုးနှင့် အဖွဲ့ဝင် ၁၃ ဦးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း လွှတ်တော်၏အတည်ပြုချက် ရယူပြီး ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌအဖြစ် ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစောသန်းထွန်း၊ အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါက်တာ စိုင်းဆိုင်ကျောက်ဆမ်နှင့် အဖွဲ့ဝင် ၁၃ ဦးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း လွှတ်တော်၏ အတည်ပြုချက် ရယူပြီး ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေး ကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၆)မှ ဦးမင်းဦးက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီကို ၁၅ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး ကော်မတီဥက္ကဋ္ဌအဖြစ် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးအေးသာအောင်နှင့် ကော်မတီအတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးမင်းဦးတို့အား တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသိမ်းဆွေက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး ကော်မတီဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသိမ်းဆွေနှင့် အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးကျော်မိနိုင်တို့အား တာဝန်ပေးအပ်သွားမည် ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဖေဖော်ဝါရီ ၈ ရက်နေ့တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

“အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းကြောင်း ကြေညာ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီများဖွဲ့စည်းရေး လွှတ်တော်သို့တင်ပြ ။”



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများကို ပေးအပ်စဉ်။ (သတင်းစဉ်)

※ *ရှေ့ဖုံးမှ*

တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့သည့် နမ့်ဆန်မြို့ မင်္ဂလာရပ်ကွက်နှင့် မြို့ဟောင်းရပ်ကွက်တို့၌ လူနေအိမ်နှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ အားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မြို့မဂိုဏ်းချုပ် ကျောင်းတိုက်သို့ရောက်ရှိပြီး မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တကုမာရအမှူးပြုသော ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ အဆိုပါကျောင်းတိုက်ရှိ မီးဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မီးဘေးသင့်ပြည်သူများအတွက် ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ နမ့်ဆန်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကားပြောကြားသည်။

နမ့်ဆန်ခရီးစဉ်တွင် နိုင်ငံတော်သမ္မတက မီးဘေးသင့်ပြည်သူများ လတ်တလောရှင်သန်ရပ်တည်နိုင်ရေးအတွက် လိုအပ်သည့်စားနပ်ရိက္ခာ၊ အဝတ်အထည်၊ ယာယီနေထိုင်ရန်နေရာများကို အမြန်ဆုံးဖြည့်ဆည်းပေးရန်၊ ကယ်ဆယ်ရေးပစ္စည်းများ သယ်ယူပို့ဆောင်ရေးအတွက် တပ်မတော်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ ဆောင်ရွက်ပေးနေပြီဖြစ်သည့်အတွက် ရောက်ရှိလာသည့် ပစ္စည်းများကို စနစ်တကျ လက်ခံထိန်းသိမ်းဖြန့်ဝေပေးရန်၊ စာမေးပွဲနီးကပ်နေသည့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့်အပြင် ဆရာ၊ ဆရာမများကလည်း အချိန်ပိုသင်ကြားပို့ချပေးရန်၊ မီးကြွင်းမီးကျန်များ ငြိမ်းသတ်နိုင်ရေးအတွက် အခြားဒေသများမှ ရောက်ရှိလာသည့် မီးသတ်ယာဉ်များဖြင့် ပူးပေါင်းဆောင်ရွက်ရန်၊ မီးလောင်ကျွမ်းမှုဖြစ်စဉ်မှ သင်ခန်းစာဖော်ထုတ်ပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ မီးဘေးသင့်ပြည်သူများ၏ လူမှုစီးပွားဘဝ ပြန်လည်ထူထောင်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့မှ ပူးပေါင်းဆောင်ရွက်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် စာရင်းဇယားများ မှန်ကန်ပြည့်စုံအောင် ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့တွင် ရပ်ကွက်ခြောက်ခု၊ အိမ်ခြေ ၇၉၁ လုံး၊ အိမ်ထောင်စု ၈၇၁ စုရှိပြီး ယမန်နေ့ မွန်းလွဲ ၁ နာရီခန့်မှ ယနေ့နံနက် ၆ နာရီခန့်အထိ မင်္ဂလာရပ်ကွက်နှင့် မြို့ဟောင်းရပ်ကွက်တို့တွင် မီးလောင်ကျွမ်းခဲ့ရာ လက်ရှိအချိန်အထိ ကောက်ယူရရှိသည့် စာရင်းအရ အိမ်ခြေ ၂၈၀၊ အိမ်ထောင်စု ၃၀၀ မှ လူဦးရေ ၁၅၀၀ ကျော် မီးဘေးသင့်ခဲ့သည်။

အဆိုပါမီးလောင်မှုကို နမ့်ဆန်မြို့နယ်မှ မီးသတ်ယာဉ်လေးစီး၊ မန္တလေးမြို့နယ်မှ မီးသတ်ယာဉ်ခြောက်စီးနှင့် အုပ်ချုပ်မှုယာဉ် တစ်စီး၊ မန်တုံမြို့နယ်မှ မီးသတ်ယာဉ် နှစ်စီး၊ လားရှိုးမြို့နယ်မှ မီးသတ်ယာဉ်လေးစီး၊ ကျောက်မဲမြို့နယ်မှ မီးသတ်ယာဉ်တစ်စီး၊ သီပေါမြို့နယ်မှ

*စာမျက်နှာ ၉ ကော်လံ ၁*



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နမ့်ဆန်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား အခမဲ့ ဆေးကုသပေးနေမှု အခြေအနေများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)



ဗုဒ္ဓရုပ်ပွားတော်များ၊ ထောက်ပံ့ငွေများ၊ ကယ်ဆယ်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် ဆန်အိတ်များကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် သာသနာ့ဟိတကာရီမြောင်ရုံ၌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဒေသခံပြည်သူများအား အခမဲ့ဆေးကုသပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်

စာမျက်နှာ ၈ မှ

မီးသတ်ယာဉ်နှစ်စီး၊ နမ္မတူမြို့နယ်မှ မီးသတ်ယာဉ်တစ်စီး၊ မန်စံမြို့နယ်မှ မီးသတ်ယာဉ်တစ်စီး စုစုပေါင်းမီးသတ်ယာဉ် ၂၁ စီးနှင့် အုပ်ချုပ်မှုယာဉ်တစ်စီးတို့ဖြင့် ပူးပေါင်းငြိမ်းသတ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ မီးကြွင်းမီးကျန်များ ဆက်လက်ငြိမ်းသတ်လျက်ရှိသည်။

အဆိုပါမီးလောင်သည့်ရပ်ကွက်များအတွက် နိုင်ငံတော်အစိုးရအဖွဲ့မှ ဆန်အိတ်တစ်ထောင်၊ မီးဘေးသင့်အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် သုံးသိန်းနှင့် ဆယ်တန်းကျောင်းသားတစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် နိုင်ငံတော်သမ္မတခရီးစဉ်တွင် ထောက်ပံ့ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



**မီးလောင်မှုဖြစ်ပွားခဲ့သည့် နမ့်ဆန်မြို့ မင်္ဂလာရပ်ကွက်နှင့် မြို့ဟောင်းရပ်ကွက်တို့၌ လူနေအိမ်နှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုအခြေအနေကို တွေ့ရစဉ်။** (သတင်းစဉ်)

စာမျက်နှာ ၆ မှ

နိုင်ငံရေးပါတီ အသီးသီးက လွှတ်တော်ကိုယ်စားလှယ်အသီးသီးဟာ ညီညီညွတ်ညွတ်နဲ့ လုပ်ဆောင်ခဲ့တဲ့အတွက်ကြောင့် ဥပဒေပေါင်း ၂၂၉ ခုနဲ့ လွှတ်တော်ရဲ့လုပ်ငန်းတာဝန်တွေကို ထမ်းဆောင်ခဲ့ပြီးဖြစ်ပါတယ်။ ပါတီတစ်ခုနဲ့ တစ်ခုနီးတယ်ဝေးတယ်ဆိုတာ ကျွန်တော်တို့မှာမရှိပါဘူး။

ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အား ပထမအကြိမ် လွှတ်တော်မှာ ဥက္ကဋ္ဌကြီး သူရဦးရွှေမန်း စတင်ဖွဲ့စည်းခဲ့တဲ့ ကော်မရှင်ဖြစ်ပါတယ်။ ကော်မရှင်ရဲ့အားဟာ ထောက်ပံ့မှုတွေ အများကြီးရခဲ့ပါတယ်။ လာမယ့်ငါးနှစ်မှာ သူရဦးရွှေမန်းက ဥပဒေရေးရာနဲ့ အထူးကိစ္စရပ်တွေ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်တာဟာ နိုင်ငံတော်အတွက်ရော လွှတ်တော်အတွက်ပါ ဂုဏ်ယူစရာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအရွေ့က ၂၀၁၀ နဲ့ ၂၀၁၅ ခုနှစ် မတူပါဘူး။

ယနေ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို ဖြတ်သန်းလာတဲ့ငါးနှစ်မှာ အားလုံးက ညီအစ်ကိုမောင်နှမတွေ ဖြစ်ပါတယ်။ ပါတီအားလုံးက မြန်မာနိုင်ငံကြီး တိုးတက်ဖို့အတွက် ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ ပါတီနာမည်လေးပဲ ကွာတာပါ။ လုပ်တဲ့လုပ်ငန်းတွေက အတူတူပဲဖြစ်ပါတယ်။

ပြီးခဲ့တဲ့ငါးနှစ်မှာ လုပ်ခဲ့တဲ့ ကိုယ်စားလှယ်အားလုံးရဲ့ အသိက တစ်ထပ်တည်း ဖြစ်သွားပါပြီ။ ဒါကြောင့် လာမယ့်ကာလမှာ ကျွန်တော်တို့ကို ရွေးချယ်ခံရတာ မခံရတာ စတဲ့ကိစ္စတွေက သပ်သပ်ပါ။ အမျိုးသားနိုင်ငံရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့က အတတ်နိုင်ဆုံး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

**ဦးဦးလှစော**
**မြောက်ဦးမြို့နယ်မဲဆန္ဒနယ်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

အခု လွှတ်တော်သက်တမ်းမှာ အပြောင်းအလဲအနေနဲ့ကတော့ အရင်ငါးနှစ်ကထက်စာရင် ပိုပြီးတော့ ထိန်းထိန်းကျောင်းကျောင်းလေး ပိုဖြစ်လာမယ်လို့ထင်တယ်။ အင်စတီကျူးရှင်း အနေနဲ့လည်း ပိုပြီး ခိုင်ခိုင်မာမာ လုပ်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာက ပြဿနာတွေကလည်း များတယ်။ ဆင်းရဲနိမ့်ကျမှု၊ ပညာရေး၊ ကျန်းမာရေး၊ ဘက်ပေါင်းစုံက ဝိုင်းပယ်ခံထားရတယ်ဆိုတော့ တင်ပြစရာတွေက အများကြီးပါ။ အမျိုးသားလွှတ်တော်မှာ တိုင်းရင်းသားနှစ်ဦးကို ဥက္ကဋ္ဌနဲ့ ဒုဥက္ကဋ္ဌခန့်လိုက်တာနဲ့ တိုင်းရင်းသားတွေရဲ့အခွင့်အရေး အရင်ကထက် ရမရဆိုတာတော့ တက်လာမယ့် အစိုးရရဲ့ သဘောထားပေါ်မှာပဲ မူတည်ပါတယ်။ ဒါပေမယ့် အရင်ထက်စာရင်တော့ တိုးတက်မှုတွေ မြင့်မားလာမယ်လို့ ထင်ပါတယ်။ တကယ်တမ်း အပြောင်းအလဲကို လိုလားတာက တိုင်းရင်းသားတွေပဲ။ တိုင်းရင်းသားတွေကအပြောင်းအလဲကို မျှော်လင့်ပါတယ်။ မျှော်လင့်လို့လည်း ဒီနေရာကိုရောက်လာကြတာပါ။ အပြောင်းအလဲမဖြစ်ရင်တော့ အရင်ထက်ကိုပိုပြီး နာမည်ဆိုးသွားလိမ့်မယ်။ ကော်မတီတွေဖွဲ့စည်းတာနဲ့ ပတ်သက်လို့ အနိုင်ရပါတီအနေနဲ့ သူတို့အဆင်ပြေမယ့်သူ၊ သင့်တော်တဲ့သူတွေနဲ့ပဲ ဖွဲ့စည်းတာဖြစ်လို့ ဘာမှပြောစရာမရှိပါဘူး။ အမျိုးသားရင်ကြားစေ့ရေးနဲ့ပတ်သက်လို့ မြန်မာပြည်ရဲ့နိုင်ငံရေးမှာ ဗမာနဲ့ ဗမာမဟုတ်တဲ့လူမျိုးတွေရဲ့ ဆက်နွယ်မှုက တော်တော်အရေးကြီးပါတယ်။ တိုင်းရင်းသားတွေဆိုတာက ကျန်းမာရေး၊ ပညာရေး အဘက်ဘက်က နိမ့်ကျတဲ့ အခွင့်အရေးဆုံးရှုံးနေတဲ့သူတွေ။ အဲဒီတော့ ဗမာပါတီကြီးအနေနဲ့ ဘယ်လိုလုပ်မလဲဆိုတာ ပိုအရေးကြီးတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ညီရင်းအစ်ကိုလို တန်းတူဆက်ဆံပြီး ဖွံ့ဖြိုးတိုးတက်စေချင်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ကျော်စိုး**
**တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်**

လက်ရှိ ဒုတိယအကြိမ်လွှတ်တော်ကျင်းပမှုနဲ့ ပတ်သက်ပြီး ပြောရရင် ကျွန်တော်တို့ရည်မှန်းထားတဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံဖြစ်ဖို့အတွက် ကျွန်တော်တို့ တပ်မတော်အနေနဲ့လည်း အားလုံးနဲ့ ပူးပေါင်းပြီး ပါဝင်ဆောင်ရွက်သွားမှာပါ။ လွှတ်တော်ထဲမှာ အခုလို အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်တဲ့အတွက် ရှေ့ဆက်ပြီး တိုင်းပြည်ရဲ့ အနာဂတ်ဟာလည်း အေးအေးချမ်းချမ်းနဲ့ အများကြီးဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**ဒေါက်တာ မြတ်ညဏစိုး**
**ရန်ကုန်တိုင်းဒေသကြီး**
**မဲဆန္ဒနယ် အမှတ်(၃)**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**

အတွင်းရေးမှူးတာဝန်ကို ပထမအကြိမ် လွှတ်တော်သက်တမ်းမှာလည်း ဆောင်ရွက်ခဲ့ပြီးပြီဆိုတော့ အခုဒုတိယအကြိမ် သက်တမ်းမှာ ပထမအကြိမ်သက်တမ်းတုန်းက အားနည်းချက်၊ အားသာချက်တွေကို ပြန်သုံးသပ်ပြီးတော့ ဆက်လုပ်ဖို့ပဲရှိပါတယ်။ ပထမအကြိမ် လွှတ်တော်သက်တမ်းတုန်းက တာဝန်ထမ်းဆောင်ခဲ့တဲ့ ဒီဥပဒေကြမ်းကော်မတီဝင်တွေ၊ အကုန်လုံးကိုလည်း ကျွန်တော့်အနေနဲ့ ဂုဏ်ပြုချင်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီလမ်းကြီးကို အသစ်ဖောက်ပြီးတော့ စလျှောက်ခဲ့ရလို့ပါ။ ဒုတိယအကြိမ် သက်တမ်းကတော့ ပထမအကြိမ်ထက်ပိုပြီး ပြည်သူနဲ့နီးစပ်တဲ့ ဥပဒေပြဋ္ဌာန်းချက်မျိုးတွေ ဖြစ်လာမယ်လို့ ထင်ပါတယ်။ ပိုပြီးတော့ စွမ်းဆောင်ရည်တွေလည်း မြင့်လာကြတယ်။ အတွေ့အကြုံလည်း ရှိခဲ့ကြပြီဆိုတော့ ပထမအကြိမ်ထက်ပိုပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်ကြလိမ့်မယ်လို့ ထင်ပါတယ်။

ပထမအကြိမ်တုန်းက အချိန်အတိုင်းအတာအရ ခေတ်စနစ်တစ်ခုပြောင်းဖို့အတွက် အားမရမကျေနပ်နိုင်တဲ့ဥပဒေတွေ အများကြီးရှိပါတယ်။ ဥပမာဆိုရရင် “ဗဟိုဘဏ်ဥပဒေ” လိုဟာမျိုး၊ ဘဏ်နဲ့ငွေရေးကြေးရေးများဆိုင်ရာ၊ အဖွဲ့အစည်းများဆိုင်ရာ ဥပဒေလိုဟာမျိုးတွေကို ပြဋ္ဌာန်းပေးခဲ့နိုင်ပေမယ့် တကယ့်တကယ် ဗဟိုဘဏ်က သူ့ဟာနဲ့သူ ကိုယ်ပိုင်ရပ်တည်နိုင်ပြီလား။ မဖြစ်သေးဘူးဆိုရင် ထပ်ပြီးတော့ လက်နက်တွေ တပ်ဆင်ပေးရဦးမယ်။ တိုင်းပြည်တစ်ပြည်မှာ ငွေရေးကြေးရေးဆိုင်ရာ တည်ငြိမ်မှု အလွန်အရေးကြီးပါတယ်။ အခု ဒေါ်လာဈေးတွေ ထိုးကျသွားပြန်ပြီ။ တက်တုန်းကလည်း တက်တယ်။ ဒါဆို ဗဟိုဘဏ်က ထိန်းညှိပေးနေလို့လား။ မဟုတ်ပါဘူး။ ဗဟိုဘဏ်က ထိန်းညှိပေးနေပေမယ့်လည်း အပြင်ဈေးကွက်ရဲ့ အခြေအနေအရပဲ ဒါတွေက ပြောင်းနေတယ်။

ဥပဒေဆိုတာက ပြည်သူတွေရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ဖို့၊ နောက်တစ်မျိုးက ပြည်သူ့အကျိုးစီးပွားကို တိုးတက်လာအောင် မြင့်တင်ဖို့ ဒီနှစ်ရပ်ပဲရှိပါတယ်။ အဲဒါတွေကို တကယ်အကောင်အထည်ဖော်နိုင်ရဲ့လား။ ဥပဒေကတော့ ဥပဒေကြမ်းကနေ ဥပဒေအဖြစ်တော့ ရောက်သွားတယ်။ တကယ်လက်တွေ့ကျင့်သုံးလို့ ရမရ၊ တာဝန်ယူဆောင်ရွက်တဲ့ ပြည်ထောင်စုအဆင့်ဌာနတွေ၊ အဖွဲ့အစည်းတွေက တကယ်လိုက်နာကျင့်သုံးခြင်း ရှိမရှိ၊ ဒီဘက် ဒုတိယအကြိမ် သက်တမ်းမှာတော့ အဲဒီအချက်တွေပါ ပါဖို့ကောင်းပါပြီ။

နောက်တစ်ခု ကျွန်တော်တို့ ဒီမှာဆိုင်းငံ့ထားတဲ့ အကျဉ်းထောင်ဥပဒေဟာလို နေရာမျိုးမှာလည်း နိုင်ငံရေး အကျဉ်းသားဆိုတာက ရှိကိုရှိပါတယ်လို့ နိုင်ငံတော်သမ္မတကလည်း ဖွင့်ဟပြီးတော့ ကြေညာပြီးပြီ။ သို့သော် ဘာဖြစ်လို့ ဒီထဲမှာ နိုင်ငံရေးအကျဉ်းသားဆိုတဲ့ Definition မပါလာရသေးလဲ။ နောက်ပြီး အကျဉ်းထောင်တွေမှာ အကျဉ်းသားတစ်ဦးချင်းစီအလိုက် ခွဲတာမျိုးမဟုတ်ဘဲနဲ့ အကျဉ်းထောင်တွေကို ခွဲရမှာ။ နိုင်ငံတကာမှာလည်းရှိပါတယ်။ လူသတ်မှုတို့ မုဒိမ်းမှုတို့လို တရားခံမျိုးတွေက အကျဉ်းထောင်တစ်ခုမှာ ရှိသင့်တယ်။ အကျဉ်းထောင်တစ်ခုရဲ့ အကျဉ်းခန်းတစ်ခုတည်းမှာပဲ အကျဉ်းသားတွေကို ရောထွေးပြီးထားတဲ့အခါကျတော့ ခါးပိုက်နှိုက်ကနေ ထောင်ထဲဝင်သွားတယ်။ ပြန်လည်ပြုပြင်ရင် Correction ဆိုတာ မဖြစ်ဘူး။ ပြန်လည်ထွက်လာတဲ့အခါကျတော့ သူခိုးဖြစ်လာတယ်။ သူခိုးကမှ ပြန်ဝင်သွားတော့ ဓားပြဖြစ်လာတယ်ဆိုတဲ့ အခြေအနေမျိုးတွေဟာ လက်တွေ့ကြုံတွေ့နေရတာပဲ။ လွတ်ငြိမ်းချမ်းသာခွင့်တွေ ပေးလိုက်တဲ့နေရာမှာလည်း အင်မတန်မှ တရားဥပဒေစိုးမိုးမှုကို ထိခိုက်နိုင်တဲ့အခြေအနေမျိုးတွေ ရှိတယ်။ ဘာလို့လဲဆိုတော့ ထောင်ဆိုတာက ပြုပြင်ပြောင်းလဲပေးရမယ့်နေရာဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲပေးရမယ့် အနေအထားမျိုးကို မရောက်တဲ့အခါမှာ တိုင်းပြည်အတွက် အင်မတန်နစ်နာပါတယ်။

အချုပ်ပြောချင်တာက ပြည်သူ့အကျိုးစီးပွားကို ကာကွယ်ဖို့ရယ်၊ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ဖို့ရယ် အဲဒီအချက်နှစ်ချက်က သိပ်အရေးကြီးတယ်။ ဒီနှစ်ချက်ကို သေသေချာချာ တိတိကျကျဖြစ်အောင်တော့ ဥပဒေတွေမှာလိုလာပြီ။ ဒါကြောင့်မို့ ပြဋ္ဌာန်းပြီးတဲ့ ဥပဒေတွေမှာလည်း ပြင်ဆင်စရာတွေ အများကြီးရှိပါတယ်။ ပြင်ဆင်သင့်တဲ့ ဥပဒေတွေ ဦးစားပေးအဆင့်ဆင့်အနေနဲ့ ပြန်ပြင်ဆင်သွားမှာပါ။



ဒေါက်တာ မြတ်ညဏစိုး
ရန်ကုန်တိုင်းဒေသကြီး
မဲဆန္ဒနယ် အမှတ်(၃)
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်



ဦးသိမ်းဆွေ
ဧရာဝတီတိုင်းဒေသကြီး
မဲဆန္ဒနယ် အမှတ်(၁၀)
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

ဦးစားပေးတဲ့နေရာမှာလည်း ပြည်သူတွေအတွက် လက်ငင်းအကျိုးဖြစ်ထွန်းမယ့် ဥပဒေမျိုးတွေကို ဖော်ဆောင်ရမှာပါ။ နောက်တစ်ခုက ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနတွေရဲ့ အားနည်းမှုကျတော့ ဥပဒေကြမ်းကော်မတီတစ်ခုတည်းနဲ့ မဆိုင်တော့ဘူး။ လွှတ်တော်ကြီးတစ်ခုလုံးနဲ့ ဆိုင်သွားပြီ။ Check and balance ဆိုတာက အရေးကြီးတဲ့ကိစ္စတစ်ခုဖြစ်လာမယ်။ နောက်တက်လာမယ့် အစိုးရအဖွဲ့ကျရင်တော့ လွှတ်တော်နဲ့ ဟန်ချက်ညီညီ အစိုးရအဖွဲ့ကလည်း တာဝန်ယူပြီး ဒီလုပ်ငန်းတွေကို ချိန်သားကိုက်လုပ်ဆောင်သွားရမှာပါ။

**ဦးသိမ်းဆွေ**
**ဧရာဝတီတိုင်းဒေသကြီး**
**မဲဆန္ဒနယ် အမှတ်(၁၀)**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**

ကျွန်တော်တို့က တတ်နိုင်သမျှ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ကြမှာပါ။ သက်ဆိုင်ရာအစိုးရအဖွဲ့ ဝန်ကြီးတွေက လွှတ်တော်ထဲမှာ ကတိတွေပေးခဲ့တယ်။ ပေးသွားတဲ့ ကတိတွေက တကယ် တည် မတည်၊ တကယ်ဆောင်ရွက်မှု ရှိ မရှိ စိစစ်ပြီးရင် ဆောင်ရွက်မှုမရှိသေးတဲ့ သက်ဆိုင်ရာပြည်ထောင်စု အဆင့်ဝန်ကြီးတွေကို လွှတ်တော်ထဲခေါ်ပြီးတော့ ကြားနာမှုတွေလုပ်ပြီး တွန်းအားပေးဆောင်ရွက်တာတွေ လုပ်မယ်။ ပြည်သူရဲ့ ဘဏ္ဍာငွေတွေကို အဟောသိကံ လုပ်ပစ်နေတာ၊ အဂတိလိုက်စားမှုတွေရှိနေတာ၊ ဒါမျိုးတွေမဖြစ်ရဘူး။ ဒါတွေကိုလည်း တတ်နိုင်သမျှ ထောက်ပြမယ်၊ ဆွေးနွေးသွားမယ်။

လွှတ်တော်ကနေ ဘယ်ဟာတွေကတော့ ကတိကဝတ်ပေးထားတယ်။ ကတိကဝတ်ပေးပြီးတော့ ဆောင်ရွက်ထားတဲ့အခါမှာတော့ ဘယ်နှခုနှစ်ရောက်နေပြီ။ ဒါတွေမပြီးပြတ်သေးဘူး။ ဘယ်ဘတ်ဂျက်အတွင်းမှာ ဆောင်ရွက်ထားတယ်။ ဒါနဲ့ပတ်သက်ပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့် ဝန်ကြီးတွေနဲ့ လွှတ်တော်ထဲမှာ အပြန်အလှန်ညှိနှိုင်းဆောင်ရွက်မယ်။ ဒါတွေကတော့ မဆောင်ရွက်သေးဘူးလို့ဆိုပြီး အဆင့်ဆင့်ပြန်ပြီးညွှန်ကြားလိုက်ရင် အချိန်မီ ပြီးစီးသွားမှာပါ။ နောက်ပြီး ချပေးထားတဲ့ ဘတ်ဂျက်ကွာဟမှုတွေ များနေပြီဆိုရင်တော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကို အရေးယူဆောင်ရွက်ဖို့အတွက် ကျွန်တော်တို့ တွန်းအားပေးရမှာဖြစ်ပါတယ်။

ပြည်သူတွေ မျှော်လင့်နေတဲ့ အစိုးရကောင်းတစ်ရပ်နဲ့ ပြည်သူမျှော်လင့်တဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေအတွက် လွှတ်တော်ရဲ့အခန်းကဏ္ဍကို စောင့်ကြည့်ပါ။ မီဒီယာတွေအနေနဲ့လည်း ကျွန်တော်တို့ဘက်က ဆောင်ရွက်မှုတွေ အားနည်းလာတယ်ဆိုရင် လွတ်လပ်စွာ ဝေဖန်ရေးသားလို့ရပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျွန်တော်တို့ ကြိုးစားမှာပါ။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ဆက်သွယ်လှူဒါန်းနိုင်

နမ့်ဆန်မြို့နှင့် လပွတ္တာမြို့တို့မှ မီးဘေးသင့်ပြည်သူများအတွက် စေတနာရှင်ပြည်သူများအနေဖြင့် တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အသင်းအဖွဲ့အနေဖြင့်သော်လည်းကောင်း၊ အလှူငွေနှင့်ပစ္စည်းများလှူဒါန်းလိုပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရုံး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ အောက်ပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

| စဉ် | ရုံးချုပ်/တိုင်းဒေသကြီး/ပြည်နယ်/ ခရိုင်ဦးစီးမှူးရုံး | ဖုန်း | လိပ်စာ |
|---|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ် | ၀၆၇-၄၀၄၀၅၀<br>၀၉-၈၆၀၀၀၂၅ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော် |
| ၂ | ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၆၇-၄၀၄၀၄၈<br>၀၉-၈၆၀၁၁၆၅ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော် |
| ၃ | ညွှန်ကြားရေးမှူး(စီမံ-ဘဏ္ဍာ) | ၀၆၇-၄၀၄၃၁၆<br>၀၉-၂၀၂၁၄၉၁ | ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော် |
| ၄ | ညွှန်ကြားရေးမှူး(ကယ်ဆယ်ရေး) | ၀၆၇-၄၀၄၃၁၈<br>၀၆၇-၄၀၄၄၂၀<br>၀၉-၄၃၁၂၀၈၆၅<br>၀၉-၄၂၈၁၂၅၀၂၇ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ရုံးအမှတ်(၂၃)၊နေပြည်တော် |
| ၅ | နေပြည်တော်ကောင်စီနယ်မြေ တိုင်းဦးစီးမှူးရုံး | ၀၆၇-၃၅၀၂၈၄<br>၀၉-၂၆၂၆၉၀၀၃၃ | နေပြည်တော်ကောင်စီနယ်မြေ၊ဇမ္ဗူသီရိမြို့နယ် ကွင်းအမှတ်(၁၂)၊ နေပြည်တော် |
| ၆ | ကချင်ပြည်နယ် ဦးစီးမှူးရုံး | ၀၇၄-၂၄၀၁၅<br>၀၇၄-၂၁၈၂၂<br>၀၉-၄၇၀၂၄၁၄၂ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တပ်ကုန်း၊ ဧဒင်ရပ်ကွက်၊ မြစ်ကြီးနားမြို့ |
| ၇ | ကယားပြည်နယ် ဦးစီးမှူးရုံး | ၀၈၃-၂၂၀၇၉<br>၀၈၃-၂၃၁၃၀<br>၀၉-၄၉၄၀၀၉၅၃ | ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊အမှတ်(၁၄/ခ)သမိန်ထောလမ်း၊ မင်းစုရပ်ကွက်၊ ပြည်နယ်တရားရုံးကျောဘက်၊ လွိုင်ကော်မြို့ |
| ၈ | ကရင်ပြည်နယ် ဦးစီးမှူးရုံး | ၀၅၈-၂၂၄၅၁<br>၀၅၈-၂၃၃၉၈<br>၀၉-၄၉၇၇၁၄၁၄ | ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ လုပ်သားလမ်း၊ အမှတ်(၆)ရပ်ကွက်၊ ဘားအံမြို့ |
| ၉ | ချင်းပြည်နယ် ဦးစီးမှူးရုံး | ၀၇၀-၂၁၇၆၈<br>၀၉-၃၃၃၄၇၈၄၀<br>၀၉-၄၇၁၇၂၂၉၅ | ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊အမှတ်(၁)၊ဂေါက်ကွင်းလမ်း၊ မြို့သစ်ရပ်၊ ဟားခါးမြို့ |
| ၁၀ | စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး | ၀၇၁-၂၃၂၂၁<br>၀၇၁-၂၆၅၀၈<br>၀၉-၄၇၀၉၃၄၈၀ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ နန္ဒဝန်ရပ်ကွက်၊ တိုင်းရုံးပေါင်းစုံ၊ မုံရွာတက္ကသိုလ်အနီး၊ မုံရွာမြို့ |
| ၁၁ | တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး | ၀၅၉-၂၄၀၂၀<br>၀၅၉-၂၃၅၇၆<br>၀၉-၄၉၈၅၂၈၀၈ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ အာဇာနည်လမ်း၊ ဗျောတောဝရပ်ကွက်၊ (ရယကရုံးရှေ့)၊ ထားဝယ်မြို့ |
| ၁၂ | ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး | ၀၅၂-၂၂၃၀၃၆၁<br>၀၅၂-၂၂၃၀၁၉၃<br>၀၉-၄၃၀၅၄၂၆၁ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ သမိန်ဗရမ်းလမ်းမကြီး၊ အမှတ်(၇) ဂိုဒေါင်၊ ဥဿာမြို့သစ်၊ရပ်ကွက်ကြီး(၆)၊ နှစ်ရှည်ရုံးဘေး၊ ပဲခူးမြို့ |
| ၁၃ | မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး | ၀၆၃-၂၅၉၅၀<br>၀၆၃-၂၈၆၀၁<br>၀၉-၄၇၂၀၂၉၂၉ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ အမှတ်(၉၄၈)၊ ဘိုးရတနာ ရေသန့် စက်ရုံလမ်း၊ ဇက်ဆိပ်လမ်းနှင့်(၁၆) လမ်းကြား၊ အောင်မေတ္တာ(က)ရပ်ကွက်၊ မကွေးမြို့ |
| ၁၄ | မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး | ၀၂-၃၉၄၅၇<br>၀၂-၆၇၄၇၀<br>၀၉-၄၃၁၂၀၈၆၇ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ အမှတ်(၆၄×၆၅)၊ (၃၄×၃၅)ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ |
| ၁၅ | မွန်ပြည်နယ်ဦးစီးမှူးရုံး | ၀၅၇-၂၄၈၂၅<br>၀၅၇-၂၄၂၉၆<br>၀၉-၄၉၈၀၅၁၉၉ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊အမှတ်(၇၂)၊တောင်ပေါ်လမ်းနှင့် ဆည်မြောင်းလမ်းထောင့်၊မောင်ငံရပ်ကွက်၊ မော်လမြိုင် |
| ၁၆ | ရခိုင်ပြည်နယ်ဦးစီးမှူးရုံး | ၀၄၃-၂၃၀၆၉<br>၀၄၃-၂၂၉၀၃<br>၀၉-၄၉၆၅၀၉၁၀<br>၀၉-၅၆၈၀၄၆၅ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တက္ကသိုလ်လမ်း၊ တက္ကသိုလ်ဆရာ/ဆရာမများ အဆောင်ရှေ့၊ မကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့ |
| ၁၇ | ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး | ၀၁-၅၂၁၉၆၇<br>၀၁-၆၆၁၈၁၂<br>၀၁-၆၅၁၀၈၉<br>၀၁-၅၆၄၆၈၉<br>(တောင်ဥက္ကလာပရုံး)<br>၀၉-၇၃၁၀၄၆၉၃ | ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊အမှတ်(၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ကုန်သွယ်လယ်ယာ ဂိုဒေါင်ဝင်းအတွင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၁၈ | ရှမ်းပြည်နယ်ဦးစီးမှူးရုံး | ၀၈၁-၂၀၈၃၂၂<br>၀၉-၅၂၁၄၃၉၅ | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ အကွက်အမှတ်(၅၄)၊ စုပေါင်းရုံးရပ်၊ ရပ်ကွက်(၃)၊နယ်မြေ(၁)အေးသာယာ၊ တောင်ကြီးမြို့ |
| ၁၉ | ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး | ၀၄၂-၂၁၀၆၁<br>၀၄၂-၂၅၀၁၄<br>၀၉-၄၉၀၀၀၂၉၀ | ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ဘန့်ဘွေးကုန်းသိုလှောင်ရုံဝင်းအတွင်း၊ ဘန့်ဘွေးကုန်းရပ်၊ ပုသိမ်မြို့ |

## နမ့်ဆန်နှင့် လပွတ္တာမြို့တို့မှ မီးဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပအလှူရှင်များက အလှူငွေများ လှူဒါန်းနိုင်ရန် ငွေစာရင်းအမှတ်များ အသိပေးဖော်ပြခြင်း

နေပြည်တော် ဖေဖော်ဝါရီ ၅

**နမ့်ဆန်နှင့်လပွတ္တာမြို့တို့မှ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများကို ပြည်တွင်း/ပြည်ပအလှူရှင်များက နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၊လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများသို့ အလှူရှင်များလွယ်ကူစွာလာရောက်လှူဒါန်းနိုင်ရန်အတွက် အောက်ပါငွေစာရင်းအမှတ်များ ဖွင့်လှစ်ပြီးဖြစ်၍ တိုက်ရိုက်ထည့်သွင်းလှူဒါန်းနိုင်ပါရန် ဖော်ပြအပ်ပါသည်-**

(၁) **မြန်မာငွေ**
- ငွေစာရင်းအမည် - အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ
- ငွေစာရင်းအမှတ် - OA-011834
- ဘဏ်အမည် - မြန်မာ့စီးပွားရေးဘဏ်၊နေပြည်တော်
- လိပ်စာ - အမှတ်(၂၆)၊သီရိကျော်စွာလမ်း၊ ဘဏ်ဇုန်၊ နေပြည်တော်။

(၂) **နိုင်ငံခြားငွေ**
- ငွေစာရင်းအမှတ် - 1DA-0300086
- ငွေစာရင်းအမည် - Natural Disaster Management Fund
- ဘဏ်အမည် - Myanma Foreign Trade Bank
- SWIFT CODE - MFTB MMMY
- လိပ်စာ - No(80-86)၊ Maha Bandoola Garden Street, Kyauktada Township, Yangon, Myanmar

ဆက်သွယ်ရန်လိပ်စာ - ဦးစိုးအောင်၊ညွှန်ကြားရေးမှူးချုပ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန
ဖုန်း-၀၆၇-၄၀၄၀၅၀၊ ၀၉-၈၆၀၀၀၂၅၊
ဦးမျိုးဆက်အောင်၊လက်ထောက်အတွင်းဝန် (ညွှန်ကြားရေးမှူး) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊
ဖုန်း-၀၆၇-၄၀၄၃၇၃၊ ၀၉-၂၅၀၉၆၅၈၈၉၊
ဒေါ်လဲ့လဲ့အေး၊ ညွှန်ကြားရေးမှူး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန
ဖုန်း-၀၆၇-၄၀၄၃၁၆၊၀၉-၂၀၂၁၄၉၁၊
ဒေါ်နီလာထွန်း၊ ဒုတိယညွှန်ကြားရေးမှူး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန
ဖုန်း-၀၆၇-၄၀၄၂၄၃၊၀၉-၄၂၀၇၀၃၆၄၇။

## လပွတ္တာနှင့် နမ့်ဆန်မြို့မှ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့

**ရန်ကုန် ဖေဖော်ဝါရီ ၅**

ဖေဖော်ဝါရီ ၄ ရက်ကဖြစ်ပွားခဲ့သော ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ မီးလောင်မှုနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ဆန်မြို့များရှိ မီးဘေးသင့်ပြည်သူများထံသို့ ကမ္ဘောဇဘဏ်၊ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက အလှူငွေများနှင့် ထောက်ပံ့ပစ္စည်းများကို ယနေ့ သွားရောက်လှူဒါန်းခဲ့ကြသည်။ **(အောက်ပုံ)**

ထိုသို့ လှူဒါန်းရာတွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများကို ထမင်းဟင်းများ ချက်ပြုတ်ကျွေးမွေး လှူဒါန်းခြင်းများအပြင် မီးဘေးသင့်အိမ်ထောင်စု ၂၂၅ စုအတွက် အိမ်ထောင်စု တစ်စုလျှင် ထောက်ပံ့လှူဒါန်းငွေကျပ် ငါးသိန်းစီအပါအဝင် စုစုပေါင်းကျပ်သိန်း ၁၅၀၀ တန်ဖိုးရှိ ဆန်တစ်အိတ်စီ၊ ဆီတစ်ပုံးစီ၊ ငါးခြောက်ငါးပိသာစီ၊ ကုလားပဲ ငါးပိသာစီနှင့် သောက်ရေသန့်များ လှူဒါန်းခဲ့သည်။

ထို့အပြင် နမ့်ဆန်မြို့ရှိ မီးဘေးသင့်အိမ်ထောင်စု ၂၈၅ စုအတွက်လည်း ထမင်းဟင်းများနှင့် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့လှူဒါန်းငွေကျပ် ငါးသိန်းစီအပါအဝင် စုစုပေါင်းကျပ်သိန်း ၁၇၀၀ တန်ဖိုးရှိ ဆန်တစ်အိတ်စီ၊ ဆီတစ်ပုံးစီ၊ ကုလားပဲငါးပိသာစီနှင့် ငါးခြောက်များ၊ သောက်ရေသန့်များကို လည်းကောင်း အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းအဖွဲ့ဝင်များနှင့် ကမ္ဘောဇဘဏ်လီမိတက်မှ ဝန်ထမ်းများက သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**




## မူဆယ်ဒေသ မီးအားပြည့်မီရေး ဆောင်ရွက်

**မူဆယ် ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့၌ (၆၆/၁၁)ကေဗွီ ၂၀ အမ်ဗွီအေ ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးထားသော ၁၁ ကေဗွီ စယ်လန့်ဖီဒါအား အများပြည်သူများ ဗို့အားပြည့်မီစွာသုံးစွဲနိုင်ရေးနှင့် ဝန်အားပိုမိုသုံးစွဲနိုင်ရေးအတွက် Junction River Trading Co.,Ltd. က (System Improvement) လုပ်ငန်းအဖြစ် ACSR (70) $mm^2$ လိုင်းကြိုးအစား ACSR (120)$mm^2$ ကြိုးဖြင့် လဲလှယ်ခြင်းလုပ်ငန်းဆောင်ရွက်နေကြောင်း သိရသည်။ **အယ်လ်စိုး(ပြန်/ဆက်)**

# မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးဆွေးနွေး



လှည်းတန်းဈေးတစ်နေရာ၌ မြန်မာ့အဓိကစားကုန်ဖြစ်သည့် ဆန်ရောင်းချနေမှုကို တွေ့ရစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၅**

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးနှင့် မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးဆွေးနွေးပွဲကို ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI ၌ ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၏ တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက မြန်မာ့ဆန်စပါးလောကအတွက် အထူးအရေးကြီးသောကြောင့် တက်ရောက်လာသူများအနေဖြင့် ရလဒ်ကောင်းများ ဖော်ထုတ်ရရှိနိုင်စေရေး ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြစေလိုကြောင်း၊ ဌာနအနေဖြင့် ဈေးကွက်ယှဉ်ပြိုင်နိုင်ရေးအတွက် မလိုလားအပ်သည့် ကြားခံကုန်ကျစရိတ်များ လျှော့ချနိုင်ရေး၊ ညှိနှိုင်းဖြေရှင်းပေးနိုင်ရန်နှင့် ဈေးကွက်ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အရည်အသွေးစံချိန်စံညွှန်းမြှင့်တင်ရေး၊ ဈေးနှုန်းပိုမိုရရှိရေးအတွက် တန်ဖိုးမြှင့်ထုတ်ကုန် တိုးတက်ဖြစ်ထွန်းစေရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ကူညီပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့ဆန်စပါးကဏ္ဍတိုးတက်ရေးအတွက် စာတမ်းရှင်များဖြစ်ကြသော ဦးမျိုးသူရအေးနှင့် ဒေါက်တာစိုးထွန်းတို့က စာတမ်းများဖတ်ကြားပြီး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍအတွက် အဓိကစိန်ခေါ်မှုများမှာ အစိုးရ၏မူဝါဒ၊ စိုက်ပျိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံ၊ ငွေကြေး၊ လယ်ယာမြေမူဝါဒများ၊ ဓာတ်မြေဩဇာ ပိုးသတ်ဆေးမျိုးစပါး၊ အာမခံစနစ်၊ ဈေးကွက်၊ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရာတွင် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများ၊ ကုန်ကားများကို စုစည်းစစ်ဆေးမှုကြောင့် ရန်ကုန်နှင့်နယ်များတွင် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်မှု၊ မီးရထားဖြင့် ကုန်စည်ပို့ဆောင်မှုကြောင့် စရိတ်သက်သာပြီး မြန်ဆန်စွာတင်ပို့နိုင်မှု၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သော ရေရှားပါးမှုသည် စိုက်ပျိုးရေးကဏ္ဍတွင် ထိခိုက်မှုရှိလာနိုင်မည့် အကြောင်းများ၊ ငွေလဲလှယ်နှုန်းခိုင်မာရန်လိုအပ်ပုံများနှင့် စက်မှုလယ်ယာကူးပြောင်းရာတွင် လမ်းပန်းဆက်သွယ်ရေးအရေးကြီးပုံနှင့် စက်ပစ္စည်းများ၏အရည်အသွေးများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံသည် တစ်နှစ်ထက်တစ်နှစ် ကုန်သွယ်မှုပမာဏတိုးတက်လာခဲ့ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် တွင် ဒေါ်လာ ၁၅ ဒသမ ၂၇ ဘီလီယံမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဇန်နဝါရီ ၂၉ ရက်အထိ ၂၂ ဒသမ ၄၄ ဘီလီယံအထိ ကုန်သွယ်မှုပမာဏရောက်ရှိနေကြောင်း၊ ဆန်နှင့်ဆန်ထွက်ပစ္စည်း ပြည်ပတင်ပို့မှုမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် တန်ချိန်အားဖြင့် ၅ ဒသမ ၃၆ သိန်း၊ တန်ဖိုးအားဖြင့် ၁၉၈ ဒသမ ၀၈ သန်းရှိခဲ့ရာမှ ယခုဘဏ္ဍာနှစ်တွင် ဇန်နဝါရီ ၂၉ ရက်အထိ တန်ချိန်အားဖြင့် ၁၂ ဒသမ ၉၄ သိန်း တန်ဖိုးအားဖြင့် ဒေါ်လာ ၄၅၄ ဒသမ ၈၀၁ သန်းရရှိပြီးဖြစ်ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

# လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ အချိန်နှင့်တစ်ပြေးညီ ပေးအပ်



ကူညီကယ်ဆယ်ရေးပစ္စည်းများအား ဌာနဆိုင်ရာဝန်ထမ်းများက သယ်ယူနေကြစဉ်။

**လပွတ္တာ ဖေဖော်ဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ အချိန်နှင့်တစ်ပြေးညီ ပေးအပ်ကူညီလျက်ရှိရာ လပွတ္တာခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနတို့နှင့် ခရိုင်/မြို့နယ်မှ ဌာနဆိုင်ရာများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အလှူရှင် စေတနာရှင်များကလည်း ဆန်နှင့် ဆေးဝါးများ၊ သောက်ရေသန့်ဘူးများ/စားသောက်စရာနှင့် အဝတ်အထည်များကို လာရောက်ကူညီပေးအပ် လှူဒါန်းလျက်ရှိရာ လပွတ္တာခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ဦးနှင့် တာဝန်ရှိသူများက ကြီးကြပ်၍ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးခင်မောင်ဦး ဦးဆောင်သော တပ်မတော်ဆေးတပ်ဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများကလည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

လပွတ္တာမြို့၌ ဖေဖော်ဝါရီ ၄ ရက် ည ၈ နာရီ မိနစ် ၂၀ ခန့်က လပွတ္တာမြို့ အမှတ်(၅)ရပ်ကွက် ဧရာသီရိ သဲလမ်းမှ မီးစတင်လောင်ကျွမ်းခဲ့ရာ နံနက် ၂ နာရီခန့်တွင် မီးညွှန့်ကျိုးခဲ့ပြီး အိမ်ခြေ ၁၇၉ လုံး မီးဘေးသင့်ခဲ့ကာ အိမ်ထောင်စု ၁၉၅ စုတို့မှ မီးဘေးသင့်ပြည်သူများကို လပွတ္တာမြို့၊ လေးထပ်ကျောင်းပရိယတ္တိစာသင်တိုက်တွင် ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ကာ လိုအပ်သော ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# သံစုံတီးဝိုင်းတေးဂီတ ဖျော်ဖြေပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၅**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (NUAC) နှင့် Xenon Entertainment တို့ ပူးပေါင်းတင်ဆက်သော SHARK MUSIC SHOWCASE 2016 သံစုံတီးဝိုင်းတေးဂီတဖျော်ဖြေပွဲကို ယနေ့ညပိုင်းက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပခဲ့သည်။

အဆိုပါဂီတဖျော်ဖြေပွဲသို့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် ဂီတဝါသနာရှင်များ လာရောက်အားပေးကြည့်ရှုကြသည်။

သံစုံတီးဝိုင်းဖျော်ဖြေတင်ဆက်မှုကို Orchestra Solo, Rock, Pop, EDM , HipHop အပိုင်းငါးပိုင်းခွဲခြားဖျော်ဖြေတင်ဆက်ရာ ဂီတအမျိုးအစားတစ်မျိုးစီမှ နာမည်ကျော် အဆိုတော်များက NUAC သံစုံတီးဝိုင်း၏ တီးခတ်မှုနှင့်အတူ ပါဝင်အားဖြည့်ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

တူရိယာ အစုံအလင် သံစုံတီးဝိုင်းတီးခတ်မှုအပိုင်းကို အကယ်ဒမီ မိရာမိုရ်က ဦးဆောင်ပြီး တူရိယာမျိုးစုံတီးခတ်သူ ၆၀ ကျော်၊ နောက်ကွယ် အသံအင်အား ၃၀ ကျော်တို့က နိုင်ငံတကာနှင့် မြန်မာ့ဂီတတူရိယာများကို တွဲဖက်၍ တီးခတ်ကြရာ ဂီတအမျိုးအစားတစ်ခု ချင်းစီအလိုက် စိုင်းစိုင်းခမ်းလှိုင်၊ ဝေလ၊ DJ ဝိုင်း၊ နီနီခင်ဇော်နှင့် ချမ်းချမ်းတို့က ပူးပေါင်းအားဖြည့်တင်ဆက်ကြသည်။

အဆိုပါဂီတဖျော်ဖြေပွဲကို လူငယ်များ ဂီတပညာရပ်နှင့်ပတ်သက်ပြီး ပိုမိုသိမြင် စိတ်ဝင်စားလာစေရန်အတွက် Music Education Program တစ်ခုအနေဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည့်အပြင် မြန်မာဂီတ တူရိယာများနှင့် အနောက်တိုင်းတူရိယာများပေါင်းစပ်ပြီး သံစုံတီးဝိုင်းဂီတတင်ဆက် ပြသနိုင်ရေး၊ NUAC မှ ကျောင်းသား ကျောင်းသူများ၏ စွမ်းရည်ပိုမိုတိုးတက်လာရေးနှင့် အတွေ့အကြုံရရှိစေရေး ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး(ပဏ္ဍိတ)**



**မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြန်မာ့မီးရထား လူစီးတွဲနှင့်ကုန်တွဲ စက်ရုံ(မြစ်ငယ်)၌ ဖေဖော်ဝါရီ ၅ ရက်က မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လက်တွေ့မီးငြိမ်းသတ်ရေးသရုပ်ပြပွဲကို မြစ်ငယ်မီးရထားစက်ရုံ မျက်နှာစာကွင်းပြင်၌ မီးငြိမ်းသတ်ရေးသရုပ်ပြခဲ့ရာ မြစ်ငယ်မီးရထားဝန်ထမ်းများက လက်တွေ့သရုပ်ပြမီးငြိမ်းသတ်နေစဉ်။**

မောင်မောင်စိုး(မြစ်ငယ်)

# မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ပါမောက္ခချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ပါမောက္ခချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ ညနေပိုင်းတွင် ကျင်းပရာ စတုတ္ထနှစ်အသင်းက အနိုင်ရပြီး ဆုဖလား ရရှိသွားသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ပထမနှစ်မှ (က/ခ) နှစ်သင်း၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ပဉ္စမနှစ်တို့မှ တစ်သင်းစီဖြင့် စုစုပေါင်းခြောက်သင်းပါဝင်၍ အားကစားစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ခဲ့ကြရာ ဗိုလ်လုပွဲတွင် စတုတ္ထနှစ်အသင်းက ပဉ္စမနှစ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ နေရာအလိုက် အကောင်းဆုံးဆုများကို တာဝန်ရှိသူများ ကလည်းကောင်း၊ အနိုင်ရဗိုလ်စွဲခဲ့သည့် စတုတ္ထနှစ်အသင်းအတွက် ဆုဖလားကို ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာ မာမာဝင်းကလည်းကောင်း ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။



**(မြန်မာ့အလင်း)**

# အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့၌ ၀ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့နှင့် လွိုင်လင်မြို့တို့၌ ၂ ဒီဂရီစင်တီဂရိတ်စီ၊ ဟဲဟိုးမြို့၌ ၃ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ပြင်ဦးလွင်မြို့တို့၌ ၄ ဒီဂရီစင်တီဂရိတ်စီနှင့် မိုးကုတ်မြို့၌ ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

# ဒသမအကြိမ် အမျိုးသားအဆင့် ဆေးပညာသင်ကြားရေးဆိုင်ရာ ညီလာခံအကြို ဆေးပညာသင်ကြားရေးအစုအဖွဲ့ ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဖေဖော်ဝါရီ ၅**

အမျိုးသားပညာရေး ဥပဒေ၊ ပုဂ္ဂလိကပညာရေးဥပဒေ၊ အဆင့်မြင့်ပညာရေး ဥပဒေတို့နှင့်အညီ လွတ်လပ်၍ နိုင်ငံတကာအဆင့်မီသော ဆေးပညာသင်ကြားရေးစနစ် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ရန်ရည်ရွယ်ချက်ဖြင့် ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် နေပြည်တော်၌ကျင်းပမည့် ဒသမအကြိမ် အမျိုးသားအဆင့် ဆေးပညာသင်ကြားရေးဆိုင်ရာ ညီလာခံအကြို ဆေးပညာသင်ကြားရေးအစုအဖွဲ့ (Medical Syndicate) ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၄ ရက်နှင့် ၅ ရက်တို့တွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်၌ ကျင်းပသည်။






အဆိုပါ အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်သန့်နှင့် တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ် (၁/၂)(ရန်ကုန်)၊ ဆေးတက္ကသိုလ်(မန္တလေး/မကွေး/တောင်ကြီး)နှင့် တပ်မတော် ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဂုဏ်ထူးဆောင်ပါမောက္ခများ၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဆေးတက္ကသိုလ် အသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အကြိုညှိနှိုင်းအစည်းအဝေးတွင် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး တက်ရောက်လာသူများက ဆေးတက္ကသိုလ်ဝင်ခွင့်၊ ဘွဲ့ကြို/ဘွဲ့လွန်သင်ရိုးညွှန်းတမ်း ပြင်ဆင်ရေး၊ ဆေးတက္ကသိုလ်များ၏ နိုင်ငံတကာဆက်ဆံရေး၊ ပုဂ္ဂလိကအခန်းကဏ္ဍများနှင့် နှီးနွှယ်ဆက်ဆံရေး၊ E-Library နှင့် IT ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ Clinical Skill Laboratory နှင့် သုတေသနကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆေးတက္ကသိုလ်များ၏ ဖွဲ့စည်းပုံနှင့် အရည်အသွေး ထိန်းသိမ်းရေးဆိုင်ရာ ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပြခန်းသို့ လာရောက်လေ့လာသူများပြား၊ ခါကာဘိုရာဇီသည် ကမ္ဘာ့အမွေအနှစ်ဒေသတစ်ခုအဖြစ်ပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်

**ပူတာအို ဖေဖော်ဝါရီ ၅**

ဟိမဝန္တာအရှေ့ဖျားနှင့် ဆက်စပ်နေသော မြန်မာနိုင်ငံမြောက်ဘက်စွန်း ဆီးနှင်းဖုံးဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ရန်၊ ဧရာဝတီမြစ်ဖျားဒေသနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရန်၊ ဘာသာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများအား အကောင်အထည်ဖော်ရန်နှင့် မှတ်တမ်းမတင်ရသေးသော ဇီဝမျိုးစုံမျိုးကွဲများကို မှတ်တမ်းတင်ဖော်ထုတ်ရန်၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏အကျိုးစီးပွားအား အထောက်အကူပြုသွားရန်ရည်ရွယ်၍ ကချင်ပြည်နယ် ပူတာအိုမြို့ရှိ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူးရုံး၌ ဖွင့်လှစ်ပြသထားသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးပြခန်းတွင် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိလာစေရန်နှင့် ပြည်သူများလေ့လာနိုင်ရန် ပြသဆောင်ရွက်လျက်ရှိရာ ပြခန်းသို့ဒေသခံပြည်သူများသာမက ပြည်တွင်းပြည်ပခရီးသွားများပါ လာရောက်လေ့လာသူ နေ့စဉ်နှင့်အမျှ များပြားလျက်ရှိကြောင်း သိရသည်။

ယင်းပြခန်းတွင် သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းနှင့် ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံတွင် တွေ့ရှိနိုင်သော လိပ်ပြာမျိုးများ၊ မြန်မာနိုင်ငံ၌သာတွေ့ရှိနိုင်သောအပင်နှင့် သားငှက်တိရစ္ဆာန်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သစ်တောအမျိုးအစားများ၊ ရှူခင်းများ၊ နို့တိုက်သတ္တဝါများ၊ ငှက်မျိုးစိတ်များ၊ သစ်ခွမျိုးစိတ်များ၊ ဆေးဖက်ဝင်အပင်များ၊ ဥယျာဉ်အတွင်းရှိ ကျေးရွာများ၊ ဒေသခံတို့၏ ရိုးရာဓလေ့ထုံးစံများ၊ ရေဝေရေလဲဒေသများကို ပျက်စီးစေသည့် အကြောင်းအရင်းများ၊ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အတွင်း သုတေသန ကွင်းဆင်းလုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကဏ္ဍအလိုက် စုံလင်စွာခင်းကျင်းပြသထားကြောင်း တွေ့ရှိရသည်။ **(ယာပုံ)**

မြန်မာနိုင်ငံ မြောက်ဖျားပိုင်းတွင် တည်ရှိသည့် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အပါအဝင် မြောက်ဖျားဒေသ သစ်တောအစုအဖွဲ့များအား ကမ္ဘာ့အမွေအနှစ်ထိန်းသိမ်းရေးဒေသတစ်ခု ပေါ်ထွန်းလာစေရေးအတွက် သစ်တောဦးစီးဌာန သားငှက်ထိန်းသိမ်းရေးအဖွဲ့ (W.C.S) နှင့်ယူနက်စကိုတို့ ပူးပေါင်းမှုဖြင့် သုတေသနလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မကြာမီကာလအတွင်း ကမ္ဘာ့အမွေအနှစ်ဒေသတစ်ခုအဖြစ် ပေါ်ထွန်းလာမည်ဖြစ်သည်။

အဆိုပါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးပြခန်းကို ၂၀၀၂ ခုနှစ် နိုဝင်ဘာလက စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ပြသဆောင်ရွက်ပေးလျက်ရှိရာ စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ကြောင်း ခါကာဘိုရာဇီ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးအောင်မောင်းထံမှ သိရသည်။ **ဖုန်ကန်(ပြန်/ဆက်)**



Public Seminar on

"Demand of Engineers in ASEAN"

(Trend & Challenges)

Speakers



Adjunct Professor Phumin Kirawanich
STIMU
Assoc Prof, Faculty of Engineering
MAHIDOL University- Bangkok, Thailand

STIMU ၏ Adjunct Professor Phumin သည် Asia ဒေသတခွင်ရှိ Medicine and Life Science University များထဲတွင် နံပါတ် (၁)ဖြစ်သော အာရှဒေသတွင် နှစ်ပေါင်းတစ်ရာသုံးဆယ်ကျော်တိုင်တိုင် ဘုရင့်တက္ကသိုလ်အဖြစ်ရပ်တည်နေသော (Mahidol University)၏ Electrical Engineering ဌာန၏ Department Head, တွဲဖက်ပါမောက္ခတစ်ယောက်ဖြစ်ပါသည်။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော်၏ MRTA Purple Line စီမံကိန်းဆိုင်ရာအကြံပေးနှင့် ထိုင်းနိုင်ငံ Rail Way System ၏ EMC (Electromagnetic Compatibility) system နှင့် M&E Subsystem များထူထောင်ရေးအတွက် အကြံပေး တစ်ယောက်လည်းဖြစ်ပြီး Rail Logistics-Centered Community Development Research အပါအဝင် သုတေသနစာတမ်းများစွာကို ပြုစုခဲ့သူလည်း ဖြစ်ပါသည်။



Adjunct Professor Wasaporn Techapeeraparnich
STIMU
Head of Civil & Environmental Engineering
MAHIDOL University- Bangkok, Thailand

STIMU ၏ Adjunct Professor Wasaporn သည်လည်း Asia ဒေသရှိ Top Ranking တက္ကသိုလ် (၅၀)တွင် ထိပ်ဆုံး စာရင်းဝင်ဖြစ်သော (Mahidol University)၏ Civil & Environment Engineering ဌာန၏ Department Head ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းထိန်းသိမ်းရေးဆိုင်ရာ အခြေခံအဆောက်အဦးဒီဇိုင်းများ၊ ကမ်းရိုးတန်းဒေသပြုပြင်ထိန်းသိမ်းရေးစနစ်ဆိုင်ရာ ဒီဇိုင်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော် MRT & Transportation System အပါအဝင် သယ်ယူပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းစီမံကိန်းများ၊ အစိုးရကျောင်းအဆောက်အဦး ဒီဇိုင်းများနှင့်ဆိုင်ရာ သုတေသနစာတမ်း(၁၀)ခုကျော် ပြုစုခဲ့သော ပါမောက္ခတစ်ယောက်ဖြစ်ပါသည်။
Professional Engineer များအဖြစ် အသက်မွေးဝမ်းကျောင်းပြုနေသူများ၊ ကျောင်းသား/ကျောင်းသူလူငယ်များ၊ Engineering နှင့်ပတ်သက်ဆက်စပ်နေသောစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေသူများ၊ လုပ်ငန်းလုပ်ကိုင်ရန်စိတ်ဝင်စားသူများအတွက် အထူးသင့်လျော်ပြီး အာရှဒေသတွင်အင်ဂျင်နီယာများ၏ အရေးပါသောအခန်းကဏ္ဍနှင့် ပြည်တွင်းရှိအင်ဂျင်နီယာများ နိုင်ငံတကာအဆင့်မီအရည်အသွေး ဖွံ့ဖြိုးတိုးတက်စေရန် စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့် ပတ်သက်ပြီး ဆွေးနွေးအကြံပြု သွားမည်ဖြစ်ပါသည်။

"Career Success & Mentoring"



Adjunct Professor Dr. David T. Bibbion
STIMU
MBA(Manchester Business School, UK)
PhD in International Business

STIMU ၏ Adjunct Professor Dr. David T.Bibbion သည် Chulalongkong University တွင် သင်ကြားနေပြီး Mae Fah Luang University နှင့် ECUST (Shanghai) University များ၏ Strategic Human Resources Management ၏ လက်ရှိ အကြံပေးပုဂ္ဂိုလ်တစ်ယောက်လည်း ဖြစ်ပါသည်။ နှစ်ပေါင်း၃၀ကျော်ကြာ Asia တစ်ခွင်တွင် Senior Management ရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ကမ္ဘာကျော်ကုမ္ပဏီကြီးများဖြစ်သော Mercedes.Benz, Johnson & Unilever စသော ကုမ္ပဏီပေါင်း(၁၀)ခုကျော်တွင် ဒေသဆိုင်ရာ Project များကို ဦးဆောင်ပြုလုပ်ခဲ့သူဖြစ်ပါသည်။
HRM ၏အရေးပါအရာရောက်မှု၊ မိမိ၏အသက်မွေးဝမ်းကြောင်းတလျှောက်သာမက၊ သူတပါး၏အသက်မွေးဝမ်းကြောင်းတလျှောက်တွင်ပါ မည်သို့မည်ပုံဦးဆောင်ညွှန်ကြား၍ ခေါင်းဆောင်ကောင်း၊ မန်နေဂျာကောင်းအဖြစ် အောင်မြင်မှုများ ရရှိနိုင်ရန် နည်းလမ်းကောင်းများကို ဆွေးနွေးအကြံပြုသွားမည်ဖြစ်ပါသည်။ HRM ကိုစိတ်ဝင်စားသူများ၊ HRM နှင့်အသက်မွေးဝမ်းကျောင်းပြုနေသူများ၊ စီးပွားရေးပညာလေ့လာသင်ကြားနေသူ ကျောင်းသား/ကျောင်းသူများ၊ ဆရာ/ဆရာမများနှင့် အထူးသင့်လျော်ပါသည်။

STI MYANMAR UNIVERSITY

Date : 7th, February 2016 (SUN)
Time : 9:00 to 2:30 pm
Venue : MICT Conference Hall

RSVP
Ph: 507151/52, 377988, 09 250064451

Limited Seat

# နမ့်ဆန်မြို့နယ် မီးဘေးအတွက် သီပေါမှစေတနာရှင်များ လှူဒါန်း

**သီပေါ ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၌ ဖေဖော်ဝါရီ ၄ ရက် မွန်းတည့် ၁၂ နာရီက မီးလောင်မှုဖြစ်ပွားရာ ကျောက်မဲ၊ သီပေါ၊ နမ္မတူ၊ လားရှိုး၊ မန်စံမြို့နယ်တို့မှ မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခဲ့ရာ ယနေ့နံနက် ၄ နာရီခွဲတွင် မီးညွန့်ကျိုးသွားခဲ့ပြီး နံနက် ၆ နာရီတွင် မီးငြိမ်းသွားကာ အိမ်ခြေ ၂၄၅ လုံးခန့်မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

နမ့်ဆန်မြို့၌ မီးဘေးကယ်ဆယ်ရေးစခန်းကို မြို့လယ်ရပ်၊ ဂိုဏ်းချုပ်ဘုန်းတော်ကြီးကျောင်း၊ အလက (၁)၊ အမက(၁)၊ ခရစ်ယာန်ကျောင်း၊ နမ္မဝေါဘုန်းကြီးကျောင်းနှင့် မန့်မိုင်ဘုန်းကြီးကျောင်းတို့၌ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားသည်။

အဆိုပါမီးဘေးသင့်ပြည်သူများအား ကမ္ဘောဇဘဏ် (အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း)၊ ဝမ်းမောလူမှုကူညီရေးအဖွဲ့၊ ဒုဋ္ဌဝတီ၊ ရွှေသီပေါ၊ သောက်ရေသန့်နှင့် သီပေါမြို့မှစေတနာရှင်များက ဆန်အိတ် ၃၀၀၊ စားသုံးဆီ ပိဿာ ၁၅၃၀၊ ရေသန့်ဘူး ၂၁၀၀၊ ငါးခြောက်၊ ပဲမျိုးစုံ၊ ကြက်ဥသေတ္တာများ၊ စားသောက်ဖွယ်ရာမျိုးစုံ၊ ထမင်းထုပ်၊ ခေါက်ဆွဲခြောက်၊ စောင်၊ အဝတ်အထည် စသည့်ပစ္စည်းများ တန်ဖိုးငွေကျပ် ၁၇၅၃ သိန်းနှင့် ငွေသားကျပ်သိန်း ၁၅၀၀ တို့ကို စေတနာရှင် အလှူရှင်များနှင့်တာဝန်ရှိသူများက ယနေ့တွင် နမ့်ဆန်မြို့သို့ ပထမအကြိမ်သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



နမ့်ဆန်မြို့နယ် မီးဘေးသင့်ပြည်သူများအား လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများကို တွေ့ရစဉ်။

# လပွတ္တာ၌ လူနေအိမ်နှင့် ဆိုင်ခန်းအပါအဝင် ၁၉၉ လုံး မီးလောင်ဆုံးရှုံး

**လပွတ္တာ ဖေဖော်ဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ ဖေဖော်ဝါရီ ၄ ရက် ည ၈ နာရီ မိနစ် ၂၀ ခန့်ကစ၍ ဖေဖော်ဝါရီ ၅ ရက် နံနက် ၃ နာရီအတွင်း မီးလောင်မှုဖြစ်ပွားရာ လူနေအိမ် ၁၇၉ လုံးနှင့် ဆိုင်ခန်းပေါင်း ၂၀ မီးလောင်ဆုံးရှုံးပြီး လူဦးရေ ၇၆၁ ဦး မီးဘေးသင့်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၄ ရက် ည ၈ နာရီ မိနစ် ၂၀ ခန့်က လပွတ္တာမြို့နယ် အမှတ်(၅)ရပ်ကွက် ဧရာသီရိလမ်းနေ ဦးနေဝင်းထွန်း(ခ)နို့ဆီ (၂၇ နှစ်)၏လူနေအိမ်၌ တပ်ဆင်ထားသောဟောင်းနွမ်းဆွေးမြည့်နေသည့် လျှပ်စစ်ဝိုင်ယာကြိုးမှ အပူလွန်ကဲပြီး မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **(အောက်ဝဲပုံ)**အဆိုပါမီးလောင်မှုကို မြောင်းမြခရိုင် မီးသတ်တပ်ဖွဲ့နှင့် လပွတ္တာမြို့နယ် မီးသတ်တပ်ဖွဲ့တို့ပူးပေါင်း၍ သန္နေမီးသတ်တပ်ဖွဲ့အင်အား ၃၀ နှင့်အတူ အပေါ့စားမီးသတ်စက် ၄၀၊ ရေသယ်ယာဉ်လေးစီး၊ မီးငြိမ်းသတ်ယာဉ်ခြောက်စီး၊ မီးသတ်ယာဉ်တစ်စီးတို့နှင့် ဒေသခံရေစည်တင်ဒိန်းဒေါင်း ၆၀ တို့နှင့် မီးငြိမ်းသတ်သော်လည်း မီးလောင်အားပြင်းသောကြောင့် ပုသိမ်ကန်ကြီးထောင့်၊ ကျောင်းကုန်း၊ ဝါးခယ်မမြို့နယ်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်တပ်တွင်း မီးသတ်တပ်ဖွဲ့နှင့် ဗဟိုမီးသတ်ဌာနချုပ် မီးသတ်တပ်ဖွဲ့ဝင် သန္နေအင်အား ၁၀၁ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅၀ တို့သည် မီးသတ်စက်ယာဉ်တစ်စီး၊ မီးငြိမ်းသတ်ယာဉ် ၁၇ စီး၊ ရေသယ်ယာဉ်ခြောက်စီး၊ ကွပ်ကဲမှုယာဉ်သုံးစီး၊ အပေါ့စား မီးသတ်စက် ၅၂ လုံးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ဖေဖော်ဝါရီ ၅ ရက် နံနက် ၃ နာရီတွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် လူထိခိုက်သေဆုံးမှုမရှိသော်လည်း အမှတ်(၅)ရပ်ကွက်မှ နေအိမ် ၁၉ လုံး၊ ဆိုင်ခန်း ၂၀ ၊ အမှတ်(၁)ရပ်ကွက်မှ နေအိမ် ၁၀ လုံး၊ အမှတ်(၄)ရပ်ကွက်မှ နေအိမ် ၁၅၀ မီးလောင်ဆုံးရှုံးသွားသဖြင့် မီးစတင်လောင်သည့် နေအိမ်ပိုင်ရှင် ဦးနေဝင်းထွန်း(ခ)နို့ဆီကို လပွတ္တာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အဆိုပါမီးလောင်မှုဖြစ်ပွားရာသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တေဇကျော်တို့က မီးဘေးသင့်ပြည်သူ ၇၆၁ ဦးကို အားပေးစကားပြောကြားပြီး နေမင်းတင်၊ လမင်းတင် ဘုရားတန်ဆောင်း၌ ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

# ယာဉ်မောင်းအိပ်ငိုက်၍ယာဉ်တိုက်မှုဖြစ်၊ တစ်ဦးသေဆုံး

**မြိတ် ဖေဖော်ဝါရီ ၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်မဇောကျေးရွာအုပ်စု ပသောင်းကျေးရွာ ကြေးနန်းတိုင်တံတားပေါ်၌ ဖေဖော်ဝါရီ ၄ ရက်နံနက် ၆ နာရီခန့်က ကော့သောင်းမြို့မှ မြိတ်မြို့သို့ Big Horn အမျိုးအစားယာဉ်ကို မောင်းနှင်လာစဉ် ယာဉ်မောင်းအိပ်ငိုက်ရာမှ ယာဉ်တိုက်မှုဖြစ်ပွားပြီး တစ်ဦးသေဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမှတ်(၅၉) ရွာမ(၁)လမ်း ရွှေဟင်္သာရပ်ကွက် ကော့သောင်းမြို့နေသူ ယာဉ်မောင်း ဝဏ္ဏကျော်(၃၉ နှစ်)သည် Big Horn အမျိုးအစားယာဉ်ကို ကော့သောင်းမှ မြိတ်မြို့ဘက်သို့ ပြည်ထောင်စုလမ်းမကြီးအတိုင်း မောင်းနှင်လာစဉ် ဖေဖော်ဝါရီ ၄ ရက် နံနက် ၆ နာရီခန့်က မြိတ်မြို့နယ် မဇောကျေးရွာအုပ်စု ပသောင်းကျေးရွာ ကြေးနန်းတိုင်တံတားအရောက်တွင် အိပ်ငိုက်ပြီး တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ ယင်းတံတားပေါ်၌ လမ်းလျှောက်လာသူ ဦးစိုးမောင် (၃၅ နှစ်)နှင့် ဦးတင်ဟုန်(၄၅ နှစ်) ကြေးနန်းတိုင်ကျေးရွာနေသူတို့ကို ဝင်ရောက်တိုက်မိခဲ့ပြီး တံတား၏ဝဲဘက် လက်ရန်းသံပေါင်တန်းကိုတိုက်မိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ယာဉ်တိုက်ခံရသူနှစ်ဦးတွင် ဒဏ်ရာများ (စိုးရိမ်ရ) ရရှိခဲ့သဖြင့် မြိတ်ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်ပြီး ဆေးကုသမှုခံ ယူစဉ် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ဦးစိုးမောင်မှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ဝဏ္ဏကျော်ကို တောင်ရှည်နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံအရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှလေပြင်းများ တိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**

# လှိုင်လင်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

လှိုင်လင်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၃ ရက်က လှိုင်လင်မြို့နယ် ပန်ခေါက်ဝိုးကျေးရွာဘုန်းကြီးကျောင်းရှေ့ လှိုင်လင်-နမ့်စန်သွားကားလမ်းမပေါ်၌ စိုင်းနောင့် မောင်းနှင်ပြီး စိုင်းစံအောင် လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၃၂၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့က မိုးမိတ်မြို့နယ် ကြိမ်တောကျေးရွာနေ မမြင့်မြင့်အေး၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၂ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့်ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေးပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။


**Asia Top 0943164118,09421099574,098635520**

- မန်းရွှေစက်တော်ဖူးပွဲနှင့် မကွေးမြသလွန်၊ ကျောင်းတော်ရာ၊ စက္ကိန်းတဲ၊ နဂါးမွှက် 45000
- ရွှေစက်တော်ဖူးပွဲနှင့် အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ လမ်းဘုရားစုံ 75000
- အလောင်းတော်ကဿပ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ 65000 ဆက်၍-ဖြင့်ဦးလွှင် 75000
- ရွှေစက်တော်ဖူးပွဲနှင့် ပုဂံ (ခွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ၊ သီဟိုဠ်ရှင် 80000
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကံ့လုံ၊ ထမ်စမ်း၊ ကက္ကူ၊ တောင်ကြီးတောင်ဖေါ်တန်းဘုရားစုံ 70000
- ပုဂံ (ခွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ၊ သီဟိုဠ်ရှင် ........ 65000
- မန္တလေး၊ ဖြင့်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ဓေ‌ရောစနစ်ကျောက်စိမ်း‌စေတီ ........ 70000
- ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ ဇမ္ဗူရစ်၊ ဇက်ဖိကမ်းခြေ ........ 100000
- မော်လမြိုင်၊ ကျိုက္ကမီ၊ စက်ခဲ လမ်းဘုရားစုံ ခရီးစဉ်အားလုံး Feb 5,11,19,26 ထွက်မည်

ခရီးစဉ်အားလုံး-တစ်ဆင့်သွားတောင်ဟက်ကား၊ စက်လှေ အားလုံးခရီးဆိုပြီး ကားများဖုံစီးလုံးဖူးစီစဉ်ပေးပါသည်။


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၉၅၆၅၄ YUNDE -110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးညီညီဝင်း ၉/တတဉ(နိုင်)၁၀၅၄၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**လက်ပံတန်းမြို့နယ်တရားရုံး**
**၂၀၁၆ ခုနှစ် တရားမ မူလမှုအမှတ်(၁၄)**

မဝင်းဝင်းကြွယ် **နှင့်** မောင်ဇော်(ခ)သန်းဇော်ထွေး
**တရားလို** **တရားပြိုင်**

ပဲခူးတိုင်းဒေသကြီး၊လက်ပံတန်းမြို့နယ်၊ အုတ်တွင်းကျေးရွာအုပ်စု၊ အုတ်တွင်းကျေးရွာနေ ဦးချစ်ရွှေ၏သား မောင်ဇော်(ခ)သန်းဇော်ထွေး၊ လယ်လုပ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မဝင်းဝင်းကြွယ်က တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက် (၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် ဤရုံးတော်၏ တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးသည်။

**(နန္ဒမျိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**လက်ပံတန်းမြို့နယ်တရားရုံး**


**OHSAMA Japanese Restaurant**
**(Hot Pot, B.B.Q, Japanese Food)**
**(ဖေဖော်ဝါရီလ တစ်လလုံးအထူး Promotion အစီအစဉ်)**
**မီးသွေးမီးဖိုဖြင့် B.B.Q စတင်ခြင်းအဖြစ်**

- Japan Beef, Black Pork, Chicken and Natural Sea Foods-20%Discount
- တစ်လအတွင်း ဒုတိယအကြိမ် ထပ်မံလာရောက်အားပေးသော ဧည့်ပရိသတ်များအား 30% Discount ရရှိမည် ဖြစ်ပါသည်။
- Special Menu - လေးဦးနှင့်အထက် တစ်ဦးလျှင် (12000 Ks) ကြိုက်နှစ်သက်ရာမှာအဝစား
- လာရောက်အားပေးသော ဧည့်ပရိသတ်အားလုံးအား Dessert အဖြစ် (ကူလ်ဖီး) လက်ဆောင်ဧည့်ခံကျွေးမွေးပါမည်။

No.28/B, Pho Sein Road, Natmauk Quarter, Tamwe Ts.
Ph : 01-555539, 09-31382082, 09-30224438
Lunch - 11:00 am to 3:00 pm & Dinner - 5:00 pm to 11:00pm


## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့၊ ချောင်းသာကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၉၉၀၊ ချောင်းသာကွင်း၊ ဦးပိုင်အမှတ် (ဆ-၃၁၁)၊ ဧရိယာ ၂ဒသမ၂၅ဧကရှိ မြေအား ဦးစိုးသိန်းက မြေငှားဂရန်(အသစ်)ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

**ဖခင် အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ကွမ်းဆိပ်ကျေးရွာ၊ အထက(ခွဲ)မှ ကျောင်းဝင်အမှတ် (၃၃/၁၄) မောင်စည်သူမောင်မောင်၏ ဖခင်အမည်မှန်မှာ ဦးစောအောင်(ခ)ဦးစောဦး ဖြစ်ပါသည်။

# ကလေးသူငယ်များကျန်းမာသန်စွမ်းရေး နို့ပေါင်းနွားနို့တိုက်ကျွေးမည်

**မုဒုံ ဖေဖော်ဝါရီ ၅**

မွန်ပြည်နယ် မုဒုံမြို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ တည်ဆောက်ပြီးစီးခဲ့သော နို့ပေါင်းစက် လည်ပတ်ခြင်းကို ဖေဖော်ဝါရီ ၅ ရက်က ဖွင့်လှစ်ခဲ့ပြီး ကလေးသူငယ်များ ကျန်းမာသန်စွမ်းရေးအတွက် နို့ပေါင်းနွားနို့ တိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။

နို့ပေါင်းစက် **(ယာပုံ)**စတင်လည်ပတ်နိုင်ရန် နွားနို့အနည်းဆုံး လီတာ ၇၀ မှ အများဆုံး လီတာ ၁၅၀ အထိ လိုအပ်ပြီး အပူချိန် ၇၀ ဒီဂရီ စင်တီဂရိတ်ဖြင့် ပေါင်းခံရသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာအေးချမ်းနှင့်အဖွဲ့က ပေါင်းခံပိုးသတ်ပြီး နွားနို့နှင့် ကိတ်မုန့်များကို မုဒုံမြို့ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၀၀ ကျော်အား တိုက်ကျွေးခဲ့ကြောင်း သိရသည်။

မုဒုံမြို့တွင် နို့ပေါင်းစက်အခြေပြု မြစိမ်းရောင် နွားမွေးမြူရေးအစုအဖွဲ့ ဖွဲ့စည်းထားပြီး ထွက်ရှိလာသော နွားနို့များကို နို့ပေါင်းစက်သို့ပို့၍ ပေါင်းခံပိုးသတ်ကာ မုဒုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကလေးသူငယ်များ ကျန်းမာသန်စွမ်းနိုင်ရေးအတွက် စဉ်ဆက်မပြတ် နို့ပေါင်းနွားနို့များကို တိုက်ကျွေးသွားမည်ဖြစ်သည်။ မွန်ပြည်နယ်တွင် သထုံမြို့၊ ဘီးလင်းမြို့နှင့် မော်လမြိုင်မြို့တို့၌ နို့ပေါင်းစက် တပ်ဆင်ပြီးပါက ကလေးသူငယ်များအား နွားနို့တိုက်ကျွေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဒုတိယဦးစီးမှူး ဦးကျော်မျိုးဆန်းက ပြောသည်။

**မောင်မောင်(မုဒုံ)**



# မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များအား တိုက်ရိုက်ထုတ်လွှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

မြန်မာ့ဘောလုံး အထောက်အကူပြုစေသည့် Professional ဘောလုံးပြိုင်ပွဲဖြစ်သော မြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲကို ဘောလုံးချစ်ပရိသတ်များအားပေးနိုင်စေရန်အတွက် Free To Air ရုပ်သံလိုင်းဖြစ်သည့် မြန်မာ့ရုပ်မြင်သံကြားတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၉ ရက်က စတင်ပြီး အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ညနေ ၄ နာရီတွင် MRTV News Channel ၌ တိုက်ရိုက်ထုတ်လွှင့်ပြသလျက်ရှိပါသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၉ ရက်ကစတင်ပြီး ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ပုသိမ်နှင့် မုံရွာမြို့ကြီးများတွင် မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ ၆ ရက်တွင် Y.T.C မော်လမြိုင်ကွင်း၌ Southern Myanmar FCနှင့် Yadanarbon FC၊ ဖေဖော်ဝါရီ ၇ ရက်တွင် ရန်ကုန်မြို့ အောင်ဆန်းကွင်း၌ Rakhine United FC နှင့် Magwe FC ၊ ဖေဖော်ဝါရီ ၁၃ ရက်တွင် ရန်ကုန် Y.T.C ကွင်း၌ Rakhine United FC နှင့် Hantharwady United FC ၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် ဗထူးကွင်း၌ Yadanarbon FC နှင့် Zeyar Shwe Myay FC၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် ပုသိမ်ကွင်း၌ Ayeyawady United FC နှင့် Horizon FC ၊ ဖေဖော်ဝါရီ ၂၁ ရက်တွင် Y.T.C ကွင်း၌ Zwekapin United FC နှင့် Yadanarbon FC၊ ဖေဖော်ဝါရီ ၂၇ ရက်တွင် တောင်ကြီးကွင်း၌ Shan United FC နှင့် Yadanarbon FC၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် Y.T.C ကွင်း၌ Magwe FC နှင့် Zwekapin United FC ၊ မတ် ၅ ရက်တွင် ဗထူးကွင်း၌ Yadanarbon FC နှင့် Magwe FC ၊ မတ် ၁၂ ရက်တွင် မုံရွာကွင်း၌ Zeyar Shwe Myay FC နှင့် Ayeyawady United FC ၊ မတ် ၁၃ ရက်တွင် Y.T.C ကွင်း၌ Magwe FC နှင့် Shan United FC ၊ ဧပြီ ၂ ရက်တွင် ဗထူးကွင်း၌ Yadanarbon FC နှင့် Yangon United FC၊ ဧပြီ ၃ ရက်တွင် Y.T.C ၌ Horizon FC နှင့် Southern Myanmar FC၊ မေ ၂၁ ရက်တွင် ပုသိမ်ကွင်း၌ Ayeyawady United FC နှင့် Yadanarbon FC၊ မေ ၂၂ ရက်တွင် Y.T.C ၌ Zwekapin United FC နှင့် Chin United FC တို့၏ ယှဉ်ပြိုင်ကစားကြပုံများကို MRTV News Channel တွင် တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

○ *ကျော်ဖုံးမှ*

ချင်းယူနိုက်တက်အသင်းမှာ သရေတစ်မှတ်ရရှိရန် ကြိုးပမ်းခဲ့သော်လည်း အမှတ်မရရှိခဲ့ဘဲ ရှုံးပွဲဆက်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်အသင်းသည် ချောင်ဘူရီအသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့် အာရှချန်ပီယံလိဂ်ခြေစစ်ပွဲ၌ ပွဲထွက်ကစားခဲ့သည့် ကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး အက်ဒီဆင်နေရာတွင် သန်းထက်အောင်ဝင်ကစားသည်သာ အပြောင်းအလဲရှိခဲ့သည်။ အမှတ်လိုနေသည့် ရန်ကုန်အသင်းမှာ ဂိုးရရှိရန်တိုက်စစ်အား မြှင့်ခဲ့သော်လည်း ထိရောက်သည့် ဂိုးသွင်းခွင့်မရခဲ့ဘဲ ပွဲအစပိုင်းတွင် ကျော်ကိုကို၏ အနီးကပ်သွင်းမှုသာရှိခဲ့ပြီး ကျော်ကိုကို၏ ပြစ်ဒဏ်ဘောနှစ်ကြိမ်ကို ချင်းဂိုးသမား မွန်ထွယ်အောင် ကာကွယ်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် ရန်ကုန်အသင်းမှာ အနိုင်ရရှိရေးအတွက် သန်းပိုင်၊ အက်ဒီဆင်တို့ကိုထည့်သွင်းကာ တိုက်စစ်အားမြှင့်ခဲ့သည်။ မိနစ် ၇၀ တွင် ရန်ကုန်အသင်း တစ်လုံးတည်းသော အနိုင်ဂိုးရရှိခဲ့ပြီး လူစားဝင်ကစားသမားများဖြစ်သည့် အက်ဒီဆင်၏ ဖန်တီးပေးမှုကို သန်းပိုင်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ချင်းအသင်းက ချေပဂိုးရရှိရန်ကြိုးစားလာ၍ ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ရန်ကုန်မှ ကျော်ကိုကို၏ အပိုင်ကန်ချက် လွဲချော်ခဲ့သလို ချင်းအသင်းမှ ဆောင်လမန်၏ ခေါင်းတိုက်သွင်းယူမှုမှာ ဂိုးဝင်ခဲ့သော်လည်း လူကျွံဘောအဖြစ် သတ်မှတ်ခံခဲ့ရ၍ ချင်းအသင်းနစ်နာခဲ့ရသည်။

**ယနေ့ပွဲ**

**(ကျောက်တိုင်ကွင်း)**

ဧရာဝတီ - ရှမ်းယူနိုက်တက်

**(သုဝဏ္ဏကွင်း)**

Southern - ရတနာပုံ

# တက္ကသိုလ်ဝင်စာမေးပွဲ ဆေးရုံစာဖြေဌာနလေးခုဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၅**

ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်အဖွဲ့တို့၏ ကြိုတင်ညှိနှိုင်းထားချက်အရ ၂၀၁၆ ခုနှစ် မတ် ၉ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်သော တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှု ခံယူနေကြရသော ကျောင်းသား ကျောင်းသူများ နစ်နာမှုမရှိစေရန် ရည်ရွယ်လျက် ဆေးရုံစာဖြေဌာနလေးခုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ဝေဘာဂီအထူးကုဆေးရုံကြီးနှင့် မြောက်ဥက္ကလာပ ဆေးရုံကြီးတို့၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

စာမေးပွဲဝင်ရောက်ဖြေဆိုလိုကြသည့် ကျောင်းသား ကျောင်းသူ (အတွင်းလူနာ)များသည် အဆိုပါဆေးရုံကြီးများ၌ အထူးတာဝန်ချထားသော ဆေးလူမှုဆက်ဆံရေးအရာရှိများနှင့် ဆက်သွယ်ဆောင်ရွက်အကူအညီတောင်းခံနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျေးလက်လမ်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ကျိုက်မရော ဖေဖော်ဝါရီ ၅**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျေးလက်ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ရာမညယူနိုက်တက်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော မြန်မာလှိုင်-ကရင်လှိုင် မြေသားလမ်းခင်းခြင်း (ခြောက်ဖာလုံ) လုပ်ငန်းအခြေအနေများကို မြို့နယ်ဦးစီးမှူး ဦးပြည့်စုံဦးက ကွင်းဆင်းစစ်ဆေးခဲ့သည်။

**မောင်မောင်**

# လျှပ်စစ်ဓာတ်အား ယာယီပြတ်တောက်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်တို့အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသောသစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသည် သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၆ ရက်တွင် မြောက်ဥက္ကလာ၊ ကျောက်တန်း၊ ရွှေပြည်သာ၊ လှည်းကူး၊ မင်္ဂလာဒုံမြို့နယ်၊ တိုက်ကြီး၊ ဥက္ကံမြို့နယ်များအတွင်းရှိ ရပ်ကွက်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် ယင်းနေ့နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၇ ရက်တွင် သဃ်န်းကျွန်း၊ တာမွေ၊ တောင်ဥက္ကလာ၊ ဗဟန်း၊ စမ်းချောင်း၊ သန်လျင်၊ တိုက်ကြီး၊ ဥက္ကံမြို့နယ်များအတွင်းရှိ ရပ်ကွက်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် ယင်းနေ့နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း ဓာတ်အား ယာယီပြတ်တောက်နေမည်ဖြစ်သည်။

ယင်းသို့ ဓာတ်အားခေတ္တပိတ်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားစနစ်ပိုမိုစိတ်ချရမှုရှိစေရန် စသည်တို့အတွက် မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းစဉ်ဖြစ်ပါသောကြောင့် ဓာတ်အားခေတ္တပြတ်တောက်ခြင်းကို သည်းခံပေးကြပါရန်နှင့် ဓာတ်အားပြတ်တောက်မှုကြောင့် မီးသုံးစွဲသူ ပြည်သူများအတွက် အခက်အခဲများစွာဖြစ်ပေါ်လာနိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပေးနိုင်ပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက အများပြည်သူသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မြိတ်မြို့၌ မီးလောင်မှုဖြစ်

**မြိတ် ဖေဖော်ဝါရီ ၅** - မြိတ်မြို့ ကန်ဖျားအရှေ့ပိုင်းရပ် ပိတောက်ပင်လမ်းဆုံအနီး အေးအေးယု မုန့်တီဆိုင်လမ်းကြား၌ ယနေ့ည ၉ နာရီခွဲခန့်က နေအိမ်မီးဖို မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၉ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ကနဦးသတင်းများအရ သိရသည်။ **(မြန်မာ့အလင်း)**

## မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့် မြန်မာ့ကျောက်မျက်ရတနာနည်းဥပဒေများအတွက် အကြံပြုစာများပေးပို့ရန် ဖိတ်ခေါ်ခြင်း(မူကြမ်း)

၁။ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ၂၀၁၅ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၇၂ ဖြင့် ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင်လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေအား ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃ ဖြင့် ၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ထုတ်ပြန်ပြီးဖြစ်သဖြင့် ယင်းဥပဒေများနှင့် လိုက်လျောညီထွေဖြစ်မည့် နည်းဥပဒေများကို သတ္တုတွင်းဝန်ကြီးဌာနမှ ပြုစုလျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ နည်းဥပဒေများ ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ စိတ်ပါဝင်စားသူပြည်သူလူထုများ၊ ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတ္တု/ ကျောက်မျက်ရတနာလုပ်ငန်းများနှင့်ပတ်သက်သူ Stakeholder များအနေဖြင့် အကြံပြုချက်များကို ၆-၃-၂၀၁၆ရက် နောက်ဆုံးထားပြီး အောက်ပါလိပ်စာများသို့ ပေးပို့နိုင်ပါသည်-

(က) **မြန်မာ့သတ္တုတွင်းနည်းဥပဒေများ**- ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန၊ ရုံးအမှတ် ၁၉၊ နေပြည်တော်။ deptmine@ gmail.com

(ခ) **မြန်မာ့ကျောက်မျက်ရတနာ- နည်းဥပဒေများ** ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ နေပြည်တော်။ mge@e-mining gov.com

၃။ လွှတ်တော်မှအတည်ပြုထားသည့် မြန်မာ့သတ္တုတွင်းဥပဒေပြင်ဆင်သည့်ဥပဒေကို ၂၆-၁၂-၂၀၁၅ရက် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေအား ဝန်ကြီးဌာန၏ Website ဖြစ်သည့် (www.mining.gov.mm)တွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း အသိပေးအပ်ပါသည်။

**ရွှေထူးလှိုင်** ရွှေစက်တော်(ဖွင့်ပွဲ)၊ ချောင်းသာ၊ စားတည်းငြိမ်း-၃၀၀၀၀ိ/-

Ph-01377921,09450044494, 09450044496

## လေလံတင်ရောင်းချရန်ကြော်ငြာ

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ကလေးခရိုင် ကလေးဝမြို့နယ်ရှိ ပုံစံ(ဂ)ဝင်သစ်လုံး/ခွဲသား/တိုင်များအား သစ်တောဦးစီးဌာန၊ ကလေးခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ ၁၁-၂-၂၀၁၆ရက် ၁၀နာရီတွင် လက်ရှိမျက်မြင် အခြေအနေအတိုင်း စည်းကမ်းသတ်မှတ်ချက်ထား၍ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | သစ်မျိုး | စုစုပေါင်းတန် | ပုံစံ(ဂ)တည်နေရာ |
|---|---|---|---|
| (၁) | (က) ကျွန်းသစ်/ကျွန်းခွဲသား ကျွန်းတိုင် | ၁၅၁.၂၅၅၈ | ကလေးဝမြို့ |
| | (ခ) တမလန်းသစ်/တမလန်းခွဲသား ပိတောက်ခွဲသား/ပိတောက်တိုင် | ၉၂.၀၆၇၄ | |
| | စုစုပေါင်း | ၂၄၃.၃၂၃၂ | |

၂။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ကလေးခရိုင်သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၅-၂-၂၀၁၆ရက်မှ ၁၀-၂-၂၀၁၆ရက်အထိ လျှောက်လွှာတစ်စောင်လျှင် (ကျပ်-၅၀၀၀/-) နှုန်းဖြင့် ဝယ်ယူတင်သွင်းနိုင်ပါသည်။ လျှောက်လွှာပုံစံကို၁၀-၂-၂၀၁၆ရက် နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ကလေးခရိုင်၊ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၇၃-၂၂၀၅၉နှင့် ဦးစီးအရာရှိ သစ်တောဦးစီးဌာန၊ ကလေးဝမြို့ ဖုန်း-၀၁၀-၄၁၉၅၂၈၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီ**

## ပြောင်းလဲဖတ်ရှုပါရန်

၅-၂-၂၀၁၆ရက်ထုတ် ဤသတင်းစာ စာမျက်နှာ ၂၇ တွင် မင်္ဂလာဆွေ့ခံပွဲ ကျေးဇူးတင်လွှာတွင် မှားယွင်းစွာဖော်ပြထားသော [ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်ဆန်းနှင့်ဇနီး၊ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော မဟာသရေစည်သူဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် (ငြိမ်း)နှင့် ]အစား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော မဟာသရေစည်သူဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)နှင့် ဟု ပြောင်းလဲဖတ်ရှုပါရန်။

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၅)ရပ်ကွက်၊ ပြည်တော်သာလမ်း၊ အမှတ် ၁၃၅၈၊ မြေနှင့်မြေပေါ်ရှိ အဆောက်အအုံနှင့် စပ်လျဉ်း၍ ဦးဟာရီဆံကား ၇/ဖမန(နိုင်)၀၉၄၅၂၁ အပါအဝင်**

## သက်ဆိုင်သူများသိစေရန်

အထက်ဖော်ပြပါမြေနှင့်အိမ်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးရာဂျစ်ကူးမာရ်က ဦးဟာရီဆံကားထံမှ ၁၆-၇-၂၀၁၅ရက်စွဲပါ စာချုပ်ဖြင့် စရန်ငွေပေးချေထားပြီး အပြီးသတ်အရောင်းအဝယ် ပြုလုပ်မည့်ရက်မတိုင်မီ ဦးဟာရီဆံကားဘက်မှ လူမှုရေးအရ အချိန်အနည်းငယ်ပေးပါရန် မေတ္တာရပ်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ စောင့်ဆိုင်းခဲ့ပါသည်။

သို့ရာတွင် စာချုပ်တွင်ဖော်ပြထားသည့်အတိုင်း အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်ရန် ဦးဟာရီဆံကားမှ ပျက်ကွက်နေပါသဖြင့် ၁၆-၇-၂၀၁၅ ရက်စွဲပါစရန်ပေးစာချုပ်အပိုဒ် (၄) အရ စရန်ငွေကျပ် ၄၂၅ သိန်း၏ နှစ်ဆဖြစ်သော ငွေကျပ်သိန်း ၈၅၀ကို ၁၅-၂-၂၀၁၆ ရက် ညနေ ၄း၀၀နာရီနောက်ဆုံးထား၍ ကျွန်ုပ်မိတ်ဆွေထံသို့ ဆက်သွယ်ပေးအပ်ပါရန် ဦးဟာရီဆံကားအပါအဝင် သက်ဆိုင်သူများသိစေရန် ကြေညာအပ်ပါသည်။ ပေးအပ်ရန်ပျက်ကွက်ပါက တည်ဆဲတရားဥပဒေများအရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်(မရှိမ) LL.B အထက်တန်းရှေ့နေ**
**တိုက်အမှတ်၉/၁၁၊ အခန်း3-B၊ မြေညီထပ်၊ ၃၆လမ်း(လမ်းတို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၆၂၉၉၀**

# ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၉)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၂၂၈,၇၁၀.၉၀၈ | | | | ၆၀၆.၅၂၀ | | ၁၁၀,၆၀၃.၇၆၀ | | | ၃၃၉,၉၂၁.၁၈၈ |
| ၂ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း | ၎င်း | | | ၅၄၈,၅၃၃.၁၂၀ | | | | | | ၁၇,၀၈၃.၇၁၉ | | | ၅၆၅,၆၁၆.၈၃၉ |
| ၃ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လက်အောက်ရှိ မန္တလေးလျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း | ၎င်း | | | ၂၃၉,၀၆၅.၁၁၀ | | | | | | ၈,၅၆၆.၆၇၀ | | | ၂၄၇,၆၃၁.၇၈၀ |
| | ပေါင်း | | | | ၁,၀၁၆,၃၀၉.၁၃၈ | | | | ၆၀၆.၅၂၀ | | ၁၃၆,၂၅၄.၁၄၉ | | | ၁,၁၅၃,၁၆၉.၈၀၇ |

ဇယား(၁၀)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၂၀၃,၈၉၃.၂၅၅ | | | ၁၂၂,၀၂၈.၉၀၀ | | ၇,၀၁၀.၃၀၀ | | | ၃၃၂,၉၃၂.၄၅၅ |
| ၂ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း | ၎င်း | ၅၃၁,၀၉၉.၄၄၁ | | | ၃၄,၅၉၆.၇၉၀ | | | | | ၅၆၅,၆၉၆.၂၃၁ |
| ၃ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လက်အောက်ရှိ မန္တလေးလျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း | ၎င်း | ၂၁၉,၆၆၇.၁၅၂ | | | ၂၀,၆၃၈.၇၂၀ | | | | | ၂၄၀,၃၀၅.၈၇၂ |
| | ပေါင်း | | ၉၅၄,၆၅၉.၈၄၈ | | | ၁၇၇,၂၆၄.၄၁၀ | | ၇,၀၁၀.၃၀၀ | | | ၁,၁၃၈,၉၃၄.၅၅၈ |

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၁၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၅.၇၈၁ | | ၁,၁၁၈.၈၇၇ | | | | | | | | | ၁,၁၂၄.၆၅၈ |
| | ပေါင်း | | ၅.၇၈၁ | | ၁,၁၁၈.၈၇၇ | | | | | | | | | ၁,၁၂၄.၆၅၈ |

ဇယား(၁၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁,၀၁၂.၀၀၀ | | | ၄၁.၅၀၀ | | | | | ၁,၀၅၃.၅၀၀ |
| | ပေါင်း | | ၁,၀၁၂.၀၀၀ | | | ၄၁.၅၀၀ | | | | | ၁,၀၅၃.၅၀၀ |

*(ဆက်လက်ဖော်ပြပါမည်။)*

# မန္တလေး မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ADB နှင့် ပူးပေါင်းဆောင်ရွက်မည်

**မန္တလေး ဖေဖော်ဝါရီ ၅**

မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများကို ADB နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၃ ရက်က မန္တလေး အောင်မြေသာစံမြို့နယ် Mandalay Hill Resort ၌ ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲမှ သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးရဲမြင့်က အမှာစကားပြောကြားပြီး Involvement with Mandalay မှ ဒါရိုက်တာ Ms.Tatiana Gallego-Lizon နှင့် ADB ဘုတ်အဖွဲ့ဝင် Mr.Andrew Mcltyre တို့က ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြခဲ့သည်။




မန္တလေးမြို့ပြ အနာဂတ်စီမံကိန်း ထူထောင်ရေးတွင် ဝင်ငွေနည်းအိမ်ရာစီမံကိန်း၊ အသေးစား အလတ်စားစက်မှုဇုန်စီမံကိန်း၊ ဗဟိုစီးပွားကုန်သွယ်ရပ်ကွက်စီမံကိန်း၊ မြို့ပြဇုန်သစ်စီမံကိန်း၊ အပန်းဖြေနှင့် စိမ်းလန်းဇုန်စီမံကိန်း၊ နိုင်ငံတကာစီးပွားရေးဇုန်စီမံကိန်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အမွေအနှစ်ဇုန်စီမံကိန်း၊ ဟိုတယ်ဇုန်စီမံကိန်း၊ ပို့ကုန်ပြုပြင်ထုတ်လုပ်ရေးဇုန်စီမံကိန်းများ ပါဝင်မည်ဖြစ်ပြီး စီမံကိန်းတစ်ခုစီအတွက် အမေရိကန်ဒေါ်လာ ၂ ဒမသ ၅ သန်းစီ လျာထားကြောင်း သိရသည်။

မန္တလေးမြို့သည် မြန်မာနိုင်ငံ၏ အလယ်ပိုင်းတွင်တည်ရှိပြီး ကုန်သွယ်ရေးတွင် အချက်အချာကျ၍ အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယ၊ တရုတ်၊ ထိုင်းနိုင်ငံများနှင့် ဆက်သွယ်ရာ၌ မဟာဗျူဟာနေရာ စီးပွားရေးဗဟိုချက်ဖြစ်သောကြောင့် ADB သည် မန္တလေးမြို့ပြဖွံ့ဖြိုးရေးအတွက် ဘက်ပေါင်းစုံက စီမံကိန်းများစွာဖြင့် ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

ရေပေးဝေရေးတွင်လည်း ပိုမိုကောင်းမွန်သော ရေပေးရေးစနစ်များ ဖြစ်စေရေးအတွက် နိုင်ငံတကာမှ မြို့ပြရေပေးရေးလုပ်ငန်းဆောင်ရွက်သူများနှင့် မန္တလေးရေပေးရေးလုပ်ငန်းတို့ကို မိတ်ဖက်ဖွဲ့စည်းပေးခဲ့ပြီး နည်းပညာများတိုးပွားအောင်ဆောင်ရွက်ပေးခြင်း၊ ချေးငွေနှင့် အကူအညီများပေးခြင်း စသည်တို့ဖြင့် ယခုပြုလုပ်မည့် မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင်လည်း မန္တလေးမြို့ အခြေအနေ ပိုမိုတိုးတက်ကောင်းမွန်လာတော့မည်ဖြစ်ကြောင်း သိရသည်။

မြို့ပြဖွံ့ဖြိုးရေး ဆောင်ရွက်ရန်နှင့် အနာဂတ်မြို့ကြီးများ ထူထောင်နိုင်ရန် အာရှပစိဖိတ်ဒေသတွင် ဒေသန္တရအခြေအနေ၊ လက်ရှိရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ မြို့နှင့်ဆက်ဆံရေးအခြေအနေ၊ ဘဏ္ဍာရေးအလားအလာတို့အပေါ် မူတည်၍ ADB မှ ရွေးချယ်ခဲ့ရာတွင် မြန်မာနိုင်ငံမှ မန္တလေးမြို့နှင့်အတူ ဂျော်ဂျီယာရှိ တီဘလစ်စီမြို့၊ သီရိလင်္ကာရှိ ကိုလမ်ဘိုမြို့၊ ဗီယက်နမ်ရှိ ဟိုချီမင်းမြို့၊ မွန်ဂိုလီးယားရှိ အူလန်ဘတားမြို့ စသည့်မြို့များကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

**ကျော်ထူး(မန္တလေး)**

# နယ်မြေအေးချမ်းလာ၍ ဝင်းဖုန်းကျေးရွာတွင် ပထမဆုံး အုပ်ချုပ်ရေးမှူးရုံး ဖွင့်လှစ်နိုင်

**သထုံ ဖေဖော်ဝါရီ ၅**

မွန်ပြည်နယ်၊ သထုံမြို့နယ်ရှိ ဝင်းဖုန်းကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအဆောက်အအုံသစ်ကို ဖေဖော်ဝါရီ ၃ ရက်က ဖွင့်လှစ်ခဲ့ပြီး ယခင်က လက်နက်ကိုင်ပဋိပက္ခများနှင့် သွားလာရန်ခက်ခဲမှုများကြောင့် ဖွင့်လှစ်ရန် ခက်ခဲခဲ့ရာမှ ယခုကဲ့သို့ ပထမဆုံးအနေဖြင့် အုပ်ချုပ်ရေးမှူးရုံးသစ်ကို ဖွင့်လှစ်နိုင်ခြင်းသည် နယ်မြေအေးချမ်းမှု၏ အကျိုးကျေးဇူးများပင်ဖြစ်ကြောင်း ကျေးရွာရပ်မိရပ်ဖ တစ်ဦးက ပြောသည်။

"နယ်မြေက အေးချမ်းမှုမရှိခဲ့တော့ ကျွန်တော်တို့ရွာက အခြားရွာတွေထက်စာရင် အစစအရာရာ ဖွံ့ဖြိုးမှုနောက်ကျခဲ့တယ်။ ၂၀၁၀ နောက်ပိုင်းမှာ ရွာအနီးဝန်းကျင်မှာရှိတဲ့ လက်နက်ကိုင်အဖွဲ့တွေက အစိုးရနဲ့အပစ်ရပ်ကြတော့ တော်တော်လေး အေးချမ်းလာပြီး ရွာလည်း မယုံနိုင်အောင် ဖွံ့ဖြိုးလာတယ်။ ဘိုးစဉ်ဘောင်ဆက် ရေနံဆီမီးခွက်ကလေးနဲ့ နေလာရာက ခုဆို အိမ်တိုင်းအခမဲ့လာတပ်ပေးထားတဲ့ ဆိုလာလျှပ်စစ်မီးနဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးကိုလည်း အခိုင်အမာတည်ဆောက်နိုင်ပြီ။ နယ်မြေမငြိမ်းချမ်းခင်က ဆောက်လို့ကိုမရတာ"ဟု ဝင်းဖုန်းကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။



ဝင်းဖုန်းကျေးရွာတွင် အိမ်ခြေ ၉၀ နီးပါးရှိကာ လူဦးရေ ၅၀၀ ကျော် နေထိုင်ကြပြီး မူလတန်း(လွန်)ကျောင်း၊ ကျန်းမာရေးဆေးခန်း၊ စာကြည့်တိုက်နှင့် အများသုံးရေတွင်းများ စသည်တို့ကို ဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်ထားပြီး အရှည် သုံးမိုင်နီးပါးခန့်ရှိသည့် ကျေးလက်လမ်းကို (KNU) တပ်မဟာ(၁)၏ အစီအစဉ်ဖြင့် ဖောက်လုပ်ပေးထားကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ကျေးရွာအုပ်ချုပ်ရေးမှူးရုံးဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောစိန်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကျေးရွာ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များကို ဒေသခံများနှင့် ညှိနှိုင်းဆွေးနွေးသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး အဆောက်အအုံသစ်ကို ပြည်နယ်အစိုးရ၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ကျေးရွာပြည်သူများ စုပေါင်းလှူဒါန်းငွေ ကျပ် ၃၅ သိန်းခန့်ဖြင့် ဆောက်လုပ်ပြီး အလျား ၁၆ ပေ၊ အနံ ၁၃ ပေရှိ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းအဆောက်အအုံဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ထောက်ခံကြိုဆိုသည့်အခမ်းအနားကျင်းပ

**ပင်းတယ ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ဓနုဖြူကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ထောက်ခံကြိုဆိုပွဲကို ဖေဖော်ဝါရီ ၂ ရက်က ပြုလုပ်ခဲ့သည်။

ပင်းတယမြို့ပေါ်ရပ်ကွက်များနှင့် မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဓနု၊ တောင်ရိုး၊ ပလောင်နှင့် ပအိုဝ်းတိုင်းရင်းသားများ စုစုပေါင်းအင်အား ၁၇၀၀ ကျော်က မြို့နယ်ခမ်းမှာရုံ၌ စုဝေးကာ ငြိမ်းချမ်းရေးညီလာခံကို ထောက်ခံကြိုဆိုကြောင်း ပိုစတာများကိုင်ဆောင်၍ မိန်းလမ်းမကြီးအတိုင်း စီတန်းလှည့်လည်ခဲ့သည်။ ထို့နောက် မြို့နယ်အားကစားကွင်း၌ ထောက်ခံကြိုဆိုပွဲကို ကျင်းပရာ ဓနုဖြူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကိုက သဘာပတိအဖြစ်ဆောင်ရွက်ပြီး ပင်းတယမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏသိန်းက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ထောက်ခံကြိုဆိုကြောင်းနှင့် လက်မှတ်ရေးထိုးရန် ကျန်ရှိသေးသော လက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမြန်ဆုံးလက်တွဲပါဝင်နိုင်ရေးအဆိုကို တင်သွင်းကာ ဓနုပညာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးစန်းမောင်က ထောက်ခံဆွေးနွေးသည်။

ထို့နောက် သဘာပတိက ပြည်သူများထံမှ ဆန္ဒခံယူတောင်းခံရာ ပြည်သူများက တစ်ခဲနက်ထောက်ခံကြိုဆိုခဲ့ကြပြီး အခမ်းအနားကို ရုတ်သိမ်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**




## သတင်းတိုများ

### မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်

ကယားပြည်နယ် ဘောလခဲမြို့နယ်ရှိ မြို့မစည်ပင်သာယာရေးဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၃ ရက်က စစ်ဆေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဒေဝနှင့် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက မြို့မဈေးအတွင်းရှိ အပေါ့စားမီးသတ်စက်များ၊ မီးသတ်ဆေးဘူးများနှင့် မီးသတ်ရေကန်များ၊ မီးဘေးအန္တရာယ် အချက်ပေးခေါင်းလောင်း၊ သံချောင်းနှင့် မီးသတ်ပိုက်များ အဆင်သင့်ရှိမရှိကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက မီးသတ်ယာဉ်သုံးစီးဖြင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများနှင့် ဈေးသူ ဈေးသားများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

**ကိုစိုင်း(လွိုင်ကော်)**

### သိုင်းပညာတိုးတက်ပြန့်ပွားရေး သိုင်းဆပ်ကော်မတီစည်းဝေး

မြန်မာ့ရိုးရာ သိုင်းပညာ တိုးတက်ပြန့်ပွားရေးအတွက် သိုင်းဆပ်ကော်မတီအစည်းအဝေးကို မုံရွာမြို့ တိုင်းဒေသကြီးအားကစားကွင်းရှိ သိုင်းဆပ်ကော်မတီရုံးခန်းမ၌ ဇန်နဝါရီ ၃၁ ရက်က ကျင်းပခဲ့ကာ တိုင်းဒေသကြီး သိုင်းဆပ်ကော်မတီဒုဥက္ကဋ္ဌဦးတေဇာအေးက အမှာစကားပြောကြားပြီး နာယကကြီးဦးစိန်မောင်၊ အတွင်းရေးမှူး ဦးဇော်လင်းနှင့် တိုင်းဒေသကြီး အာ/ကာ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းအောင်တို့က မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၏ လမ်းညွှန်ချက်ဖြစ်သော ဖော်ထုတ်၊ ထိန်းသိမ်း၊ ဖြန့်ဖြူးရေးနှင့် သိုင်းအားကစား လက်တွေ့ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေး၊ သိုင်းဆပ်ကော်မတီ၏လုပ်ငန်းဆိုင်ရာများ၊ သိုင်းနှင့် လူငယ်၊ လူငယ်များ မူးယစ်ဆေးဝါး ကင်းဝေးစေရေး၊ လူငယ်မောင်မယ်များအတွက် သင်ထောက်ကူပစ္စည်းများရရှိရေး စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

**ဖိုးချမ်း(မုံရွာ)**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးဟောပြော

**မြိုင် ဖေဖော်ဝါရီ ၅**

မကွေးတိုင်းဒေသကြီး မြိုင်မြို့ရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း ခန်းမ၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၄ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးခိုင်မင်းထွန်းက လူကုန်ကူးခံရမှု အကြောင်းရင်းများကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများနှင့် မြိုင်မြို့မရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းသန်းတို့က လူကုန်ကူးမှု ခံရဖွယ်ရှိနိုင်သည့်အခြေအနေများနှင့် လူကုန်ကူးမှု ကြိုတင်တားဆီးကာကွယ်ရေး စသည့် အချက်များကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိက လူကုန်ကူးမှုဆိုင်ရာ ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ပြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးမှ ကျန်မာရေးဆရာမတစ်ဦးက အမျိုးသမီး ကျန်းမာရေးဆိုင်ရာများကိုလည်း ဟောပြောခဲ့သည်။

**စိန်မြိုင်(မြိုင်)**

# လယ်ကန်သင်းများတွင် တိုင်ထောင်ပဲစိုက်ပျိုး၍ တောင်သူများအပိုဝင်ငွေရရှိ

**မတ္တရာ ဖေဖော်ဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိကျေးရွာများမှ တောင်သူများအနေဖြင့် လယ်ကန်သင်းများပေါ်၌ တိုင်ထောင်ပဲ(ခေါ်)ပဲစိမ်းများ စိုက်ပျိုးခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေများရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ပဲစပေါ်ချိန်တွင် ဒိုင်သွင်းဈေး တစ်ပိဿာ ၂၀၀၀ ကျပ် ဈေးရှိပြီး တောင်သူများအနေဖြင့် တစ်ရက်လျှင် ဒိုင်သို့ ပိဿာချိန် ၄၀၀ ကျော် ၅၀၀ အထိ လာရောက်ရောင်းချနိုင်ကြကြောင်း မတ္တရာမြို့နယ် ကျောက်တံတားကျေးရွာမှ ကုန်စိမ်းအဝယ်ဒိုင်တစ်ဦးက ပြောသည်။ မတ္တရာမြို့နယ်အတွင်း ကျေးရွာများရှိ ကုန်စိမ်းအဝယ်ဒိုင်များသို့ တောင်သူများစိုက်ပျိုးသော ပဲစိမ်းအပြင် အခြားသီးနှံများဖြစ်သည့် ပဲတောင့်ရှည်၊ ဘူးသီး၊ ခရမ်းသီး၊ နွေပဲသီး စသည့် သီးနှံများကိုလည်း လာရောက်ရောင်းချပြီး ကုန်စိမ်းဒိုင်မှတစ်ဆင့် မန္တလေးသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

မတ္တရာမြို့နယ် ကျောက်တံတားကျေးရွာမှ ဒိုင်သို့ပဲလာသွင်းသည့် တောင်သူတစ်ဦးကလည်း "ကျွန်တော်က အောင်ချမ်းသာရွာက လာပို့တာပါ။ အပင် ၂၀၀ စိုက်ထားပါတယ်။ တစ်ပတ် တစ်ခါခူးရင် ပိဿာ ၃၀ ရပါတယ်။ ဈေးကတော့ ခု ၁၄၀၀၊ ၁၅၀၀ ကျပ်လောက်ရပါတယ်" ဟု ပြောသည်။

ယခင်နှစ်များက မတ္တရာမြို့နယ်အတွင်းမှ တောင်သူများသည် ပဲစိမ်းကို တွင်ကျယ်စွာ စိုက်ပျိုးခဲ့ခြင်းမရှိဘဲ ယခုအခါမှ စိုက်ပျိုးမှုများလာခြင်းဖြစ်ကာ လက်ရှိအချိန်တွင် မတ္တရာမြို့နယ် မန္တလေး-မတ္တရာလမ်းဘေးတစ်လျှောက်ရှိ လယ်ကွင်းများ၏ ကန်သင်းတိုင်းလိုလိုတွင် တိုင်ထောင်ပဲပင်များကို တွေ့မြင်ရပြီး အပင်များရှင်သန်ဖြစ်ထွန်းသည့်အတွက် စိုက်ပျိုးသူများမှာလည်း တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## အော်ရီဒူးဆင်းကတ်များတွင် ငွေဖြည့်သည့်ပမာဏအလိုက် အင်တာနက်အသုံးပြုခွင့် အပိုရရှိမည်

**ရန်ကုန် ဖေဖော်ဝါရီ ၅**

အော်ရီဒူးဆင်းကတ် အသုံးပြုသူများအနေဖြင့် ငွေဖြည့်သည့် ပမာဏအပေါ် မူတည်၍ အင်တာနက်အသုံးပြုနိုင်သည့် ဒေတာများ အပိုရရှိမည့် အစီအစဉ်ကို ဖေဖော်ဝါရီ ၁ ရက်မှ စတင်ပြုလုပ်ထားကြောင်း သိရသည်။

အဆိုပါ အစီအစဉ်အရ အနည်းဆုံး ကျပ်ငါးရာ ငွေဖြည့်ခြင်းအတွက် ဒေတာ ၅ မဂ္ဂါဘိုက်၊ ကျပ်တစ်ထောင် ငွေဖြည့်ခြင်းအတွက် ၁၀ မဂ္ဂါဘိုက်၊ ကျပ် ၃၀၀၀ ငွေဖြည့်ခြင်းအတွက် ၅၀ မဂ္ဂါဘိုက်၊ ကျပ် ၅၀၀၀ ငွေဖြည့်ခြင်းအတွက် ၁၀၀ မဂ္ဂါဘိုက်၊ ကျပ်တစ်သောင်း ငွေဖြည့်ခြင်းအတွက် ၂၅၀ မဂ္ဂါဘိုက်နှင့် ကျပ်နှစ်သောင်း ငွေဖြည့်ခြင်းအတွက် 1GB အထိ ဒေတာအသုံးပြုခွင့်များ ရရှိမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိစစ်တမ်းများအရ မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်က မိုဘိုင်းဖုန်းသုံးစွဲသူ ၇ ရာခိုင်နှုန်းသာရှိရာမှ ယခုအခါ ၆၃ ရာခိုင်နှုန်းအထိရှိလာခဲ့ပြီဖြစ်ကာ အဆိုပါ မိုဘိုင်းဖုန်းသုံးစွဲသူများအနက် ၈၀ ရာခိုင်နှုန်းကျော်မှာ စမတ်ဖုန်းသုံးစွဲသူများဖြစ်နေပြီး အင်တာနက်သုံးစွဲမှုမှာလည်း ၁၈ ဆအထိ တိုးမြင့်လာသဖြင့် အော်ရီဒူးဆင်းကတ်သုံးစွဲနေသူများအတွက် ပရိုမိုးရှင်းအစီအစဉ် ပြုလုပ်ခြင်းဖြစ်ကြောင်း အော်ရီဒူးမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**




## ဘားကမ့်ရန်ကုန်တွင် ခေါင်းစဉ်ပေါင်းတစ်ရာကျော်ကို ဆွေးနွေးခဲ့

**ရန်ကုန် ဖေဖော်ဝါရီ ၅**

ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park ၌ ဇန်နဝါရီ ၃၀ နှင့် ၃၁ ရက်က ကျင်းပခဲ့သည့် ဘားကမ့်ရန်ကုန် ၂၀၁၆ သို့ လူဦးရေခြောက်ထောင်ခန့် တက်ရောက်ခဲ့ကြပြီး နည်းပညာဆိုင်ရာများနှင့် အထွေထွေအကြောင်းအရာများ အပါအဝင် ခေါင်းစဉ် ၁၀၀ ကျော်ကို Barcamp Speaker များက ပြောဆိုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ယခုနှစ် ဘားကမ့်ရန်ကုန်သည် (၇)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကာ Colourful Barcamp 2016 အမည်ဖြင့် ကျင်းပခဲ့ပြီး ယခင်နှစ်များထက် ထူးခြားသော အစီအစဉ်များလည်း ပါဝင်ခဲ့သည်။ ယခုနှစ် ဘားကမ့်ရန်ကုန် ကျင်းပရေးအတွက် တယ်လီနော၊ ချင်းတွင်းကောလိပ်၊ MIT စသည့် ကုမ္ပဏီများက အဓိက ကူညီပံ့ပိုးခဲ့ကြောင်း သိရသည်။

**သူရဖြိုး**

**ဓာတ်ပုံ**–Barcamp Yangon Organizer Team

# တယ်လီနောဆင်းကတ်သစ်များ ငွေဖြည့်သွင်းခြင်းအတွက် လေးလဆက်တိုက် အပိုငွေပေးသည့် အစီအစဉ်ပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၅**

တယ်လီနောဆင်းကတ်အသစ်များကို စတင်ဝယ်ယူ အသုံးပြုသူများအတွက် ပထမဆုံးအကြိမ် ငွေဖြည့်သွင်းသည့် ပမာဏအပေါ် မူတည်၍ အပိုငွေ လေးလဆက်တိုက်ရရှိမည့် အရောင်းမြှင့်တင်ရေးအစီအစဉ်သစ်ကို စတင်ပြုလုပ်ထားပြီဖြစ်ကြောင်း သိရသည်။

ယခုအရောင်းမြှင့်တင်ရေးအစီအစဉ်မှာ တယ်လီနောဆင်းကတ်အသစ်များအတွက်သာ အကျုံးဝင်မည်ဖြစ်ကြောင်း၊ ဆင်းကတ်သစ်များကို စတင်ဝယ်ယူသုံးစွဲသူများအနေဖြင့် ပထမဆုံး ထည့်သွင်းသည့် ငွေပမာဏအပေါ် မူတည်၍ နောက်ထပ် လေးလဆက်တိုက် အပိုပေးသည့် ဘောနပ်စ်များကို ရရှိမည်ဖြစ်ကြောင်း သိရသည်။

ရရှိမည့် ဘောနပ်စ်မှာ ပထမဆုံး ၁၀၀၀ တန် ငွေဖြည့်ကတ်ဖြင့် ငွေဖြည့်ခြင်းအတွက် တစ်လလျှင် ၂၀၀ ကျပ်နှုန်း၊ ၃၀၀၀ တန် ငွေဖြည့်ကတ်ဖြင့် ငွေဖြည့်ခြင်းအတွက် တစ်လလျှင် ၅၀၀ ကျပ်နှုန်း၊ ငါးထောင်တန်ငွေဖြည့်ကတ်ဖြင့် ငွေဖြည့်ခြင်းအတွက် တစ်လလျှင် တစ်ထောင်ကျပ်နှုန်းနှင့် တစ်သောင်းတန်ငွေဖြည့်ကတ်ဖြင့် ငွေဖြည့်ခြင်းအတွက် တစ်လလျှင် နှစ်ထောင်ကျပ်နှုန်း စသည့်နှုန်းများဖြင့် လေးလဆက်တိုက် ရရှိမည်ဖြစ်ကြောင်း သိရသည်။

လေးလဆက်တိုက် အပိုဘောနပ်စ်ပေးသည့် အစီအစဉ်မှာ ဖေဖော်ဝါရီ ၂ ရက်မှ စတင်ပြုလုပ်သည့် အစီအစဉ်သစ်ဖြစ်သည်။ တယ်လီနောအနေဖြင့် ပြည်တွင်း၌ စတင်ရောင်းချချိန်ကပင် ဆင်းကတ်အသစ် စတင်ဝယ်ယူပြီး ပထမဆုံး ငွေဖြည့်ကတ်ထည့်သွင်းမှုအပေါ် မူတည်၍ ဖုန်းခေါ်ဆိုခနှင့် အင်တာနက်ဒေတာအပိုပေးသည့် အစီအစဉ်ကိုလည်း ပြုလုပ်ထားရာ ထိုအစီအစဉ်မှာလည်း မူလအတိုင်း ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

မူလအပိုပေးသည့် အစီအစဉ်အရ ပထမဆုံး ငွေဖြည့်ကတ် စတင်ထည့်သွင်းရာတွင် သုံးထောင်ကျပ်တန် ငွေဖြည့်ကတ်အတွက် မိနစ် ၃၀ ဖုန်းအခမဲ့ခေါ်ဆိုခွင့်နှင့် အင်တာနက်အသုံးပြုရန် ၃၀ မဂ္ဂါဘိုက်၊ ငါးထောင်ကျပ်တန် ငွေဖြည့်ကတ်အတွက် မိနစ် ၆၀ ဖုန်းအခမဲ့ခေါ်ဆိုခွင့်နှင့် အင်တာနက်အသုံးပြုရန် ၆၀ မဂ္ဂါဘိုက်၊ ကျပ်တစ်သောင်းတန် ငွေဖြည့်ကတ်အတွက် မိနစ် ၁၂၀ ဖုန်းအခမဲ့ခေါ်ဆိုခွင့်နှင့် အင်တာနက်အသုံးပြုရန် ၁၂၀ မဂ္ဂါဘိုက်ကို ရရှိမည်ဖြစ်သည်။

ထပ်ဆင့်အကျိုးခံစားခွင့်များကို တယ်လီနောအချင်းချင်းဖုန်းခေါ်ဆိုခွင့်၊ စာတိုပေးပို့ခွင့်နှင့် သုံးသည့်အတိုင်းပေးရမည့် (PayAsYouGo) အင်တာနက်သုံးခြင်းများအတွက် အသုံးပြုနိုင်မည်ဖြစ်ပြီး အခြားအော်ပရေတာများသို့ ဖုန်းခေါ်ခြင်းနှင့် စာတိုပို့ခြင်း၊ ဒေတာပက်ကေ့ချ်များ ဝယ်ယူခြင်းတို့အတွက် သုံးစွဲနိုင်မည်မဟုတ်ကြောင်း သိရသည်။

**သူရဖြိုး**

# နိုင်ငံခြားငွေဈေး အနည်းငယ်ကျလာသဖြင့် ဟန်းဆက်အချို့ ဈေးနှုန်းအနည်းငယ်လျော့လာ

**ရန်ကုန် ဖေဖော်ဝါရီ ၅**

ဖေဖော်ဝါရီလဆန်းမှစ၍ ပြည်တွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း အနည်းငယ်လျော့ကျလာသဖြင့် ပြည်တွင်းဈေးကွက်အတွင်းရှိ ဟန်းဆက်အချို့လည်း ဈေးနှုန်းအနည်းငယ်စီလျော့ကျလာကြောင်း ရန်ကုန်မြို့ရှိ ကွန်ပျူတာနှင့် မိုဘိုင်းလ်ပစ္စည်းအရောင်းဆိုင်အချို့နှင့် ဟန်းဆက်အရောင်းဆိုင်အချို့မှ သိရသည်။

ဆိပ်ကမ်းသာလမ်းရှိ မိုဘိုင်းလ်ဟန်းဆက်နှင့် ဆက်စပ်ပစ္စည်းဆိုင်ရှင်တစ်ဦးက "ဈေးနှုန်းက နည်းနည်းတော့ကျပါတယ်။ ဒါပေမယ့် ဟန်းဆက်မော်ဒယ်လ်တိုင်းကျတာမဟုတ်ဘူး။ နိုင်ငံခြားငွေဈေးကို အဓိကမူတည်ပြီး တွက်ချက်ရောင်းတဲ့ တန်ဖိုးမြင့်၊ မော်ဒယ်လ်မြင့် ဖုန်းတစ်ချို့မှာပဲ နည်းနည်းဈေးကျနေတာ။ လူသုံးများတဲ့ အလယ်အလတ်တန်းဖုန်းတွေနဲ့ တန်ဖိုးနည်းဖုန်းတွေကတော့ ဈေးမကျသေးဘူး။ နောက်ပိုင်းမှာတော့ ငွေဈေးအပေါ်မူတည်ပြီး ကျရင်လည်း ကျနိုင်ပါတယ်"ဟု ပြောသည်။

ဇန်နဝါရီ ၃၀ ရက်တွင် ဈေးနှုန်း ကျပ် ၁၁၃၀၀၀၀ ရှိခဲ့သော Iphone 6S+ (64GB)သည် ဖေဖော်ဝါရီ ၄ ရက်တွင် ကျပ် ၁၁၂၅၀၀၀ အထိ ဈေးနှုန်းလျော့ကျသွားပြီး ဈေးနှုန်း ကျပ် ၉၉၀၀၀၀ ရှိခဲ့သော Iphone 6S+(16GB) မှာ ကျပ် ၉၈၅၀၀၀ သို့ ကျသွားသည်။ တန်ဖိုး ကျပ်ခုနစ်သိန်းအထက်ရှိသော မော်ဒယ်လ်မြင့်ဖုန်းအချို့ ဈေးအနည်းငယ် လျော့ကျသော်လည်း ပြည်တွင်းဈေးကွက်၌ လူသုံးအများဆုံးဖြစ်သည့် ကျပ်တစ်သိန်းမှ လေးသိန်းကြား ဟန်းဆက်များမှာမူ ဈေးနှုန်းလျော့ကျခြင်း မရှိသေးကြောင်း သိရသည်။

ဟန်းဆက်မော်ဒယ်လ်သစ်အချို့မှလွဲ၍ အများစုဈေးနှုန်းလျော့ကျခြင်း မရှိသေးသကဲ့သို့ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းဈေးကွက်တွင်လည်း ဈေးနှုန်းလျော့ကျခြင်း မရှိသေးကြောင်း သိရသည်။ ယခင်က နိုင်ငံခြားငွေဈေးအပေါ် အခြေခံတွက်ချက်ကာ တစ်ရက်တည်းတွင် ဈေးနှုန်းအပြောင်းအလဲရှိတတ်သည့် Laptop မော်ဒယ်လ်အသစ်များမှာ ယခုအချိန်တွင် ဈေးနှုန်းလျော့ကျခြင်း မရှိသေးသလို စားပွဲတင် ကွန်ပျူတာများ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများမှာလည်း ဈေးအတက်အကျမရှိဘဲ ပုံမှန်အတိုင်း ရှိနေဆဲဖြစ်ကြောင်း သိရသည်။

အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်းမှာ ဖေဖော်ဝါရီလဆန်းတွင် စတင်လျော့ကျခဲ့ခြင်းဖြစ်ကာ ဇန်နဝါရီ ၂၉ ရက်က ရန်ကုန်မြို့လယ် ပြင်ပဈေးကွက်ပေါက်ဈေး ၁၂၉၃ ကျပ်ရှိခဲ့ရာမှ ဖေဖော်ဝါရီ ၃ ရက်တွင် ၁၂၇၄ ကျပ်နှုန်း၊ ဖေဖော်ဝါရီ ၄ ရက်တွင် ၁၂၆၈ ကျပ်နှုန်းအထိ တစ်ရက်လျှင် အနည်းငယ်စီ လျော့ကျလျက်ရှိနေသည်။

**သူရဖြိုး**

# နည်းပညာသစ်များနဲ့ ၂၀၁၆

၂၀၁၆ခုနှစ်ဟာ Smart Year လို့ တင်စားရလောက်အောင် နည်းပညာသစ်တွေမွေးဖွားလာမယ်လို့ ကမ္ဘာကျော် အိုင်တီစီးပွားရေးမဂ္ဂဇင်းကြီးက ခန့်မှန်းထားပါတယ်။ နာမည်ကြီး Brand တွေဟာ အပြိုင်အဆိုင်အားဖြင့် နည်းပညာတိုးတက်အောင် ထုတ်လုပ်လာကြပြီး သူတို့တွေရဲ့ အခြေခံအကြောင်းအရာက လူတွေ နေ့စဉ် နေထိုင်သွားလာမှုဘဝကို အထောက်အပံ့ဖြစ်စေဖို့ကို ဦးတည်လာကြတာဖြစ်ပါတယ်။ ဒီအထဲမှာ ဆမ်ဆောင်းရဲ့ ၂၀၁၆ မော်ဒယ်လ်နည်းပညာများထဲက အချို့ကို မြန်မာသုံးစွဲသူတွေအတွက် မိတ်ဆက်ပေးလိုက်ပါတယ်။




**Galaxy A5 ဟန်းဆက်**

လှပတဲ့ဒီဇိုင်း၊ တစ်ကိုယ်ရည်အချက်အလက်တွေကို ကာကွယ်နိုင်ဖို့ လုံခြုံစိတ်ချရတဲ့စနစ်တွေနဲ့ အဆင့်မြှင့်တင်ထားတဲ့ ကင်မရာလုပ်ဆောင်ချက်သစ်တွေ ပါဝင်တဲ့ Galaxy A5 ဟာ ဆမ်ဆောင်းရဲ့ နောက်ဆုံးပေါ် စမတ်ဖုန်းဖြစ်ပါတယ်။ ကိုယ်ထည်က လှပတဲ့သတ္တုကိုယ်ထည်ဖြစ်ပြီး မျက်နှာပြင်အကျယ်က ၅ ဒသမ ၂ လက်မနဲ့ 1920 x1080 pixels ရှိတဲ့ Super AMOLED မျက်နှာပြင်ကို သုံးထားပါတယ်။

စက်လည်ပတ်မှုအတွက် 1.6 GHz Octa Core CPU ကိုသုံးထားပြီး မင်မိုရီက RAM 2GB နဲ့ ဒေတာသိမ်းဆည်းဖို့ 16 GB ပါဝင်ပါတယ်။ မင်မိုရီကတ်ကို ထပ်စိုက်သုံးရင် 128 GB အထိ သုံးနိုင်ဖို့ ထောက်ပံ့ပေးထားပါတယ်။

အန်းဒရွိုက်ဗားရှင်းက 5.1 (Lollipop)ကို သုံးထားပါတယ်။ ဖုန်းနက်ဝပ်က GSM ဖြစ်ပြီး ဆင်းကတ်နှစ်ကတ် ထည့်သုံးနိုင်ပါတယ်။ အင်တာနက်အတွက်ကိုတော့ 4G(LTE) ကိုပါ ထောက်ပံ့ပေးထားပါတယ်။ ကင်မရာက နောက်ကင်မရာဟာ ၁၃ မဂ္ဂါပစ်ဇယ်နဲ့ ရှေ့ကင်မရာက ၅ မဂ္ဂါပစ်ဇယ်ရှိပြီး ဓာတ်ပုံတွေ ဝေဝါးသွားတာကို ကာကွယ်နိုင်မယ့် Optical Image Stabilization (OIS) စနစ်၊ ကင်မရာကို အမြန်ဖွင့်ပေးနိုင်မယ့် Quick Launch စနစ်၊ ဆယ်လ်ဖီကို မြင်ကွင်းကျယ် ရိုက်ကူးနိုင်မယ့် Wide Selfie၊ မျက်နှာအနီးကပ်ရိုက်ချက်တွေမှာ လှပအောင် အလိုအလျောက်ပြုပြင်ပေးမယ့် Beautifying Effects စတဲ့ လုပ်ဆောင်ချက်တွေ ပါဝင်ပါတယ်။ ဘက်ထရီက 2900 mAh ဖြစ်လို့ အချိန်ကြာမြင့်စွာသုံးနိုင်မယ့်အပြင် Fast Charging စနစ်ပါဝင်လို့ အားဖြည့်ချိန်လည်း မြန်ဆန်မှာဖြစ်ပါတယ်။

တစ်ကိုယ်ရေအချက်အလက်တွေ လုံခြုံမှုရှိစေဖို့ Finger Print စနစ်လည်း ပါဝင်ပါတယ်။ ကမ္ဘာ့နိုင်ငံအချို့မှာ စတင်အသုံးပြုနေပြီဖြစ်တဲ့ Samsung Pay ကို မြန်မာနိုင်ငံမှာ စတင်သုံးဖို့ နည်းပညာအသင့်ဖြစ်လာမယ့် အခါမှာ အဆင်သင့်သုံးနိုင်မယ့် Magnetic Secure Transmission (MST) နှင့် Near Field Communication (NFC) နည်းပညာနှစ်မျိုးစလုံးလည်း ပါဝင်ပါတယ်။ အရောင်အနေနဲ့ အဖြူ၊ အနက်၊ ရွှေရောင်နဲ့ ပန်းရောင် လေးမျိုးရှိပြီး ဈေးနှုန်းက ယခု စတင်ရောင်းချချိန်မှာ 32GB micro SD Card တစ်ကတ်နဲ့ MPT ဆင်းကတ်တစ်ကတ် လက်ဆောင်တွေအပါအဝင် ကျပ် ၅၀၅၀၀၀ ဖြစ်ပါတယ်။

**2016 SUHG TV(Global TV)**

ဆမ်ဆောင်းရဲ့ မှန်ကွေးအမျိုးအစား dot TV ဖြစ်ပါတယ်။ တီဗွီရဲ့ အားသာချက်က samsung ရဲ့ နောက်ဆုံးပေါ် နည်းပညာကို အပြည့်အဝသုံးထားတာဖြစ်ပြီး ၃၆၀ ဒီဂရီ ဒီဇိုင်းဖြစ်ပါတယ်။ မည်သည့်နေရာက ကြည့်ကြည့် မြင်ကွင်းတူခံစားမှုရရှိမှာဖြစ်ပြီး KS 9000 မော်ဒယ်လ်လို့ သိရပါတယ်။

၂၀၁၆မှာ ထွက်ရှိလာမယ့် Smart TV ဈေးကွက်မှာ ထိပ်ဆုံးကပြေးနေပြီး မြန်မာနိုင်ငံကိုလည်း ဝင်ရောက်လာမယ်လို့ သိရပါတယ်။ ကြည့်ရှုလိုတဲ့ လိုင်းတွေကိုရော၊ device တွေနဲ့ တွဲရာမှာရော အားလုံးအတွက် Remote တစ်ခုတည်းသာ အသုံးပြုရမှာဖြစ်ပြီး တီဗွီရဲ့ မှတ်ဉာဏ်စနစ်ကြောင့် သင်ဘာကို အသုံးပြုမှာလဲ၊ ဂိမ်းကစားမလား၊ တီဗွီလိုင်းကြည့် မလား၊ DVD ကြည့်မလား စသည်ဖြင့် စိတ်တိုင်းကျစေမှာ ဖြစ်တယ်လို့ ညွှန်းထားပါတယ်။ ဒါ့အပြင် iOS၊ Android နဲ့ samsung device တွေနဲ့ ချိတ်ဆက်သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။

**ခင်ရတနာ**






ရရှိသည့်
အပိုဆုငွေပမာဏကို
(၁၅)ရက်အတွင်း
အသုံးပြုရပါမည်

| ဖြည့်သွင်းသည့် ငွေကျပ်ပမာဏ | ရရှိမည့် အပိုငွေရာခိုင်နှုန်း | ရရှိမည့် အပိုငွေကျပ်ပမာဏ | ဖြည့်သွင်းသည့် ငွေကျပ်ပမာဏ | ရရှိမည့် အပိုငွေရာခိုင်နှုန်း | ရရှိမည့် အပိုငွေကျပ်ပမာဏ | ဖြည့်သွင်းသည့် ငွေကျပ်ပမာဏ | ရရှိမည့် အပိုငွေရာခိုင်နှုန်း | ရရှိမည့် အပိုငွေကျပ်ပမာဏ |
|---|---|---|---|---|---|---|---|---|
| ၁၀၀၀ | ၂၀% | ၂၀၀ | ၅၀၀၀ | ၄၀% | ၂၀၀၀ | ၂၀၀၀၀ | ၁၀၀% | ၂၀၀၀၀ |
| ၃၀၀၀ | ၃၀% | ၉၀၀ | ၁၀၀၀၀ | ၁၀၀% | ၁၀၀၀၀ | ၃၀၀၀၀ | ၁၀၀% | ၃၀၀၀၀ |

- GSM/ WCDMA နှင့် CDMA (Prepaid နှင့် Postpaid) သုံးစွဲသူများအားလုံးအတွက် အကျုံးဝင်ပါသည်။
- ရရှိသည့် အပိုဆောင်းဆုငွေအား ပြည်တွင်းဖုန်းခေါ်ဆိုခြင်း၊ မက်ဆေ့ပို့ခြင်းနှင့် အင်တာနက်အသုံးပြုခြင်းများအတွက် သုံးစွဲနိုင်ပါသည်။
- GSM/ WCDMA အသုံးပြုသူများအတွက် ခဲခြစ်ကတ်၊ E-top up စနစ်၊ Myanmar Mobile Money စနစ် နှင့် ဘဏ်မှတဆင့် ငွေဖြည့်ခြင်း စသည့်နည်းအားလုံးဖြင့် ငွေဖြည့်နိုင်ပါသည်။
- CDMA အသုံးပြုသူများအတွက် ခဲခြစ်ကတ်ဖြင့် ငွေဖြည့်သွင်းနိုင်ပါသည်။
- ရရှိသည့် အပိုဆုငွေ ပမာဏကို (၁၅) ရက်အတွင်း အသုံးပြုရပါမည်။

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL
CALL CENTER 106 | call free 24 hours everyday

# စုလျားရစ်ပတ်လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဦးစိုးနွယ် (ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး)-ဒေါ်လေးလေးနွယ်တို့၏သားကြီး
**မောင်စိုးမြတ်ဟိန်း**
B.A (Myanmar): Second Years, (M.P.A)
Diploma in Tourism & Hospitality Management(Nanyang Institute of Management, Singapore).Diploma in Customer Service Management
(The Institute of Commercial Management. Belgrade. Serbia)
**စုံစမ်းရေးမှူး (အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်မြို့)**
နှင့်
ရန်ကုန်မြို့နေ
ဦးအောင်မင်း (အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းချုပ်)-ဒေါက်တာဒေါ်ခင်သင်းသင်းတို့၏
တစ်ဦးတည်းသောသမီး
**မခိုင်ခိုင်ဇင်** @ Lute Kat
B. A (English), MBA, General Management (Thesis;)
Assumption University, Bangkok, Thailand

တို့သည် ၃၀-၁-၂၀၁၆ရက်တွင် ရန်ကုန်မြို့၊ Sedona Hotel၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ၏ ရှေ့မှောက်တွင် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ စုလျားရစ်ပတ် လက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်စိုးမြတ်ဟိန်း-မခိုင်ခိုင်ဇင်**

---

# အထူးကျေးဇူးတင်လွှာ

၃၀-၁-၂၀၁၆ရက်တွင် ရန်ကုန်မြို့ Sedona Hotel၌ ကျင်းပပြုလုပ်ခဲ့သည့် မောင်စိုးမြတ်ဟိန်းနှင့် မခိုင်ခိုင်ဇင်@Lute Katတို့၏ စုလျားရစ်ပတ် လက်ထပ်မင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်နိုင်ခြင်းမရှိသော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ခဲ့ကြသည့် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ဦးခင်အောင်မြင့်နှင့်ဇနီးဒေါ်ခင်ပြုံး၊ စုလျားရစ်ပတ်လက်ထပ်မင်္ဂလာပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ခဲ့ပြီး မင်္ဂလာသဘင် နာယကကြီးအဖြစ် ဆောင်ရွက်ကာ ထိမ်းမြားလက်ထပ်ပေးခဲ့သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ မင်္ဂလာ လက်စွပ်များ ဆင်မြန်းဝတ်ဆင်ပေးပါသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဒေါ်လင်းလင်းတင်၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်အားပေးခဲ့ကြသော ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ စစ်ရေးချုပ်၊ စစ်ထောက်ချုပ်၊ စစ်ဥပဒေချုပ်၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူး၊ တပ်ထိန်းချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ သံအမတ်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ UMFCCI/MIAမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးအဖွဲ့၊ CEC,ECများ၊ စစ်တက္ကသိုလ် အမှတ်စဉ်(၁၉)မှ သူငယ်ချင်းများနှင့်ဇနီးများ၊ ပြည်ပနိုင်ငံများမှ တကူးတကကြွရောက်ချီးမြှင့်ကြသည့် နိုင်ငံခြားသားလုပ်ငန်းရှင်များ၊ မိတ်ဆွေများ၊ စစ်ဘက်နယ်ဘက်မှ မိတ်ဆွေသင်္ဂဟများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ ရပ်ဝေးရပ်နီးမှ မင်္ဂလာလက်ဖွဲ့များ ပေးပို့လာကြသည့် ဆွေမျိုးမိတ်သင်္ဂဟတို့ကိုလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသင်မြင့်သန်း၊ မင်္ဂလာပန်းကြဲပေးသော မရှုမငြီးအောင်နှင့် မဟန်ဇာတင်မောင်အေး၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မဆုစန္ဒီသိန်း၊ မင်္ဂလာပန်းကုံးများ ကိုင်ဆောင်ပေးပါသော မဆုအိန္ဒြာခင်၊ မင်္ဂလာသတို့သားအရံများဖြစ်ကြသော ကိုစိုးမြတ်ထွဋ်နှင့် ဗိုလ်ကြီးရဲမင်းဦး၊ မင်္ဂလာသတို့သမီးအရံများဖြစ်ကြသော မဆုဆင့်နေနေနှင့် မပိုးအိချစ်၊ မိတ်ကပ်ဆံပင်၊ မင်္ဂလာဝတ်စုံနှင့် မင်္ဂလာလက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော တိုးတိုး(Cover Mark)၊ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ပီတာနှင့်အဖွဲ့၊ ရဲထွဋ် (Photography)၊ ကိုနိုင်လင်း၊ ပန်းအလှဆင်ပေးပါသော လင်းလင်း၊ မင်္ဂလာတေးသံသာဖြင့် သီဆိုဖျော်ဖြေပေးပါသော ရောင်စဉ်လှိုင်းတေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ ရန်အောင်နှင့် ဟေမာနေဝင်းတို့အားလည်းကောင်း၊ ၂၈-၁-၂၀၁၆ရက်တွင် ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ မြစံပယ်လမ်းရှိ ဝိဇ္ဇောတာရုံ ဘုန်းကြီးကျောင်းတွင် ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ White Rice Restaurantတွင် ကျင်းပသော မင်္ဂလာညစာစားပွဲသို့ တက်ရောက်လာကြသော နှစ်ဖက်သောဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ မေတ္တာဖြင့် ပါဝင်ကူညီပေးပါသော ဒေါ်တင်မိုးလွင် (Talent&Model)အားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်စိုးမြတ်ဟိန်း-မခိုင်ခိုင်ဇင်@Lute Kat**


ဆလုံပွါစ်®
Salonpas®
ကြွက်သားနှင့် အဆစ်အမြစ်နာကျင်ကိုက်ခဲမှုများကို လျော့ပါးသက်သာစေမည့်
ဂျပန်နိုင်ငံ၏ နံပါတ်တစ် ပလာစတာ
အသစ်
Salonpas® 10 PATCHES
Added Vitamin E
Pain Relieving Patch
10 PATCHES 6.5cm×4.2cm
● ကြွက်သားနာကျင်ကိုက်ခဲခြင်း
● အဆစ်ရောင်နာ
● သာမန် ကျောအောင့်ခြင်း
● အကြောတင်ခြင်း
တို့နှင့် တွဲဖက်နေသည့်
နာကျင်ကိုက်ခဲမှုများ၊ ရောင်ရမ်းမှုများ
သက်သာပျောက်ကင်းစေရန်အတွက်
ဆလုံပွါစ်®
Salonpas®
Hisamitsu®
Licensed by
Hisamitsu Pharmaceutical Co., Inc.
JAPAN SAGA TOSU
Manufactured by
Hisamitsu Vietnam Pharmaceutical Co., Ltd.
No. 14-15 2A Street, Bien Hoa II Industrial Zone
Bien Hoa City, Dong Nai Province, Vietnam
Myanmar Registration No.2002AA8289
• အသုံးပြုရလွယ်ကူခြင်း
• ကြာရှည်စွာ အသုံးပြုနိုင်ခြင်း
• စေးကပ်မှု၊ ပေကျံကပ်ငြိမှု မရှိခြင်း
ပရုတ်ဆီနှင့် ခရင်မ်များထက် ကောင်းမွန်သော ပလာစတာ၏ အကျိုးကျေးဇူးများ
• အလုပ်ရှုပ်ခြင်းမရှိစေဘဲ အသုံးပြုရလွယ်ကူပါတယ်။
• သင့်လက်နှင့် အင်္ကျီများကို ပေကျံကပ်ငြိခြင်း မရှိပါဘူး။
• ၈ နာရီကြာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။
ပါဝင်တဲ့ပစ္စည်းတွေက
နာကျင်ကိုက်ခဲမှုဝေဒနာကို ခံစားနေရတဲ့ နေရာတစ်ဝိုက်ကို
တိုက်ရိုက်စိမ့်ဝင်သွားစေပါတယ်။
ခါးနာခြင်း၊ ကျောအောင့်ခြင်း
ပခုံးကြွက်သားများ တောင့်တင်းနာကျင်ခြင်း
ခြေဖဝါးများ နာကျင်ကိုက်ခဲခြင်း
ခြေသလုံးကြွက်သားများ နာကျင်ကိုက်ခဲခြင်း
Hisamitsu®


THE KEY TO
DRIVING LUXURY.
THE ALL-NEW BMW 7 SERIES.
BMW
01:12:30 PM
BMW
SLIDE UP
TO UNLOCK



BMW EFFICIENTDYNAMICS.
LESS CONSUMPTION. MORE DRIVING PLEASURE.
Prestige Automobiles
bmwmyanmar.com
Sheer Driving Pleasure
The all-new BMW 7 Series
THE ALL-NEW BMW 7 SERIES.
DRIVING LUXURY.
Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.
Phone : 01- 230 6133, Service Hotline : 01- 230 6144
Join BMW Myanmar
www.facebook.com/BMWPAC


BMW EFFICIENTDYNAMICS.
LESS CONSUMPTION. MORE DRIVING PLEASURE.
Prestige Automobiles
bmwmyanmar.com
BMW
Sheer Driving Pleasure
LUXURY THAT SHAPES THE FUTURE.
THE ALL-NEW BMW 7 SERIES. DRIVING LUXURY.
The leader of automotive luxury has arrived in Myanmar.
တီထွင်ဖန်တီးမှုအသစ်များစွာနှင့် ၂၁ ရာစု၏ အကောင်းဆုံး အဆင့်မြင့်ဇိမ်ခံကား မြန်မာပြည်သို့ ရောက်ရှိလာပါပြီ။




Carbon CORE

ရှင်ပြုရဟန်းခံဝယ်ယူလှူဒါန်းရန်
မြတ်စေတနာသင်္ကန်းပရိက္ခရာတိုက် (စစ်တွေမြို့)မှာ
ပစ္စည်းမှန် ဈေးနှုန်းမှန်ဖြင့် ရောင်းချပေးနေပါသည်
အလှူတော်မင်္ဂလာပိတ်စာနှင့် လက်ဆောင်ယပ်တောင်များရနိုင်ပါသည်
ပင်ရင်း-အမှတ် ၃၅၊ မဏိပူရလမ်း၊ ရဲနွယ်စုရပ်ကွက်၊ လောကနန္ဒာစေတီမြောက်ဖက်၊ စစ်တွေမြို့၊
ဖုန်း ၀၄၃-၂၂၄၈၃၊ ၀၉-၃၆၁၇၃၄၆၈

ဟိုက်ဒြောလစ်/လေဖိအား
Fully Auto အုတ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
(၆၇)၊ သံသုမာလမ်း၊ သုဝဏ္ဏသွားဆေးတက္ကသိုလ်အနီး
09 420035882, 09 73199410
09 420035884, 09 73199257

ဖျာပုံငါးပိ ဆန်းမျှား
(အဟောင်း)
နှံနှံကျန်သေးသည်။
တစ်ဖိတ်=၄၀၀၀၀ကျပ်
☎:01512443, 0973017656, 0973076733








စံတော်ဝင်မြေဖင်းတောရ ဓမ္မရိပ်သာ (မိုးကုတ်မြို့)
(၁၂)ကြိမ်မြောက် ကန္နီဥပနိဿယ ရက်(၆၀)

## တရားစခန်းဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့၊ လယ်ဦးအုပ်စု၊ ရွှံ့ပန်းကြီး ရွှံ့ပန်းလေးရပ်ရှိ စံတော်ဝင် မြေဖင်းတောရ ဓမ္မရိပ်သာတွင် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးမဏ္ဍလမှ ရက်(၆၀) တရားစခန်းအား ၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၁ရက် (၂၄-၂-၂၀၁၆ရက်) တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။ ကြိုတင်စာရင်းပေးသွင်းရန် အခက်အခဲရှိသော တရားစခန်းဝင်မည့် ယောဂီများသည် တရားစခန်းဖွင့်ပွဲမတိုင်မီ တစ်ရက်ကြိုတင်၍ ကြွရောက်ပါရန် အသိပေး ကြေညာအပ်ပါသည်။

**မှတ်ချက်။** ။ (နှစ်စဉ် တပို့တွဲလပြည့်ကျော် ၁ရက်နေ့ အပတ်စဉ်နှင့် ကဆုန်လဆန်း ၁ရက်နေ့ အပတ်စဉ်များတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။)

**ဖုန်း-၀၉-၄၀၂၆၉၈၆၉၉၊ ၀၉-၄၇၁၁၇၅၇၃၊ ၀၉-၄၀၂၇၈၁၇၉၂၊**
**၀၉-၄၇၀၅၈၂၀၄၊ ၀၉-၄၂၀၈၁၆၈၉၄**
**ဦးသန်းနိုင်-ဒေါ်အေးအေးဝင်း**
**(မြန်မာစံတော်ဝင်၊ စံတော်ဝင်ကျောက်မျက်ရတနာကုမ္ပဏီ)**

ထားဝယ်အသင်း

## (၈၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲ ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားဖိတ်ကြားခြင်း

ထားဝယ်အသင်း၏ (၈၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက် (စနေနေ့) နံနက်စနာရီတွင် ဗဟန်းမြို့နယ်၊ ကန်တော်ကြီးဝင်း မဟာမြိုင်ကျွန်းရှိ Western Park Royal ခန်းမကြီး၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကန်တော့ခံ သက်ကြီး ဘိုးဘွားများ၊ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ အသင်းသူ၊ အသင်းသားများ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ၊ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်ကော်မတီ၊ ထားဝယ်အသင်း**

## ဂိုဒေါင်(သို့မဟုတ်) စက်ရုံရောင်းမည်/ငှားမည်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာအုပ်စု၊ ရောဝတီမြစ်မြို့ပတ်လမ်းဘေး၊ စစ်ကိုင်းတံတား(အသစ်)အနီး တည်ရှိသောခြံအကျယ် တစ်ဧကရှိ ဂိုဒေါင်/စက်ရုံ ငှားမည်/ရောင်းမည်။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၂၀၁၂၀၀၂၊၀၉-၉၆၀၆၂၆၀၆၈**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၄)၊ ဆဋ္ဌမတန်း(B)မှ မောင်ထူးအောင်ကျော်မိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်မိုး ၁၂/မဂတ(နိုင်) ၀၁၅၂၃၃ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ပြင်ဦးလွင်မြို့၊ အထက(၄) စတုတ္ထတန်း(A)မှ မောင်ဝေယံကျော်အား ယနေ့မှစ၍ မောင်ဝေယံထက်ဟု ပြောင်းလဲခေါ်ပါရန်။

## တိုက်ခန်းရောင်းမည်

ကျောက်မြောင်းဓမ္မစိန္တာလမ်း ကျားကွက်သစ်လမ်းမအနီး 6F,အထူးပြင်ဆင်ပြီး 15'x60'height 16' ကိုယ်ပိုင်မီးရေ ထောင့်ခန်း သိန်း ၃၀၀ အထူးညှိနှိုင်းဈေး

**ဖုန်း-၀၉-၅၀၇၁၃၆၆**

## အမည်ပြောင်း

ဦးမြညွန့်၏သား ဘားအံမြို့၊ အထက(၂)ပဥ္စမတန်း မှ မောင်နေထက်လင်းအောင်အား မောင်ကျော်စောအောင်ဟု ခေါ်ပါရန်။

## တိုက်ခန်းရောင်းမည်

(၁၄×၅၀)ပေ၊ နတ်ချောင်း ၂ လမ်းအတွင်း၊ တာမွေမြို့နယ်၊ အိပ်ခန်းနှစ်ခန်းဖွဲ့ပြီး၊ ဧည့်ခန်းလျှာထိုးခင်းပြီး၊ သံဗန်း၊ ဆန်းရိုတ်တပ်ပြီး။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၂၅၄၂၇၈၃၈၀၊**
**၀၉-၅၄၀၁၈၁၃၊ ၀၉၂၅၃၁၁၇၁၁၆၊**
**သိန်း ၅၀၀ ညှိနှိုင်း။**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဂ/၆၈၈၄၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် (၆F)၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အမှတ်(၇၄)၊ မဟာသုခိတာလမ်း၊ မြေကွက်အမှတ် (၄၅/ဃ၅)၊ ဧရိယာ ၀ဒသမ ၀၆၂ဧက ၂၇၀၀စတုရန်းပေရှိ အစိုးရမြေအား ဒေါ်သန်းအေး ၁၂/လမန(နိုင်) ၀၃၆၅၆၃မှ မြေငှားစာချုပ် (အထူးဂရန်) ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သက်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာဌာနခွဲ**

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအကွက်အမှတ် (၁၅/၂-၄)၊ ဦးပိုင်အမှတ် ၇၆၊ မြေဧရိယာ ၀ဒသမ ၁၈၄ဧကရှိ မြေကွက်အား ဦးဇိန်ထုံးဂမ်ဆန်းအမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၂၄၉၇/V (၁၉၉၀-၁၉၉၅) အရ မြေငှားဂရန် ရရှိခဲ့ပြီး ၎င်းမှတစ်ဆင့် ဦးလမုန်ဂမ်ဖန် ၁၂/မရက(နိုင်) ၀၄၃၂၃၆ထံသို့ရောင်းချခဲ့ပါသည်။ အဆိုပါမြေငှားဂရန်မှာ နေအိမ်ပြောင်းရွှေ့စဉ် ပျောက်ဆုံးသွားသဖြင့် မိတ္တူကူးယူခွင့်ပြုနိုင်ရေးအတွက် ဦးလမုန်ဂမ်ဖန်မှ ဤရုံးသို့လျှောက်ထားလာပါသည်။

ယင်းမြေငှားဂရန် မိတ္တူကူးယူခွင့် လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ကာလအတွင်း ကန့်ကွက်သူများမရှိပါက ပျောက်ဆုံးသွားသည်ဟုတင်ပြသော မြေငှားဂရန်မူရင်းကို ပယ်ဖျက်၍ မြေငှားဂရန်မိတ္တူကူးယူခွင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

# ရန်ကုန်မြို့ သဃ်န်းကျွန်းအိတ်ချိန်းနယ်မြေအတွင်း အော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့် ပြောင်းလဲမည်ဖြစ်ပါကြောင်း အများပြည်သူသို့ အသိပေးအကြောင်းကြားခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်သည့် အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများ ဖြည့်စွမ်းပေးနိုင်ရန် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည် စက်မှုပိုင်းဆိုင်ရာ အဆင့်မြှင့်ရန်လိုအပ်လျက်ရှိသော သဃ်န်းကျွန်း S-12 အိတ်ချိန်းအား ခေတ်မီ MSAN အိတ်ချိန်းများဖြင့် အမြန်အစားထိုး လဲလှယ်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် သဃ်န်းကျွန်းအိတ်ချိန်း (Host) ၏ (၀၁-၅၆×××× )နံပါတ်များအစား (၀၁-၈၅၆××××) နံပါတ်များဖြင့် မူလနံပါတ် (၅၆)ရှေ့တွင် (၈) တစ်လုံးတိုး၍ လည်းကောင်း (ဥပမာအားဖြင့် ၀၁-၅၆၁၂၃၄ အစား ၀၁-၈၅၆၁၂၃၄)၊ သုဝဏ္ဏ RSU အိတ်ချိန်း/ တောင်ဥက္ကလာပ RSU အိတ်ချိန်း/ ရန်ကင်း RSU အိတ်ချိန်းများ၏ မူလ (၀၁-၅၆××××) နံပါတ်များအစား (၀၁-၂၃၃××××) နံပါတ်များဖြင့် မူလ (၅၆) နေရာတွင် (၂၃၃) အစားထိုး၍လည်းကောင်း (ဥပမာအားဖြင့် ၀၁-၅၆၁၂၃၄ အစား ၀၁-၂၃၃၁၂၃၄) (၁၀-၂-၂၀၁၆) ရက်နေ့တွင် အစားထိုးပြောင်းလဲဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း လေးစားစွာအသိပေးအကြောင်းကြားအပ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

1. Marketing Manager (၁) ဦး
 - MBA
2. Chief Accountant မ(၁) ဦး
 -B.Com, CPA,English 4-Skills
3. Front Desk Manager ကျား/မ(၁)ဦး
 -Any Graduate,English (4)-Skills
 - Hotel တွင်တာဝန်ထမ်းဆောင်နိုင်ရမည်။
4. Accountant မ(၁) ဦး
 - B.Com
5. Office Staff - Any Graduate ကျား(၁)ဦး
 -အသက်(၄၀) နှစ်အောက်
6. အရောင်းဝန်ထမ်း -Any Graduate မ(၅) ဦး
7. Driver ကျား(၁)ဦး

လျှောက်ထားလိုသူများသည် အမျိုးသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းဆိုင်ရာမိတ္တူ၊ လိုင်စင်ဓါတ်ပုံ(၁)ပုံ၊ သက်ဆိုင်ရာ ရဲစခန်းထောက်ခံစာယူဆောင်၍ ဤကြော်ငြာပါသည့်နေ့မှစ၍ နှစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

မင်းထွန်းထရေးဒင်းကုမ္ပဏီလီမိတက်
အမှတ်(၂၂)၊ River View Garden Housing၊ကမ်းနားလမ်း၊အလုံမြို့နယ်။

## MYANMAR GOLF CLUB
## Captain's Cup 2016 ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

မြန်မာဂေါက်သီးရိုက်အသင်း၏ နှစ်စဉ်ကျင်းပလျက်ရှိသော Captain's Cup 2016 ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ (၁၁/၁၂)ရက်များတွင် မြန်မာဂေါက်သီးရိုက်အသင်း(ဇမိုင်၊ ပြည်လမ်း) ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၁ ရက်တွင် Veteran ဂေါက်သီးရိုက်ပြိုင်ပွဲကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၁၂ရက်၌ Gold, Silver, Bronze ဂေါက်သီးရိုက်ပြိုင်ပွဲများကိုလည်းကောင်း ကျင်းပမည်ဖြစ်ရာ အသင်းသားများသာ ပါဝင်ယှဉ်ပြိုင်နိုင်ပါကြောင်းနှင့် ဖေဖော်ဝါရီ ၁၂ရက်ညနေပိုင်းတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပမည်ဖြစ်၍ ညစာခံကျွေးမွေးရေးနှင့် တေးဂီတဖျော်ဖြေရေးအစီအစဉ်များ ပါဝင်မည်ဖြစ်ပါသည်။ ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာဂေါက်သီးရိုက်အသင်း စီမံရေးရာရုံး ဖုန်း-၀၁-၆၆၅၅၃၁၊ ၀၉-၈၆၁၂၉၉၄ သို့ ဆက်သွယ်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

### မွေးသက္ကရာဇ်မှန်
လှိုင်ကော်မြို့၊ လောဓမ္မအထက(ခွဲ)၊ ဒုတိယတန်း(က) မှ မတင်ဇာဝင်း၏ မွေးသက္ကရာဇ်အမှန်မှာ၉-၈-၂၀၀၇ ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း
ကျွန်တော်လင်းအောင်သက် ၂/လကန(နိုင်) ၀၁၀၁၂၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၂၆၈၁၆

### မိဘအမည်မှန်
အထကတောင်နီ၊ နဝမတန်း (က)မှ မနန်းစိန်အောင်၏ မိဘအမည်မှန်မှာ စိုင်းဆမ်ကျော်နှင့် နန်းခမ်းညွှန့်ဖြစ်ပါကြောင်း။
စိုင်းဆမ်ကျော်-နန်းခမ်းညွှန့်

### ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်ဇင်လင်းကို ၇/ညလပ (နိုင်)၁၆၁၄၂၅၏ Passport(No.မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၆၁၈၂၇၀၀

### ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်အောင်ဗိုလ်ဗိုလ်ဟိန်း ၁၀/မလမ(နိုင်)၁၆၁၂၀၀၏ ပတ်စ်ပို့နံပါတ် A-106682 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၀၃၅၅၆၂

### အမည်ပြောင်း
ပုတာအိုမြို့၊ လေယာဉ်ကွင်းရပ်ကွက်(၂)နေ ဦးခင်ဆိုင်ဆန်ဖီ၏ သားများဖြစ်ကြသော မောင်လန်ဝမ်ဖုန်ဇီဆန်းအား မောင်ခင်ဆိုင်ဆန်ဖုန်ဇီဆန်း၊ မောင်အယ်လ်ထင်မျိုးအောင်အား မောင်ခင်ဆိုင်ဆန်ထင်မျိုးအောင်ဟု ပြောင်းလဲခေါ်ပါရန်။

### လူပျောက်ကြော်ငြာ
(အဘ) ဦးဇော်ဝင်း၏သား မောင်အောင်ကျော်ပိုင်သည် ၁၅-၁-၂၀၁၆ ရက် မွန်းလွဲ ၂း၁၀ နာရီ တွင် နေအိမ်မှထွက်သွားရာမှ ပြန်လည်ရောက်ရှိမလာပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း - ၀၉ ၄၂၂၄၉၇၃၁၀
၀၉ ၂၆၁၆၃၀၀၁၀

### ပတ်စ်ပို့ပျောက်
ကျွန်တော် မောင်ဆိုင်းမွန်းဇော်ထွန်း ၁/မကန(နိုင်)၁၅၅၅၂၃ ၏ ပတ်စ်ပို့အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၇၇၁၀၅၈၄

### မွေးသက္ကရာဇ်အမှန်
ဦးမြင့်ဦး(ခ) ဦးမောင်မြင့်၏ သား၊ ကန့်ဘလူမြို့နယ်၊ ညောင်အိုင် အထက(ခွဲ) နဝမတန်းမှ မောင်ဟိန်းယံထက်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၃-၂၀၀၂ဖြစ်ပါသည်။

### ဖခင်အမည်မှန်
ပွင့်ဖြူမြို့နယ်၊ လယ်ကိုင်းမြို့ဟောင်း၊ အထက ပဥ္စမတန်းမှ မဇလပ်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ပါ ၈/မဘန(နိုင်) ၀၀၄၅၄၉ဖြစ်ပါသည်။
ဦးခင်မောင်ပါ

### သားအဖြစ်မှစွန့်လွှတ်ခြင်း
(ဦးကျော်မင်း)-ဒေါ်လှဝင်း ၁၂/ဥကတ(နိုင်)၀၈၆၁၁၉တို့၏သား မောင်ကျော်စွာဝင်း ၁၂/ဒဂရ(နိုင်)၀၂၇၅၄၆ သည် မိဘစိတ်ဆင်းရဲအောင် လုပ်ဆောင်သည်ဖြစ်၍ ယနေ့မှစ၍ သားအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။
မိခင်-ဒေါ်လှဝင်း

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေကွက်အမှတ် (ဥ-၆၁၀၁)၊ ဧရိယာ ၀ဒသမ ၁၆၇၈ဧ ဦးမြင့်စိုး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၆၅/၂၀၁၃ ဖြင့် ဦးမြင့်စိုးမှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံထားရသူ ဦးကျော်လှိုင်(ဘ) ဦးထွေးမောင် ၁၂/ဒဂတ(နိုင်) ၀၃၃၀၁၇မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း
ယာဉ်အမှတ် ကက/၅၄၃၅ တိုယိုတာ မတ်တူး ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ကိုကို ၉/မနမ(နိုင်)၁၂၂၈၉၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တောင်ကြီး

### ကန့်ကွက်နိုင်ပါကြောင်း
ယာဉ်အမှတ် ၂၃ယ/၉၂၀၉၄ လော်ဂျား ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်စိုး ၇/လပတ(နိုင်)၀၀၅၀၅၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တောင်ကြီး

### ကန့်ကွက်နိုင်ပါကြောင်း
ယာဉ်အမှတ် ၂၁ယ/၃၈၂၈ ယာဉ်လက်ဝယ်ရှိသူဒေါ်ခင်ဝင်းမော် ၁၃/လလန(နိုင်) ၀၅၁၅၅၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး၊ လှိုင်လင်မြို့

# ဒုတိယသမ္မတ ဦးဉာဏ်ထွန်း လပွတ္တာမြို့ မီးလောင်မှုဖြစ်ပွားခဲ့သည့်နေရာများအား လိုက်လံကြည့်ရှု



ဒုတိယသမ္မတ ဦးဉာဏ်ထွန်း လပွတ္တာမြို့ မီးလောင်မှုဖြစ်ပွားခဲ့သည့် နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်အောင်ကျော်ဇော၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ မီးဘေးသင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန်နှင့် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ရန် ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့သို့ရောက်ရှိကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့အား လပွတ္တာမြို့ ဆောက်လုပ်ရေးရှင်းလင်းဆောင်၌ မြို့နယ်အုပ်ချုပ်ရေးမှူးက မီးလောင်ကျွမ်းမှုဖြစ်စဉ်၊ မီးဘေးသင့်အိမ်ခြေ၊ အိမ်ထောင်စုနှင့် ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ မီးဘေးသင့်ပြည်သူများအား ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ လက်ခံထားရှိမှုအခြေအနေ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အစီအစဉ်များကို

စာမျက်နှာ ၅ ကော်လံ ၁ ❐

ပြည်သူ့လွှတ်တော်အစည်းအဝေး

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပ

စာ - ၇

အမျိုးသားလွှတ်တော်အစည်းအဝေး

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ

စာ - ၇

## လက်ရှိချန်ပီယံ ရန်ကုန်အသင်း ပထမဆုံးနိုင်ပွဲရရှိ

သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - ဖိုးသော်ဇင်

**ရန်ကုန် ဖေဖော်ဝါရီ ၅**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၅)ပထမနေ့ပွဲစဉ်ကို ယနေ့ညနေပိုင်းက ကျင်းပရာ လက်ရှိချန်ပီယံ ရန်ကုန်အသင်းက ချင်းယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယခုရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် လေးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေမှုကို လက်ရှိချန်ပီယံ ရန်ကုန်အသင်း ရပ်တန့်နိုင်ခဲ့ပြီး လူစားဝင်ကစားသော သန်းပိုင်၏ အနိုင်ဂိုးဖြင့် ပထမဆုံးနိုင်ပွဲရခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းတွင် အမာခံကစားသမားအချို့ ဒဏ်ရာပြဿနာကြောင့် ပါဝင်နိုင်ခြင်းမရှိဘဲ အိမ်ကွင်း၌ ကစားခဲ့ရသော်လည်း ပထမဆုံးနိုင်ပွဲရရှိရန် ရုန်းကန်ခဲ့ရသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ ❍



ရန်ကုန်အသင်းတိုက်စစ်ကို ချင်းယူနိုက်တက်အသင်း ကာကွယ်ဖျက်ထုတ်နေစဉ်။

## အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ဖေဖော်ဝါရီ ၄ ရက် မြန်မာစံတော်ချိန် ၂၂ နာရီ ၀၀ မိနစ် စက္ကန့် ၅၀ အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၂၆၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ Andaman Island, India Region ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။ **(မြန်မာ့အလင်း)**

## တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘောဂဗေဒကျောင်းသင်ခန်းစာပါရှိ

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူဖြစ်စေရန် ပညာရေးဝန်ကြီးဌာနမှ ရေးသားပြုစုထားသော ကျောင်းသင်ခန်းစာများကို မြန်မာ့အလင်း သတင်းစာတွင် နေ့စဉ်ဘာသာရပ်အလိုက် ဖော်ပြပေးလျက်ရှိရာ ယနေ့တွင် ဘောဂဗေဒဘာသာရပ် အထူးကဏ္ဍအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၃၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။



# ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်နှင့်ပတ်သက်သော အထောက်အကူပြုသင်ခန်းစာများကို အပိုင်း(၂)ပိုင်းခွဲ၍ ရှင်းလင်းတင်ပြပါမည်။ ပထမပိုင်းတွင် စာမေးပွဲမေးခွန်းပုံစံကို တင်ပြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် ယင်းမေးခွန်းကို အမှတ်ပြည့်ရရှိအောင်ဖြေဆိုနိုင်မည့် ဖြေဆိုပုံဖြေဆိုနည်းများနှင့် သတိပြုရမည့်အချက်များကို ရှင်းလင်းတင်ပြပါမည်။

**တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ**

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာကို အပိုင်း(က)နှင့် အပိုင်း(ခ)ဟူ၍ (၂) ပိုင်းခွဲခြား မေးလေ့ရှိသည်။ **အပိုင်း(က)**တွင် မေးခွန်းနံပါတ် (၁)နှင့် (၂) မဖြေမနေရ ဖြေဆိုရမည့် မေးခွန်း (၂)ပုဒ်ပါရှိပါသည်။ မေးခွန်း (၂)ပုဒ်စလုံးကို ဖြေဆိုကြရမည်ဖြစ်သည်။

မေးခွန်းနံပါတ် (၁)တွင် (က)၊ (ခ)နှင့် (ဂ) ဟူ၍ နံပါတ်ငယ် (၃) ခုနှင့် (၃)ပိုင်း ထပ်ခွဲထားပါသည်။ **၁။(က)** တွင် ဖော်ပြချက် (၁၀) ခုကို မှား/မှန် ဖြေဆိုရန် ဖြစ်ပါသည်။ ပြဌာန်းစာအုပ်တွင်ပါဝင်သည့် အခန်းအားလုံးမှ သဘောတရားများ၊ သီအိုရီများကို ကျေညက်ပြီး နားလည်သဘောပေါက်မှုကို ဆန်းစစ်သောမေးခွန်းဖြစ်သည့်အတွက် ဘာသာရပ်ကို ကျွမ်းကျင်တတ်မြောက်မှုရှိမှသာ ဖြေဆိုနိုင်မည်ဖြစ်သည်။

မေးခွန်းနံပါတ် **၁။(ခ)**တွင် ဖော်ပြချက် (၅)ခုကို စာကြောင်းအပြည့်အစုံမဖော်ပြဘဲ လိုအပ်သောအဖြေကို ကွက်လပ်ဖြည့်ရမည်ဖြစ်သည်။ ဖြေဆိုရာတွင် အဖြေကိုသာ နံပါတ်တပ်၍ တိကျစွာဖြေဆိုရန်ဖြစ်သည်။ များသောအားဖြင့် ဘာသာရပ်ဆိုင်ရာနားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သည့်အနေဖြင့် မေးလေ့ရှိသဖြင့် ဘာသာရပ်ကို နားလည်ကျေညက်မှသာ ဖြေဆိုနိုင်မှာဖြစ်ပါသည်။

မေးခွန်းနံပါတ် **၁။(ဂ)**တွင် ဖော်ပြချက် (၅)ခုကို စာကြောင်းတစ်ခုတွင် (က)၊(ခ)နှင့် (ဂ) အဖြေ (၃)မျိုး ပေးထားပြီး ယင်းထဲမှ အဖြေမှန်ကို ရွေးချယ်ရန်ဖြစ်သည်။ ဖြေဆိုရာတွင် အဖြေမှန်ကို ပေးထားသည့် (က)၊(ခ) နှင့် (ဂ) ထဲကမှ ရွေးချယ်ထားသည့်နံပါတ်ကိုသာ ရေးပေးရန်ဖြစ်သည်။

**မေးခွန်းနံပါတ်(၂)** တွင် ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့် အခန်းအားလုံးမှ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားပါသည်။ သင်ခန်းစာအခန်း(၁)ခန်းစီမှ (၃) ခုစီနှင့် အခန်း(၆) ခန်းအတွက် (၁၈)ခုမေးထားပြီး ယင်းတို့ထဲမှ နှစ်သက်ရာ (၁၀)ခု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဖြေဆိုရမည်ဖြစ်သည်။

မေးခွန်းလွှာ၏ **အပိုင်း (ခ)** တွင် စုစုပေါင်းမေးခွန်း (၄) ပုဒ် မေးထားပြီး ထို (၄)ပုဒ်ထဲမှ နှစ်သက်ရာ (၃) ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်း(၄)ပုဒ်အနက် မေးခွန်းနံပါတ် (၃)၊ (၄)နှင့် (၅) တို့မှာ မေးခွန်းပုံစံဆင်တူပါသည်။ မေးခွန်းခွဲ (က)တွင် အမှတ်(၂၀)ပေးသည့် မေးခွန်းရှည် (၁) ပုဒ်ကို မေးထားပြီး (ခ)တွင် (၁၀) မှတ်ပေးသည့် မှတ်စုတို (၄)ပုဒ် ပေးထားပါသည်။ (က)နှင့် (ခ)ထဲမှ နှစ်သက်ရာကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ တစ်ဖန် မေးခွန်းခွဲ(ခ)ကိုရွေးချယ်ပါက ပေးထားသည့်မှတ်စုတို (၄)ပုဒ်အနက် နှစ်သက်ရာ (၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ ထို့ကြောင့် ဆိုလိုသည်မှာ မေးခွန်းခွဲ(က)နှင့် မေးခွန်းခွဲ(ခ) (၂)ခုထဲမှ နှစ်သက်ရာကို ရွေးချယ်ဖြေဆိုရမည်ဖြစ်ပြီး မေးခွန်းခွဲ(က)ကိုဖြေဆိုပါက မေးခွန်းခွဲ(ခ)ကို ဖြေဆိုရန်မလိုသကဲ့သို့ မေးခွန်းခွဲ(ခ)ကို ဖြေဆိုပါက မေးခွန်းခွဲ(က)ကို ဖြေဆိုရန်မလိုပါ။ မေးခွန်း(၁)ပုဒ်လုံးအတွက် ရရှိနိုင်သည့်ရမှတ်မှာ (၂၀)မှတ်ဖြစ်သည်။

**မေးခွန်းနံပါတ် (၆)**မှာ တွက်ချက်မှုနှင့်ဉာဏ်စမ်းမေးခွန်းဖြစ်သည်။ ပေးထားသော စာရင်းအင်းကိန်းဂဏန်းများကို အသုံးပြုပြီး တွက်ချက်ခြင်း၊ မျဉ်းကွေးများနှင့် ပုံများရေးဆွဲခြင်း၊ သီအိုရီသဘောတရားများ နားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သောဉာဏ်စမ်းမေးခွန်းများကို ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းခွဲ (က)၊(ခ)နှင့် (ဂ)မှ နှစ်သက်ရာ (၂) ပုဒ်ကိုသာ ဖြေဆိုရန်ဖြစ်သည်။ ယင်းမေးခွန်းအတွက် ရမှတ်မှာလည်း (၂၀)မှတ်ဖြစ်သည်။

ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာကို ခြုံငုံကြည့်ပါက မေးခွန်းအမျိုးအစား (၅)မျိုးပါဝင်သည့် မေးခွန်း (၆)ပုဒ်ပေးထားသော မေးခွန်းလွှာဖြစ်သည်။ အမျိုးအစား (၅)မျိုးမှာ (၁) ဓမ္မဓိဋ္ဌာန်မေးခွန်း၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ (၃) မှတ်စုတိုမေးခွန်း၊ (၄) မေးခွန်းရှည်မေးခွန်းနှင့် (၅) တွက်ချက်မှုနှင့် ဉာဏ်စမ်းမေးခွန်းတို့ဖြစ်သည်။ ယင်းတို့အနက် အပိုင်း(က)မှ မေးခွန်းနံပါတ် (၁) နှင့် (၂) မဖြေမနေရဖြေဆိုရမည့်မေးခွန်း (၂)ပုဒ်အပြင် အပိုင်း(ခ)မှ နှစ်သက်ရာ မေးခွန်း (၃)ပုဒ်၊ စုစုပေါင်း မေးခွန်း(၅)ပုဒ်ကို ဖြေဆိုရမည် ဖြစ်သည်။

**ဖြေဆိုပုံဖြေဆိုနည်း**

မေးထားသော မေးခွန်း (၆)ပုဒ်ကို ဖြေဆိုရာတွင် တိကျမှန်ကန်စေရေးနှင့် အမှတ်ကောင်းရရန် ဖြေဆိုပုံဖြေဆိုနည်းကို မေးခွန်း(၁)ပုဒ်ချင်းစီအတွက် ရှင်းလင်းသွားပါမည်။

**မေးခွန်း (၁-က)** ဤမေးခွန်းသည် ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူကပေးထားသောဖော်ပြချက်က မှား (သို့) မှန် ဖြစ်သည်ကိုဖြေဆိုရမည်ဖြစ်သည်။ စာကြောင်းပြန်ဖြေရန်မလိုဘဲ စာဖြေသူက ရွေးချယ်ထားသောအဖြေကိုသာ နံပါတ်တပ်၍ဖြေဆိုရန်ဖြစ်သည်။ ဥပမာ - **'အကြောင်း တစ်စုံတစ်ရာကြောင့် ဈေးနှုန်းသည် အားမျှခြေအောက် ကျဆင်းသွားပါက ပိုလျှံဝယ်လိုအားကို ဖြစ်ပေါ်စေသည်။'**ဟူသောဖော်ပြချက်တွင် အဖြေမှန်က **'မှန်'** ဖြစ်သည့်အတွက် 'မှန်'ဟုသာ ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းစာသားပြန်ရေးရန်မလိုပါ။ ဖြေဆိုရာတွင်လည်း မှား (သို့မဟုတ်) မှန် တိကျပြတ်သားရန်လိုပါသည်။ စာစစ်သူဖတ်၍မရသော မှား/မှန်မကွဲပြားသော အဖြေများအတွက် အမှတ်မရရှိနိုင်ပါ။ ထို့ကြောင့် စာဖြေသူက အဖြေကို တိတိကျကျ၊ ပြတ်ပြတ်သားသား၊ ပီပီသသ၊ မှန်မှန်ကန်ကန် ဖော်ပြဖြေဆိုရပါမည်။ ဖော်ပြချက် (၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းရမှတ် (၁၀)မှတ်ဖြစ်သည်။

**မေးခွန်း (၁-ခ)** ဤမေးခွန်းသည်လည်း ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ပေးထားသောစာကြောင်းတွင် ဖြေဆိုသူက လိုအပ်သည့်ကွက်လပ်ကို အဖြေမှန်ဖြည့်စွက်ပေးရန်ဖြစ်သည်။ စာကြောင်းပြန်ရေးသားရန်မလိုဘဲ ဖြည့်စွက်ရမည့် အဖြေကိုသာ နံပါတ်တပ်၍ဖြေဆိုရန်ဖြစ်သည်။ ဥပမာ- 'လူ့အဖွဲ့အစည်းအားလုံး၏အခြေခံအကျဆုံးစီးပွားရေးပြဿနာ ပေါ်ပေါက်လာရခြင်း၏ အကြောင်းရင်းမှာ ____ ဖြစ်သည်။'ဟူသော မေးခွန်းအတွက် အဖြေမှန်မှာ **'အင်အားစုရှားပါးမှု'**ဖြစ်ရာ ယင်းအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ များသောအားဖြင့် ဝေါဟာရများကို အဓိက မေးလေ့ရှိပြီး တိကျသောအဖြေဖြစ်ရန်နှင့် စာလုံးပေါင်းမှန်ရန်လိုပါသည်။ စာကြောင်း (၁)ခုလျှင် (၁)မှတ်ဖြင့် (၅)ခုအတွက် စုစုပေါင်းရမှတ် (၅)မှတ်ဖြစ်သည်။

**မေးခွန်း (၁-ဂ)** ဤမေးခွန်းတွင် မေးထားသောစာကြောင်းတွင် အဖြေကို (က)(ခ)(ဂ) (၃)မျိုး ပေးထားပြီး ယင်းထဲမှ အဖြေမှန်(၁)ခုကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ ယင်းမေးခွန်းတွင်လည်း မေးခွန်းစာကြောင်းကို ပြန်လည်ရေးရန်မလိုပါ။ ဥပမာ - 'တစ်ဦးချင်းဝယ်လိုအားကို ပြဋ္ဌာန်းသောအချက်မှာ (က) ၄ ချက် (ခ) ၅ ချက် (ဂ) ၆ ချက် ရှိသည်။'ဟူသော မေးခွန်း၏အဖြေမှန်မှာ **(က)** ဖြစ်သဖြင့် မေးခွန်း (၁-ဂ) မေးခွန်းနံပါတ်သေး (၁) (က)ဟု ဖြေဆိုရန်ဖြစ်သည်။ စာကြောင်း (၅) ခုအတွက် (၁)ခုလျှင် (၁) မှတ်ဖြင့် စုစုပေါင်းရမှတ် (၅)မှတ်ဖြစ်သည်။

မေးခွန်းအပိုင်း(က) နံပါတ်(၁)မေးခွန်းအတွက် အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီမှ ပြဋ္ဌာန်းထုတ်ဝေထားသည့် ဒသမတန်း ဘောဂဗေဒဖတ်စာအုပ်တွင် သင်ခန်းစာအခန်းတိုင်း၏ အဆုံး၌ ထိုမေးခွန်းပုံစံများကို လေ့ကျင့်ရန် ထည့်သွင်းပေးထားသဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကြိုတင်လေ့လာနိုင်ပါသည်။

မေးခွန်းနံပါတ်(၂)တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားရာ၌ ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း တိကျမှန်ကန်ပြည့်စုံစွာ ဖြေဆိုရန်လိုအပ်ပါသည်။ အဖြေသည် တိကျမှန်ကန်မှုရှိရန် လိုအပ်ပါသည်။ မှားယွင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အမှတ်ပေးခြင်းမရှိကြောင်းကို ဖြေဆိုသူများ အထူးသတိပြုရန် လိုပါသည်။

ဥပမာ - **'အခငွေ'**၏အဓိပ္ပာယ်ဖွင့်ဆိုချက်မေးထားခြင်းကို **'အချို့ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် (သို့) အချို့လုပ်ငန်းများဆောင်ရွက်ခွင့်အတွက် အစိုးရသို့ပေးရသော ငွေကြေးကိုအခငွေဟု ခေါ်သည်။'**ဟု ဖြေဆိုရမည့်အစား **'နိုင်ငံတော်ပိုင်ပစ္စည်းများကို သုံးစွဲသည့်အတွက် ပေးရသောငွေကြေးကို အခငွေဟု ခေါ်သည်။'**ဟူ၍ဖြေဆိုခြင်းသည် မှားယွင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်သည်။ ထို့ကြောင့် ယင်းဖြေဆိုမှုအတွက် အမှတ်လုံးဝမရရှိနိုင်ပါ။

ထို့အတူ **'ကုန်သွယ်မှုလိုငွေ'** ၏အဓိပ္ပာယ်ဖွင့်ဆိုချက် မေးထားခြင်းကို **'ပို့ကုန်တန်ဖိုးက သွင်းကုန်တန်ဖိုးထက် လျော့နည်းနေလျှင် ကုန်သွယ်မှုလိုငွေ(သို့) လိုငွေပြကုန်သွယ်မှု ရှင်းတမ်းဟုခေါ်သည်။'**ဟု ဖြေဆိုရမည့်အစား **'သွင်းကုန်တန်ဖိုးက ပို့ကုန်တန်ဖိုးထက် လျော့နည်းနေလျှင် ကုန်သွယ်မှုလိုငွေ (သို့) လိုငွေပြကုန်သွယ်မှုရှင်းတမ်းဟုခေါ်သည်။'**ဟုဖြေဆိုပါက လွဲမှားနေသဖြင့် အမှတ်လုံးဝမရနိုင်ပါ။ သို့ဖြစ်ပါ၍ သေချာပိုင်နိုင်စွာ လေ့လာကျက်မှတ်ထားရန် လိုအပ်ပါသည်။ အထူးသဖြင့် မှားယွင်းလွယ်သော၊ ဆင်တူရိုးမှားဖြစ်ပြီး အဓိပ္ပာယ်လုံးဝကွဲလွဲသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အလွတ်ကျက်ခြင်းထက် သဘောတရားနားလည်စေရန် ပိုမိုလေ့လာထားပြီး မမှားအောင် ဖြေဆိုရန်လိုအပ်ပါသည်။

ပေးထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်(၁၈)ခုထဲမှ နှစ်သက်ရာ (၁၀)ခုကို ဖြေဆိုရပြီး တိကျမှန်ကန်ပြည့်စုံပါက (၁)ခုအတွက် (၂)မှတ်အပြည့်၊ မှန်ကန်သော်လည်း မပြည့်စုံပါက (၁)မှတ်နှင့် အထက်တွင်ဖော်ပြခဲ့သကဲ့သို့ မှားယွင်းပါက (၀)မှတ်ဟု စည်းမျဉ်းချမှတ်စစ်ဆေးလေ့ရှိသဖြင့် ဂရုစိုက်ဖြေဆိုကြရန် ဖြစ်ပါသည်။ တစ်ခုလျှင် (၂) မှတ်နှင့် (၁၀)ခု ဖြေဆိုရသည့်အတွက် စုစုပေါင်း (၂၀)မှတ်ဖြစ်သည်။

**အပိုင်း(က)** တွင် မေးထားသော မေးခွန်းများအတွက် စုစုပေါင်းရရှိနိုင်သည့် အမှတ်မှာ (၄၀)မှတ်ဖြစ်ပါသည်။ မေးခွန်းနံပါတ် (၁) နှင့် (၂)ကို တိကျမှန်ကန်စွာ ဖြေဆိုနိုင်ခြင်းဖြင့် အမှတ်(၄၀)အပြည့် ရရှိနိုင်ပါသည်။

မေးခွန်းလွှာ၏ **အပိုင်း(ခ)**တွင် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မေးခွန်းနံပါတ် (၃)၊ (၄)နှင့် (၅)တို့ကို မေးခွန်းပုံစံ ဆင်တူစွာမေးထားပါသည်။ (က)တွင် အမှတ်(၂၀)မေးခွန်းရှည်ကို မေးထားပြီး (သို့မဟုတ်)ခံကာ (ခ) တွင် မှတ်စုတို(၄)ခု မေးထား၍ နှစ်သက်ရာ(၂)ပုဒ်ကို ဖြေဆိုရမည်ဖြစ်ပါသည်။ ယင်းမေးခွန်းများတွင် အခန်းသီးသန့်စီခွဲကာ မေးထားခြင်းမျိုးမဟုတ်ဘဲ ပြဋ္ဌာန်းစာအုပ်ပါ အခန်း(၆)ခန်းစလုံးကို ပေါင်းစပ်ရောနှောပြီးမေးနိုင်သဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် သင်ရိုးအားလုံးကို နှံ့စပ်စွာ ကျေညက်အောင် ဖတ်ရှုလေ့လာရန် အထူးလိုအပ်ပါသည်။

ဖြေဆိုရာတွင်လည်း မှတ်စုတိုကိုဖြစ်စေ၊ မေးခွန်းရှည်ကိုဖြစ်စေ ဖြေဆိုသည့်အခါ မေးထားသည့် အကြောင်းအရာ၏ အဓိပ္ပာယ်ကို ဦးစွာဖွင့်ဆိုသင့်ပါသည်။ ပြီးမှသာ ရှင်းလင်းချက်များကို ဖြေဆိုရပါမည်။ ထို့အပြင် အချက်အလက်များကို ဖော်ပြရှင်းလင်းရန်ဟုမေးပါက စစ်ဆေးသူရှင်းလင်းပြတ်သားစွာ စစ်ဆေးနိုင်ရန် မေးထားသည့် အချက်အလက်များကို ဦးစွာဖော်ပြပြီးမှ (၁)ချက်ချင်းစီကို အသေးစိတ်ထပ်မံဖြေဆိုသင့်ပါသည်။ ဥပမာ ထုတ်လုပ်မှုအင်အားစု(သို့)ကုန်ထုတ်အင်အားစုများကိုမေးပါက ထုတ်လုပ်မှုအင်အားစု(သို့)ကုန်ထုတ်အင်အားစုများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဦးစွာဖြေဆိုပြီး (၃)မျိုးကို ဖော်ပြပေးရပါမည်။ ထို့နောက် ယင်းအမျိုးအစား (၁)ခုချင်းစီကိုရှင်းပြရပါမည်။

(၂၀)မှတ်တန် မေးခွန်းရှည်ကို ရွေးချယ်ဖြေဆိုမည်ဆိုပါကလည်း အထက်ပါဖြေဆိုချက်အတိုင်း ဖြေဆိုသင့်ပါသည်။ ဥပမာ ဈေးကွက်ဝယ်လိုအားကို ပြဋ္ဌာန်းထားသော အချက်များကို မေးပါက ဝယ်လိုအား၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဦးစွာဖြေဆိုပြီး ပြဋ္ဌာန်းသောအချက် (၆)ချက်ကို ဖော်ပြပေးရပါမည်။ ထို့နောက် ယင်းအချက် (၁)ချက်ချင်းစီကိုရှင်းပြရပါမည်။

မေးခွန်းနံပါတ်(၆)သည် တွက်ချက်မှုနှင့် ဉာဏ်စမ်းပုစ္ဆာကို (က)(ခ)(ဂ)ခွဲ၍ (၁၀)မှတ်စီမေးထားပြီး နှစ်သက်ရာ(၂)ခုကို ဖြေဆိုရမည်ဖြစ်သည်။ တိကျမှန်ကန်စွာဖြေဆိုနိုင်ပါကအမှတ်ပြည့်ရရှိနိုင်သော်လည်း တွက်ချက်မှုနှင့် ယူဆချက်မှားယွင်းပါကလည်း အမှတ်လျော့လွယ်သော မေးခွန်းပုံစံဖြစ်ပါသည်။ ထို့ကြောင့် ယင်းမေးခွန်းနှင့်ပတ်သက်၍ အထူးအလေးပေး ရှင်းလင်းလိုပါသည်။

(၁)မေးခွန်းတွင် ကိန်းဂဏန်းအချက်အလက်ကို အခြေခံပြီး မျဉ်းကွေးများ၊ ပုံများရေးဆွဲခြင်းဖြစ်ပါက ပေးထားသည့်ကိန်းဂဏန်းပေါ် မူတည်၍ စကေးချပြီး မျဉ်းကွေးကို တိကျစွာရေးဆွဲရမည်ဖြစ်ပါသည်။

ဥပမာ 'အားမျှခြေဇယား'ပေးထားပြီး မျဉ်းကွေးရေးဆွဲစေသော မေးခွန်းတွင် မေးခွန်းပါကိန်းဂဏန်းကို လေ့လာ၍ သင့်လျော်သော စကေးကိုဦးစွာချပြီး ဆက်စပ်ကိန်းဂဏန်းကို စကေးအလိုက် အစက်ချရပါမည်။ ထို့နောက် ယင်းအမှတ်များကို မျဉ်းဖြင့်ဆက်လိုက်ခြင်းအားဖြင့် ဝယ်လိုအားနှင့် ရောင်းလိုအားမျဉ်းကွေးများကို ရရှိပါမည်။ ဤသို့ရေးဆွဲရာတွင် ပေတံဖြင့် မျဉ်းဖြောင့်အတိုင်းမဆက်ရဘဲ လက်ဖြင့် ပြေပြစ်သော မျဉ်းကွေးအဖြစ် ဆက်ရန်လိုပါသည်။'အားမျှခြေ'၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုလည်း ထည့်သွင်းဖြေဆိုသင့်သည်။ ထို့အတူ'ထုတ်လုပ်နိုင်မှုအခြေပြဇယား'ပေးထားပြီး မျဉ်းကွေးရေးဆွဲစေသောမေးခွန်းတွင်လည်း ဦးစွာထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေး၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုဖြေဆိုပြီး မေးခွန်းပါကိန်းဂဏန်းများကို အခြေခံ၍ သင့်လျော်သော စကေးကိုချကာ ဆက်စပ်ကိန်းဂဏန်းကို စကေးအလိုက် အစက်ချရပါမည်။ ထို့နောက် ယင်းအမှတ်များကို မျဉ်းဖြင့်ဆက်လိုက်ခြင်းအားဖြင့် ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးကို ရရှိပါမည်။ အခွင့်အလမ်းစရိတ်တွက်ချက်မှုတွင် အခွင့်အလမ်းစရိတ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ တွက်ချက်ရမည့်ပုံသေနည်းတို့ကို ဖြေဆိုပြီး မေးခွန်းတွင်မေးထားသည့် အမှတ်(၂)ခုအတွက် အခွင့်အလမ်းစရိတ်ကို တွက်ချက်ပေးရပါမည်။

(၂)အားမျှခြေတွင်ဇယားပေးပြီး အားမျှခြေ၊ ပိုလျှံဝယ်လိုအား၊ ပိုလျှံရောင်းလိုအားတို့ကို ရှာစေသည့်မေးခွန်းအပြင် ဈေးကွက်အားမျှခြေအပေါ်တွင် ဝယ်လိုအားနှင့်ရောင်းလိုအား ပြောင်းလဲခြင်းများ၏ အကျိုးသက်ရောက်ပုံကိုလည်း မေးလေ့ရှိပါသည်။ မေးခွန်းတွင် မူလရှိဈေးကွက် အခြေအနေတစ်ခုတွင် ဝယ်လိုအား(သို့)ရောင်းလိုအားကို ပြဋ္ဌာန်းသောအချက်များထဲမှ အချက်တစ်ခုခုကို ပြောင်းလဲစေခြင်းသည် လေ့လာရမည့်ဈေးကွက်အခြေအနေကို မည်သို့အကျိုးသက်ရောက်စေသည်ကို ပုံနှင့်တကွ ဖြေဆိုရမှာဖြစ်သည်။

(၃)ကိန်းဂဏန်းအချက်အလက်ကို အခြေခံပြီးတွက်ချက်စေသောမေးခွန်းတွင် မေးထားသည့် အကြောင်းအရာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုရပါမည်။ ထို့နောက်မှ တွက်ချက်မှုကို ပြုလုပ်သင့်ပါသည်။ ဥပမာ - အလျော့အတင်းဆိုင်ရာမေးခွန်းဆိုပါစို့။ အလျော့အတင်းဆိုင်ရာတွက်ချက်မှုတွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း၊ ဝင်ငွေအလျော့အတင်း၊ အပြန်အလှန်အလျော့အတင်းနှင့် ရောင်းလိုအားအလျော့အတင်းဟူ၍ (၄)မျိုးမေးနိုင်ပါသည်။ ယင်းမေးခွန်းကို ဖြေဆိုပါက ဦးစွာမေးထားသည့် အလျော့အတင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုဖြေရပါမည်။ ထို့နောက်ပုံသေနည်းကိုဖြေပါမည်။ ထို့နောက်ပေးထားသော ကိန်းဂဏန်းကိုအစားသွင်း၍ အဖြေရရှိသည်အထိ တွက်ချက်ရန်ဖြစ်သည်။ နောက်ဆုံးတွင်ရရှိလာသော အဖြေကို သုံးသပ်ရမည်ဖြစ်သည်။ သုံးသပ်ရာတွင် အလျော့အတင်းတန်ဖိုးသည် (+) သို့ (-) ထွက်ရှိခြင်း၊ (>1, <1, =1, =0)ထွက်ရှိခြင်းများအတွက် သဘောတရားများကို အခြေခံ၍ သုံးသပ်သွားရန်ဖြစ်သည်။

*စာမျက်နှာ (ခ)သို့*

## ကရုဏာစင်တာ ပညာ၊ ကျန်းမာ၊ ထောက်ပံ့စောင့်ရှောက်မှုနှင့် ကရုဏာကုသိုလ်ဖြစ်

### ဆေးခန်း၊ ဆေးအလှူတော်ပါဝင်လှူဒါန်းနိုင် 'ဆင်းရဲနေရာ၊ ရွေးချယ်ကာလှူပါနိုးဆော်ရ'

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ၊ ဝိဝေကာဝါသကျောင်းတိုက် ဆရာတော် အရှင်တိက္ခ ဦးဆောင်သော ကရုဏာစင်တာ (ပရဟိတ) မှ ၂၀၀၇ ခုနှစ်ကစ၍ ပညာ၊ ကျန်းမာ၊ ထောက်ပံ့ စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ အလှူငွေရရှိမှုနည်းပါးသောကြောင့် အထက်တန်းကျောင်းများမှ (၁၀)တန်း ကျောင်းသူ/သား (၄၁)ယောက်၊ တက္ကသိုလ်ကျောင်းသူ/သား (၂၅)ယောက်တို့နှင့် တောင်စွန်း၊ ဘီးလင်းပြည်သူ့ ဆေးရုံတို့၌ ဆင်းရဲလူနာများကို လူဦးရေ၊ ငွေကြေး သတ်မှတ်ကာ လစဉ်ထောက်ပံ့စောင့်ရှောက်လျက်ရှိပါသည်။ ပညာရေးပဒေသာပင်တစ်ပင် (၁၀၀၀၀) ကျပ်၊ ဆေးပဒေသာပင် (၂၀၀၀၀) ကျပ် စသည်ဖြင့် အချိန်အခါမရွေး ကုသိုလ်ပါဝင် စိုက်ထူလှူဒါန်း နိုင်ပါကြောင်း နိုးဆော်အပ်ပါသည်။ (၁) ဦးဆောင်ဆရာတော် - 098626998၊ (၂) မင်းလှမ္မ ရိပ်သာကျောင်း။ (ဗဟန်းဈေးအနီး) ဖုန်း-0943116580, 0945006254 (၃) ဦးရွှေဘော်၊ ဖုန်း-09 254449207 (၄) ကေဇာဝင်း-ပုံနှိပ်တိုက်၊ (စိန်ပေါလ်မှတ်တိုင်အနီး)ဖုန်း-398440၊(၅)ကမ္ဘောဇဘဏ်၊ ရွှေဂုံတိုင်ဘဏ်ခွဲ၊ အရှင်တိက္ခ (Account No. 00730100702498201) (၆)ကမ္ဘောဇဘဏ်၊ ကျိုက်ထိုဘဏ်ခွဲ၊ အရှင်တိက္ခ (Account No. 0731210012429)

## ကျေးဇူးတင်ဝမ်းမြောက်ကြောင်းအမှတ်တရစကား

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ၊ ဝိဝေကာဝါသကျောင်းတိုက်တွင် ကရုဏာစင်တာ (ပရဟိတ) ပညာရေး/ကျန်းမာရေး ထောက်ပံ့စောင့်ရှောက်မှုလုပ်ငန်းအတွက် ပြည်တွင်းပြည်ပမှ ပညာရေးပဒေသာပင်၊ ကျန်းမာရေးဆေးပဒေသာပင်များကို လစဉ်စိုက်ထူကုသိုလ်ပါဝင်နေကြသော အလှူရှင်များ၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးနှင့် ရေလှောင်ကန်၊ ဘုရား စေတီပုထိုး စသည်များကို လှူဒါန်းနေကြသော အလှူရှင်အပေါင်းတို့အား ဦးဆောင်ဆရာတော် အရှင်တိက္ခမှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း အမှတ်တရစကား ပြောကြားအပ်ပါသည်။

သက်ရှည် ကျန်းမာ ချမ်းသာကြပါစေသော် .....။

ဆက်သွယ်ရန်ဖုန်း - 098626998

facebook : ကရုဏာစင်တာ အရှင်တိက္ခ

## ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့

### ယာဉ်/စက်ယန္တရားများ၊ စက်ပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ ကွပ်ကဲမှုအောက်ရှိ မြို့နယ်၊ မြို့နယ်ခွဲ စည်ပင်သာယာရေးကော်မတီများမှ လိုအပ်လျက်ရှိသော ယာဉ်/စက်ယန္တရားများ၊ စက်ပစ္စည်းများအား ဝယ်ယူလိုပါသည်။

| စဉ် | ယာဉ်အမည် | အရေအတွက် | အမျိုးအစား |
|---|---|---|---|
| (က) | လမ်းကြိတ်စက် | ၂ စီး | 3 Wheel(8)ton, (10)ton |
| (ခ) | Wheel Back Hoe Loader | ၁ စီး | 7.5 Ton |
| (ဂ) | ရေသယ်ယာဉ် | ၁ စီး | ၁၂၀၀ ဂါလန် |
| (ဃ) | အမှိုက်သိမ်းယာဉ်(Truck) | ၂ စီး | 115 HP/ 10 ton |
| (င) | ထော်လာဂျီ(အသေး) | ၅ စီး | |
| (စ) | လမ်းပေါက်ဖာစက် | ၅၀ လုံး | |
| (ဆ) | ခြင်းဆေးဖျန်းစက် | ၄၀ လုံး | Outdoor |
| (ဇ) | ကျောပိုးမြက်ဖြတ်စက် | ၅၀ လုံး | 3 Way Cutter(Thailand) |
| (ဈ) | ကျောက်ခွဲစက် | ၁ လုံး | ဇကာစင်ပါ |

၂။ ယာဉ်/စက်ယန္တရားများ၊ စက်ပစ္စည်းများ၏ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများသည် လျှောက်လွှာနှင့်အတူ ယာဉ်/စက်ယန္တရားများ၊ စက်ပစ္စည်းများ ထုတ်လုပ်သည့်နိုင်ငံ၊ အမည်၊ ဈေးနှုန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ တရားဝင်တင်သွင်းခွင့်ပြုပြီး သွင်းကုန်ပစ္စည်းခွန် (Custom Duty)ပေးဆောင်ပြီးကြောင်း ထောက်ခံချက်၊ ယာဉ်/စက်ယန္တရားများ၊ စက်ပစ္စည်းများဆိုင်ရာ အသေးစိတ်အချက်အလက်များ၊ ပုံစံများ၊ ကုမ္ပဏီ Profile များ၊ ယာဉ်များအတွက် လိုင်စင်အထောက်အထားများနှင့်အတူ လျှောက်ထားနိုင်ပါသည်-

၃။ အိတ်ဖွင့်တင်ဒါများအား အောက်ပါအတိုင်း တင်သွင်းနိုင်ပါသည်-

(က) တင်ဒါလျှောက်လွှာရယူနိုင်မည့်

**နေ့ရက်** - ၈-၂-၂၀၁၆ ရက် (တနင်္လာနေ့)

**အချိန်၊နာရီ** - နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအထိ

**နေရာ** - ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့

(ခ) တင်ဒါလျှောက်လွှာတင်သွင်းရမည့်

**နေ့ရက်** - ၁၅-၂-၂၀၁၆ ရက်(တနင်္လာနေ့)

**အချိန်၊နာရီ** - နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအထိ

**နေရာ** - ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့

ယာဉ်/စက်ယန္တရားများ၊ စက်ပစ္စည်းများ ဈေးနှုန်းပေးချေခြင်းနှင့်ပတ်သက်၍ ကုန်သွယ်လုပ်ငန်းခွန် (၅% )ပေးဆောင်ထားခြင်းမရှိပါက ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးချေရမည့် (with Holding Tax) (၂%) နှင့် ကုန်သွယ်လုပ်ငန်းခွန် (၅%) နှစ်ရပ်ပေါင်းအား ခုနှိမ်ပြီး ကျန်ငွေအား အရစ်ကျပေးချေမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဖုန်း-၀၈၁-၂၁၂၃၉၁၅နှင့် အိတ်ဖွင့်တင်ဒါတင်သွင်းသူ ကိုယ်တိုင် ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ တောင်ကြီးမြို့တွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ(၁၇)၊ လမ်း(၄၀)၊ အိမ်အမှတ်(၁၁၉၁)နေအိမ်တွင် မိသားစုအိမ်တွင်းရေးပြဿနာအနည်းငယ်ဖြစ်နေပါသည်။ ဤနေအိမ်နှင့်ပတ်သက်၍ ရောင်းဝယ်လိုသည် ဖြစ်စေ၊ အမွေခွဲဝေလိုသည်ဖြစ်စေ၊ ငှားရမ်းလိုသည်ဖြစ်စေ ကိစ္စအဝဝကို ပြုလုပ်လိုပါကမွေးမဖြစ်သူ ဒေါ်ရန်ရှင်းယောက်နှင့်အသိပေး တိုင်ပင်နိုင်သည်။

အသိမပေးဘဲ ၎င်းနေအိမ်အား ရောင်းဝယ်ခြင်းဖြစ်စေ၊ အမွေခွဲဝေခြင်းဖြစ်စေ၊ ငှားရမ်းခြင်းဖြစ်စေ ပြုလုပ်ခဲ့လျှင် ပြုလုပ်ခဲ့သူအား ဥပဒေအရ တရားစွဲအရေးယူပါမည်။ ၎င်းနေအိမ်အတွင်းသို့ ကျွန်မ ဒေါ်ရန်ရှင်းယောက်နှင့်အတူ အိမ်ထောင်စုစာရင်းဝင်သူများသာ နေထိုင်ခွင့်ပြုမည်ဖြစ်ပြီး အိမ်ထောင်စုစာရင်းတွင်မပါဝင်သူများအား နေထိုင်ခွင့်ပြုမည်မဟုတ်ပါ။

**ဒေါ်ရန်ရှင်းယောက် ၁၃/လရန(နိုင်)၀၅၃၁၈၆**
**ဖုန်း-၀၉-၂၂၂၅၈၃၈၊ ၀၉-၉၇၄၁၉၁၁၅၁**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ ဝမ်းတွင်း(၁)ရပ်ကွက်အတွင်းရှိ ကွင်းအမှတ် ၁၅၈၂/၂၁၀၉ပျော်ဘွယ်ရွာမကွင်း၊ ဦးပိုင်အမှတ် ၁၄/၆၊ မြေကွက်အမှတ် (၈၆/၄၈၂)၊ ဧရိယာ ၀ဒသမ၁၂၈ဧက အကျယ်ရှိမြေကွက်အား မူလပိုင်ဆိုင်နေထိုင်သူ ဦးမြင့်အောင် ၉/ဝတန(နိုင်) ၀၁၁၃၃၃နှင့် ဒေါ်လှသန်း ၉/ဝတန(နိုင်) ၀၁၁၃၄၁တို့ထံမှ ဝမ်းတွင်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၁၅-၁-၂၀၁၂ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် (၁၄/၂၀၁၂)ဖြင့် ကျွန်တော် ဦးပြည့်ဖြိုးဆန်း ၉/ဝတန(နိုင်)၁၄၅၇၁၆ မှ ဝယ်ယူပိုင်ဆိုင် နေထိုင်ခဲ့ရာတွင် အရောင်းအဝယ်စာချုပ်မူရင်းသည် ပျောက်ဆုံးသွားသဖြင့် စာချုပ်မိတ္တူမှန် ပြန်လည်ထုတ်ယူ၍ မြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဝမ်းတွင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက မြေငှားဂရန် လျှောက်ထားခြင်းဆိုင်ရာကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ဦးပြည့်ဖြိုးဆန်း**

## အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းနှင့် ပညာရေးဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ ဦးရှိန်ဝင်း၏ (**Tet Lann** Concrete Co., Ltd.) အား SGS United Kingdom Ltd Systems & Services Certification မှ ISO 9001: 2008 လက်မှတ် ချီးမြှင့်ခံရခြင်းအတွက် ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းမှ အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းနှင့် ရွှေပါရမီ ပညာရေးဖောင်ဒေးရှင်း

## အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဆောက်လုပ်မည့်အဆောက်အအုံများအတွက် မြေသားစမ်းသပ်မှု(Soil Test) လုပ်ငန်းဆောင်ရွက်ရာတွင်မြေသား စမ်းသပ်ခြင်းနှင့်ပတ်သက်၍ ပိုမိုတိကျသောရလဒ်များ ရရှိလာစေပြီး တင်ပြချက်များအပေါ်တွင် တာဝန်ယူ၊ တာဝန်ခံမှုရှိစေရန်အတွက် အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့မှ ထောက်ခံချက်ပေးထားသည့် မြေသားစမ်းသပ်မှုလုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီ ၁၆ ခုအား လိုင်စင်ထုတ်ပေးထားပြီးဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | Mya Yar Pin Engineering & Consulting Group | အမှတ်(၂)၊ မြောင်းမြလမ်း၊ စမ်းချောင်းမြို့နယ်၊ ဖုန်း-၀၁-၅၂၄၁၆၃၊ ၀၁-၅၂၃၈၅၅၊ ၀၉-၇၃၂၁၆၉၆၉၊ ၀၉-၈၅၉၈၇၉၅ |
| (ခ) | CECC (Civil Engineer's Construction Co.Operative Limited.) | အမှတ် ၅၈/၆၄၊ ထီးတန်းအိမ်ရာ၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဖုန်း-၀၉-၅၄၀၄၅၇၂၊ ၀၁-၂၂၀၉၆၂၊ ၀၁-၂၂၂၆၄၉ |
| (ဂ) | UNO Consultant Geotechnical Engineering Group | တိုက်(၃)၊ ဝေဇယန္တာရာရိပ်သာ(၁)လမ်း၊ လမ်းသွယ်(၁)၊ မိချောင်းကန်အပိုင်း(၁)၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၅၁၁၂၅၅၇၊ ၀၁-၅၇၃၀၁၉၊ ၀၁-၅၆၅၂၄၉ |
| (ဃ) | Tek Bumi Co.,Ltd. | အမှတ်(၂၁၂/၂၁၅)၊ Ground Floor စံပယ်မာဃလမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ဖုန်း-၀၁-၅၁၂၆၉၅၊ ၀၁-၅၁၁၅၁၉ |
| (င) | Geo-Friends Engineering & Construction Co.,Ltd. | အမှတ် ၁၁၃၆/A+B၊ သုမင်္ဂလာလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၁-၅၆၁၄၃၁၊ ၀၉-၄၂၀၁၀၇၇၅၇၊ ၀၉-၄၂၀၁၀၇၇၆၇ |
| (စ) | AMT Geotechnical Engineering Group | အမှတ် ၉၃၊ မြေညီ၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၀၁-၂၂၇၀၁၈ |
| (ဆ) | Geotechnics Myanmar Company Limited | ပထမထပ်၊ စံပြရန်ကင်းဈေး၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၉-၄၄၈၀၀၇၁၁၉ |
| (ဇ) | JGS (Japan Geological Survey Laboratory Services Co.,Ltd.) | အမှတ် ၆-C၊ ဘုရင့်နောင်လမ်း၊ ပင်လုံအိမ်ရာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဖုန်း-၀၉-၃၁၁၁၉၇၂၈၊ ၀၉-၉၇၅၈၀၂၂၂၆၊ ၀၉-၉၇၅၈၀၂၂၂၇၊ ၀၉-၉၇၅၈၀၂၂၂၈၊ ၀၉-၄၂၁၁၁၉၉၉၀ |
| (ဈ) | Fukken Co.,Ltd. | အမှတ် ၁၃၁၊ ပင်လုံ ၃ လမ်း၊ (၂၇/၄)ရပ်ကွက်၊ ရွှေပင်လုံအိမ်ရာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၁-၈၀၁၀၈၉၆၊ ၀၉-၄၂၀၀၈၉၇၆၂၊ ၀၉-၄၂၁၀၉၆၀၇၈ |
| (ည) | SUNTAC TECHNOLOGIES | အခန်း ၇၊ တိုက် ၅၊ Myanmar ICT Park၊ လှိုင်မြို့နယ်၊ ဖုန်း-၀၁-၆၅၂၂၄၅၊ ၀၁-၆၅၂၂၄၆၊ ၀၁-၆၅၂၃၁၀၊ ၀၁-၆၅၂၃၁၂၊ ၀၁-၅၀၇၁၅၀ |
| (ဋ) | Future Force Engineering Co.,Ltd. | အမှတ် ၁၅၅၊ ရာဇာဓိရာဇ်လမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၅၀၄၇၈၁၅ |
| (ဌ) | Electrum Public Co.,Ltd. | အမှတ် ၅၉၊ သီရိမင်္ဂလာလမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၄၃၁၅၇၂၉၅ |
| (ဍ) | Energy World Co.,Ltd. | အမှတ် ၁၅၁၊ ၃ လွှာ၊ ၄၆လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၀၉-၄၂၀၁၂၂၂၂၆၊ ၀၉-၂၅၄၉၇၂၃၀၀၊ ၀၉-၂၅၄၉၇၂၄၀၀၊၀၉-၂၅၄၉၇၂၅၀၀ |
| (ဎ) | STRATA Geotechnical Investigation Co.,Ltd. | အမှတ် ၂၂၊ ၁၆၆လမ်း၊ တာမွေမြို့နယ်၊ ဖုန်း-၀၉-၄၅၀၀၂၅၃၃၅၊ ၀၉-၄၉၂၀၅၉၆၂၊ ၀၁-၅၄၃၀၆၃ |
| (ဏ) | International Integrated Services (Geol Mark Co.,Ltd.) | အမှတ် ၃၅၊ အောင်ဇေယျလမ်း၊ စက်မှုဇုန် ၇၊ လှိုင်သာယာမြို့နယ်၊ ဖုန်း-၀၉-၄၉၅၇၁၁၂၇၊ ၀၉-၅၁၀၆၇၂၃ |
| (တ) | GEOLAB (MYANMAR) Co.,Ltd. | အမှတ် ၄၁၄၊ အောင်သစ္စာလမ်း၊ U-10၊ (၄၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၈၆၁၁၄၀၆၊ ၀၉-၅၀၀၃၂၈၁ |

၂။ ၁-၁၀-၂၀၁၅ ရက်မှစ၍ အဆောက်အအုံဆောက်လုပ်ခွင့်တင်ပြရာတွင် တင်ပြရမည့် Soil Report များကို အထက်ဖော်ပြပါ ဤကော်မတီအသိအမှတ်ပြု မြေသားစမ်းသပ်မှုလုပ်ငန်း လိုင်စင်ရယူထားသည့် ကုမ္ပဏီများ၏ Soil Report များကိုသာ လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အထပ်မြင့်အဆောက်အအုံ ဆောက်လုပ်ခွင့် တင်ပြမည့်သူများသိရှိနိုင်ပါရန်နှင့် မြေသားစမ်းသပ်မှုလုပ်ငန်း လိုင်စင် (Soil Test Licence)လျှောက်ထားလိုသည့် မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီများမှ အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့၏ ထောက်ခံချက်ပူးတွဲတင်ပြ၍ လျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ (၁၀)ထပ်ရုံးသို့ ရုံးချိန်အတွင်း လာရောက်၍ ကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၀၁-၃၇၄၀၇၇၊ ၀၁-၃၇၄၀၅၅တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 71/5321၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## အမည်ပြောင်းခြင်း

ဦးစိုးသန်း၏ သမီး မသက်အေးစိုး ၁၄/ဟသတ(နိုင်) ၁၉၅၈၄၉အား ယနေ့မှစ၍ မအေးအေးသက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအေးအေးသက်**

## အမည်ပြောင်း

လားရှိုးမြို့၊ မူလွန် (၂၁)မှ ပထမတန်းကျောင်းသား မောင်ဥက္ကာဖြိုး(က၀-၂၅၂၆) အား ယနေ့မှစ၍ မောင်ထက်နိုင်ဇော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## တစ်ဦးတည်းဖြစ်ကြောင်း

လားရှိုးမြို့၊ အမှတ်(၉) အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ဆဋ္ဌမတန်း၊ ကျောင်းဝင်အမှတ် (၈၄၃)မှ မောင်ကျော်သီဟ၏ ဖခင်အမည်မှန်မှာ ဦးလီကျိုန်ဂူး(ခ) ဦးလီချောင်ရှမ်း (KLG-055404) မှာ တစ်ဦးတည်းဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးလီကျိုန်ဂူး(ခ) ဦးလီချောင်ရှမ်း KLG-055404**

## ဖခင်အမည်မှန်

မဘိမ်းမြို့၊ အထက သတ္တမတန်း(A)မှ မဇွန်ဇွန်မိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးမြင့်အေး ၁၃/မဘန(နိုင်) ၀၀၁၀၅၅ ဖြစ်ပါသည်။ **ဦးစိုးမြင့်အေး**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့နယ်၊ ဆားတောင်ရွာ၊ အခြေခံပညာအထက်တန်းကျောင်း၊ တတိယတန်းမှ မောင်ရန်နိုင်လင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်ဦး ၅/စကန(နိုင်) ၁၇၆၈၉၅ ဖြစ်ပါသည်။ **ဦးဇော်ဦး**

## ဖခင်အမည်မှန်

ရွှေဘိုမြို့နယ်၊ အထက(ဆိပ်ခွန်)၊ နဝမတန်း(ခ)မှ မောင်လှိုင်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်နိုင် ၅/ရဘန(နိုင်) ၀၉၅၅၃၀ ဖြစ်ပါသည်။

**ဦးဇော်နိုင်**

## ဖခင်အမည်မှန်

ရွှေဘိုမြို့နယ်၊ အထက(ဆိပ်ခွန်)၊ နဝမတန်း(ခ)မှ မနန်းအိခိုင်၏ ဖခင် အမည်မှန်မှာ ဦးစိုးမိုးလှိုင် ၅/ရဘန(နိုင်)၁၈၈၃၇၉ ဖြစ်ပါသည်။

**ဦးစိုးမိုးလှိုင်**

## ဖခင်အမည်မှန်

ရွှေဘိုမြို့နယ်၊ အထက(ဆိပ်ခွန်)၊ နဝမတန်း(ခ)မှ မောင်ကောင်းမြတ်စိုး၏ ဖခင်အမည်မှန်မှာ ဦးဆွေငြိမ်း ၅/ရဘန(နိုင်) ၀၇၆၄၁၀ဖြစ်ပါသည်။

**ဦးဆွေငြိမ်း**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ဇီးကုန်းအထက တက္ကသိုလ်ဝင်တန်း(C)မှ မနွေးနွေးငြိမ်း၏ ဖခင်အမည်မှန်မှာဦးဝင်းမင်းဦး ၅/ကဘလ (နိုင်) ၁၁၆၉၀၅ ဖြစ်ပါသည်။

**ဦးဝင်းမင်းဦး**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း ပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်သော်ဒီစိုး၏ ဖခင်အမည်မှန်မှာ ဦးမျိုးတင့်နိုင် ၅/ကဘလ(နိုင်) ၁၀၅၈၁၇ ဖြစ်ပါသည်။ **ဦးမျိုးတင့်နိုင်**

## အမည်မှန်

ဦးမောင်တင့်၏ သမီး၊ ကန့်ဘလူမြို့နယ်၊ ဇီးကုန်းအထက တက္ကသိုလ်ဝင်တန်း (H)မှ မခိုင်သဇင်မိုး၏ အမည်မှန်မှာ မခိုင်သဇင် ၅/ကဘလ(နိုင်) ၂၀၉၃၂၈ဖြစ်ပါသည်။ **မခိုင်သဇင်**

